ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၇၅ ခုနှစ် ၊ တော်သလင်းလဆန်း (၁) ရက် ၊ သောကြာနေ့ ၊ (15-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၃၈)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေ၊ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အာဆီယံလေတပ်ဦးစီးချုပ်များကို လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အာဆီယံလေတပ်ဦးစီးချုပ်များကို လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညောခန်းမဆောင်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၂၀) မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ ညီလာခံ 20th AACC သို့ တက်ရောက်ခဲ့သည့် အာဆီယံလေတပ်ဦးစီးချုပ်များကို လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရူနိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Brigadier General (u) Dato Seri Pahlawan Mohammad Sharif Bin Dato Paduka Haji Ibrahim၊ ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် General Soeung SAMNANG၊ လာအိုနိုင်ငံလေတပ်ဦးစီးချုပ် Brigadier General Khamlek SENGPH ACHANH၊ ထိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot၊

စာမျက်နှာ ၁၆ ကော်လံ ၁ ၂၃

ရတနာပုံ
၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်
အယ်ဒီတာအာဘော်

စည်းလုံးညီညွတ်မှုအားဖြင့် အနာဂတ်လုပ်ငန်းများကိုဖော်ဆောင်

လောကတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကာလအပိုင်းအခြား သုံးပိုင်းရှိသည်။ တန်ဖိုးအရှိဆုံးနှင့်အသုံးချ၍ အကောင်းဆုံးကာလသည် ပစ္စုပ္ပန်ကာလဟု ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်းအသိပင်ဖြစ်သည်။ အတိတ်သည်ပြီးဆုံးသွားပြီဖြစ်၍ ပစ္စုပ္ပန်သည် လက်တွေ့အကျိုးကို အကောင်အထည်ဖော်နိုင်သောကာလဖြစ်သည်။ အနာဂတ်သည်လည်း မျှော်မှန်းနေရသော ကာလအပိုင်းအခြားဖြစ်သည်။

ပစ္စုပ္ပန်ကာလဟူသည် လူတစ်ဦးချင်း၏၊ အစုအဖွဲ့လိုက်နှင့် ကျေးလက်တောရွာ၊ မြို့ပြများပါမကျန် လူသားတိုင်းအတွက် ပကတိတန်ဖိုးအပြည့်ရှိသော အချိန်ကာလဟု သတ်မှတ်နိုင်သည်။ ပစ္စုပ္ပန်ကာလ၌ အချိန်တိုင်း၊ အချိန်တိုင်းသည် လူသားတိုင်း၏ အခြေခံလိုအပ်ချက်ဖြစ်သော စား၊ ဝတ်၊ နေရေးအတွက် စွမ်းဆောင်နေကြရသည်။ ဤအချက်သုံးချက်ပြည့်စုံနေမှသာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့အတွက် စွမ်းဆောင်နိုင်ကြမည်ဖြစ်ပေသည်။

ထို့ပြင် မြတ်စွာဘုရားက စုစည်းမှု၊ ညီညွတ်မှု၊ ပူးပေါင်းမှု တစ်နည်းအားဖြင့် စည်းလုံးညီညွတ်မှုဖြင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ကြရန်အတွက် ရဟန်းသံဃာတော်များကို သာသနာတော်အဆုံးအမတွင် မြွက်ကြားထားသည်။ စည်းလုံးညီညွတ်မှုအားဖြင့် အရာရာကို ပူးပေါင်းဆောင်ရွက်လျှင် အချိန်တိုအတွင်း ပြီးမြောက်အောင်မြင်နိုင်သည်ကို ညွှန်ပြထားခြင်းဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံသည် ပစ္စုပ္ပန်ကာလတွင် စည်းလုံးညီညွတ်မှုသဘောဝင်လျက် အတွေးအမြင်ကောင်းများရှိပါက ရက်၊ လ၊ နှစ် အနည်းငယ်အတွင်း ပစ္စုပ္ပန်စွမ်းဆောင်ရည်အမြင့်မားဆုံးသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ထိုသို့ရောက်ရှိနိုင်ရန်အတွက် လူသားတိုင်း နားလည်ပြီးဖြစ်သော စည်းလုံးညီညွတ်မှုအားကို ရယူဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ မျှော်မှန်းထားသောအရာရာကို ပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အကျိုးစီးပွားသက်သက်ကိုအခြေခံလျက် နိုင်ငံတော်အစိုးရ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အစိုးရအဖွဲ့များက အနာဂတ်နိုင်ငံတော်အတွက် ယန္တရားတစ်ရပ်ထူထောင် မောင်းနှင်လျက်ရှိသည်။ ထိုသို့ထူထောင်ရာ၌ မျက်မှောက်ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် ပြည်သူ့ကိုအလေးထား၊ ပြည်သူ့ဆန္ဒကို ရှေ့တန်းတင်၊ ပြည်သူ့အကြိုက်ကို သိရှိနားလည်ထားသည့်အတိုင်း နယ်စပ်နှင့်တောင်ပေါ်ဒေသ၊ ကျေးလက်နှင့် မြို့ပြများရှိ ပြည်သူများ၏ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အတိတ်၏ခါးသီးမှုသည် သင်ခန်းစာကောင်းဟူ၍ မှတ်ယူကာ ပစ္စုပ္ပန်ကာလတွင် အခြေခံဥာဏ်ရည်၊ ဉာဏ်သွေးကောင်းများ၊ အရည်အသွေးကောင်းများ၊ အတွေးအမြင်ကောင်းများကို အသုံးပြုပြီး စည်းလုံးညီညွတ်မှုအားဖြင့် အနာဂတ်လုပ်ငန်းများကို အကောင်အထည်ဖော်လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ပြည်ပဝယ်ယူမှုကြောင့် မန္တလေးစျေးကွက်အတွင်း ပဲစင်းငုံများ စျေးကောင်းရရှိနေ

မန္တလေး စက်တင်ဘာ ၁၄

ပြည်ပဝယ်ယူမှုကြောင့် မန္တလေးစျေးကွက်အတွင်း ပဲစင်းငုံများ စျေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေးစျေးကွက်အတွင်း ပဲစင်းငုံများ ဝင်ရောက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် နှစ် ကာလတူက ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင်ဌေးကျပ် ၁၇၅၀၀၀ သာရှိခဲ့ပြီး ယခုလက်ရှိတွင် စျေးနှုန်းအနေဖြင့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ဌေးကျပ် ၃၈၅၀၀၀ ဖြင့် စျေးကောင်းရရှိနေကြောင်း သိရသည်။

"ပဲစင်းငုံကို မြန်မာလူမျိုးတွေက စားသုံးမှုနည်းပါတယ်။ အဓိကကတော့ အိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ကြိုက်နှစ်သက်ပြီး ဝယ်ယူကြပါတယ်။ ထွက်ရှိတဲ့ ပဲစင်းငုံ ရာနှုန်းပြည့်ကို ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ် တင်ပို့ရပါတယ်။ စျေးကွက်ကလဲ အခိုင်အမာရရှိပြီးသားပါ။ အခုနှစ်မှာ အိန္ဒိယနိုင်ငံအနေနဲ့ ပဲစင်းငုံ လိုအပ်ချက်တွေ များနေတာကြောင့် စျေးကောင်းပေးဝယ်နေတာဖြစ်ပါတယ်။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ်ပါဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန် နိုင်ငံတွေကလဲ နှစ်စဉ် ပုံမှန်ဝယ်ယူနေကြပါတယ်။ အဓိက ဖောက်သည်ကတော့ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ဒီအချိန်မှာ စျေးတွေမြင့်တက်လာတာပါ။ ပဲစင်းငုံကို ဆောင်းသီးနှံအနေနဲ့ တစ်ရာသီသာ စိုက်ပျိုးကြပါတယ်။ မန္တလေးစျေးကွက်ထဲမှာ ပဲစင်းငုံတွေ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

ပဲစင်းငုံတွင် ပဲစဉ်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကျားဟူ၍ အမျိုးအစား သုံးမျိုးရှိကြောင်း၊ ပဲစင်းငုံကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ပန်းမော်နှင့် အခြားမြို့များသို့ စက်တင်ဘာလဒုတိယပတ်အတွင်း ကုန်စည်တင်ပို့သည့်ရေယာဉ် ၄၇ စီးရှိ

မန္တလေး စက်တင်ဘာ ၁၄

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်နှင့် အခြားမြို့များသို့ စက်တင်ဘာလ ဒုတိယပတ်အတွင်း ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၄၇ စီးရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်နှင့်အခြားမြို့များသို့စက်တင်ဘာလဒုတိယပတ်အတွင်း ပြောင်း၊ သင်္ကြား၊ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ဆား စသည့်ကုန်စည်များ တင်ပို့သည့်ကုန်တင်ရေယာဉ် ၄၇ စီးရှိခဲ့ကြောင်း သိရသည်။

"အခုတစ်လော မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ပြီးများပြားလာတယ်။ လတ်တလောကတော့ ဘိလပ်မြေ၊ ကျောက်စရစ်၊ ဆား စတဲ့ကုန်စည်တွေက ရရှိမှုအများဆုံးဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိ တင်ပို့ရမည့်ကုန်စည် များပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင် ကုန်စည်များကို သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုများမပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေယာဉ်၏အရွယ်အစားနှင့်မချိန်ဘဲ ကုန်စည်များကို တင်ဆောင်၍ သွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်သောကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သောကြောင့် မန္တလေးဆိပ်ကမ်းမှ သွားလာကြမည့် ရေယာဉ်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြု သွားလာကြရန် လိုအပ်ကြောင်း သိရသည်။ (၁၈၄)

မန္တလေး ဆိုင်ကယ်စျေးကွက်၊ ကားစျေးကွက်

မန္တလေး စက်တင်ဘာ ၁၄

မန္တလေး ဆိုင်ကယ်စျေးကွက်တွင် ဆိုင်ကယ်အသစ်တင်သွင်းမှုလျော့ကျလာသဖြင့် တင်သွင်းပြီးသား အသစ်ဘီးများနှင့် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ်ပြုလုပ်နေရကြောင်း ဆိုင်ကယ်စျေးကွက်အတွင်းမှ သိရသည်။

ဆိုင်ကယ် စျေးနှုန်းများအနေဖြင့် နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း) ဒလက်ဘီးများမှာ ဌေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ဌေကျပ် သိန်း ၂၀ မှ ၂၅ သိန်းခန့်၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ဌေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ဌေကျပ် ၁၆ သိန်းမှ ၂၁ သိန်းခန့် စျေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ဌေကျပ် ၁၇ သိန်း၊ Click (စပုတ်)မှာ ဌေကျပ် ၁၄ သိန်း ၅ သောင်းခန့်၊ Scoopy i အမျိုးအစားဘီးများမှာ ဌေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ဌေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ဌေကျပ် ၈ သိန်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ဌေကျပ် ၁၈ သိန်းမှ ၂၃ သိန်း ၅ သောင်းရှိနေကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကို ဝင်းထံမှ သိရသည်။

မန္တလေး ကားစျေးကွက်အတွင်း နယ်ဝယ်လက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ် ပြန်လည်အေးသွားသော်လည်း နံပါတ်ထွက်ပြီးသား ဂျပန်တစ်ပတ်ရစ် ညာမောင်းကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ကားစျေးကွက်အတွင်းမှ သိရသည်။

ယခုအခါ နံပါတ်ထွက်ပြီးသား ဂျပန်ညာမောင်း တစ်ပတ်ရစ်ကားများ၌ ဟွန်ဒါဖစ်နှင့် ကလူဂါကားများ စျေးကွက်ကို ဦးဆောင်နေပြီး ပန်းရောင်၊ ခရမ်းရောင်၊ ရေပြာ၊ ရွှေ၊ ခဲရောင်ကဲ့သို့ ရောင်စုံကားများ ရရှိနိုင်ကြောင်း ကားရောင်းဝယ်ရေးကုမ္ပဏီ ဦးမင်းမင်းထွန်းက ပြောပြ၍ သိရသည်။

"ကျွန်တော်တို့ ရောင်းတဲ့ကားတွေ ကောင်းတယ်ဆိုတာ ကားတွေ ကြာကြာခံတယ်ဆိုတာ ကားပိုင်ရှင်တွေ ကိုယ်တိုင်ပြောတာ ကြားရတယ်။ ကားတွေ ကောင်းတယ်ဆိုတော့ ကားတွေ ရောင်းရတာ ပိုပြီးလွယ်ကူတယ်။ ကားတွေ ကောင်းတယ်ဆိုတော့ ကားတွေ ကြာကြာခံတယ်ဆိုတော့ ကားတွေ ပြန်ရောင်းတဲ့ အခါမှာ ပိုပြီးတန်ဖိုးရှိတယ်" ဟု ဦးမင်းမင်းထွန်းက ပြောပြ၍ သိရသည်။

ကားရောင်းဝယ်ရေးကုမ္ပဏီ ဦးမင်းမင်းထွန်းက ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ကားတန်ဖိုးနည်းနည်းလေးမှ ရောင်းချနိုင်ရန် ကားတန်ဖိုးနည်းနည်းလေးမှ ကားတွေ ဝယ်ယူကြတယ်ဆိုတော့ ကားတွေ ကြာကြာခံတယ်ဆိုတော့ ကားတွေ ပြန်ရောင်းတဲ့ အခါမှာ ပိုပြီးတန်ဖိုးရှိတယ်" ဟု ဦးမင်းမင်းထွန်းက ပြောပြ၍ သိရသည်။

ကားရောင်းဝယ်ရေးကုမ္ပဏီ ဦးမင်းမင်းထွန်းက ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ကားတန်ဖိုးနည်းနည်းလေးမှ ကားတွေ ဝယ်ယူကြတယ်ဆိုတော့ ကားတွေ ကြာကြာခံတယ်ဆိုတော့ ကားတွေ ပြန်ရောင်းတဲ့ အခါမှာ ပိုပြီးတန်ဖိုးရှိတယ်" ဟု ဦးမင်းမင်းထွန်းက ပြောပြ၍ သိရသည်။

ကားရောင်းဝယ်ရေးကုမ္ပဏီ ဦးမင်းမင်းထွန်းက ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ကားတန်ဖိုးနည်းနည်းလေးမှ ကားတွေ ဝယ်ယူကြတယ်ဆိုတော့ ကားတွေ ကြာကြာခံတယ်ဆိုတော့ ကားတွေ ပြန်ရောင်းတဲ့ အခါမှာ ပိုပြီးတန်ဖိုးရှိတယ်" ဟု ဦးမင်းမင်းထွန်းက ပြောပြ၍ သိရသည်။

ကားရောင်းဝယ်ရေးကုမ္ပဏီ ဦးမင်းမင်းထွန်းက ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ကားတန်ဖိုးနည်းနည်းလေးမှ ကားတွေ ဝယ်ယူကြတယ်ဆိုတော့ ကားတွေ ကြာကြာခံတယ်ဆိုတော့ ကားတွေ ပြန်ရောင်းတဲ့ အခါမှာ ပိုပြီးတန်ဖိုးရှိတယ်" ဟု ဦးမင်းမင်းထွန်းက ပြောပြ၍ သိရသည်။

ထုတ်ဝေဌာန်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၀၁၀၉-၄၅၅စ၉၃၃၃၀၀၊ကြေးခြေ-စ၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆ဖ၆ဖ၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃ဖ၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံတားနှစ်မြို့နယ်၊ အိုးရာစောလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မင်းလှမြို့နယ် ကဒေါင်းစောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မင်းလှ စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကဒေါင်းစောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့်အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် အတူ ကဒေါင်းစောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများအားလုံး ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းလှမြို့နယ် ကဒေါင်းစောက်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများကလည်းကောင်း၊ ၉ ဒသမ ၉ ကီလိုဝပ်ရှိ ဆိုလာရေတင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၂ သန်းဖြင့် Pro Engineering ကုမ္ပဏီကလည်းကောင်း ယခုနှစ် ဇွန် ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၃ ရက်ထိ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။ **ကိုညီ**

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးမြစ်-ဒေါ်လှလှ (မြလှကျောက်မျက်ရတနာရောင်းဝယ်ရေး)မိသားစုတို့က မိဘနစ်ပါးနှင့် ကျေးဇူးရှင်များအားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင် အတွက် အလှူငွေကျပ် ၄၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူးဦးသန့်စင်တို့က လက်ခံရယူစဉ်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၊ နှမ်း၊ ပြောင်း ၁၅၉၉ ဧက စိုက်ပျိုးပြီးစီး

ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ငပုတော စက်တင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၊ နှမ်း၊ ပြောင်း မိုးသီးနှံသုံးမျိုး ၁၅၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံသုံးမျိုးဖြစ်သည့် မြေပဲဧက ၇၁၀၊ နှမ်း ၁၃၃ ဧက၊ ပြောင်း ၇၅၆ ဧက စုစုပေါင်း ၁၅၉၉ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ သီးနှံသုံးမျိုး ၁၅၉၉ ဧကစိုက်ပျိုးခဲ့ပါတယ်။ မိုးသီးနှံ သုံးမျိုးအခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့၊ နည်းပညာနဲ့ စိုက်ပျိုးရေးညွှန်ကြားချက်တွေကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး စိုက်ပျိုးပြီး သီးနှံတွေအထွက်နှုန်းကောင်းစေဖို့၊ အရည်အသွေးကောင်းစေဖို့ ပိုးမွှားအန္တရာယ်နဲ့ တခြားသဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှု မရှိစေဖို့လဲ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သည့်သီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည်များကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံများ အထွက်နှုန်းတိုးစေရန် ဓာတ်မြေသြဇာကို အကျိုးရှိရှိသုံးစွဲနည်းများ၊ သဘာဝပိုးသတ်ဆေးသုံးစွဲနည်းများကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

တံတားဦး စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားခြင်းဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျော့ကျနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အုတ်ကျွတ်ဖိုကျေးရွာမှောရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ ရှင်းလင်းခြင်း၊ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရသည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်များ၊ ရပိုင်ခွင့်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် အုတ်ကျွတ်ဖိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို ကျေးရွာသူ၊ ကျေးရွာသားများက ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ပြန်လည်ဖွဲ့စည်းပြီး Digital Mobile Financial Pyament စနစ်ဖြင့် အသင်းသား၊ အသင်းသူ ၁၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဌမအကြိမ် ပြန်လည်ထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

မြင်းခြံမြို့နယ် တောင်ပိုသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဋ္ဌမအကြိမ်ထုတ်ချေး

မြင်းခြံ စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ပိုသာကျေးရွာရှိကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်ခွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တောင်ပိုသာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် တောင်ပိုသာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဗျိုသန်းညွှန့်

မချိမျက်ရည် ပီတိမျက်ရည် မိကျောင်းမျက်ရည်

မောင်ခြိမ်းသူ(ကြို့ပင်ကောက်)

လူလောကသဘာဝအရ လူတိုင်းမျက်ရည်ကျဖူးကြသည်။ မိခင်ဝမ်းကြောတိုက်အတွင်းမှ လူလောကသို့ စတင်၍ရောက်လျှင်ရောက်ချင်း **"အူဝဲ အူဝဲ"** ဟူသော ငိုကြွေးသံဖြင့် မျက်ရည်များကျလေ့ရှိကြသည်။ **"မြန်မာအဘိဓာန်"**တွင် **"မျက်ရည်"**ကို **"ဓိတ်ထိခိုက်လှုပ်ရှားသည့်အစါ မျက်လုံးအိမ်ထဲမှဓိမ့်ထွက်လာသောအရည်"**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

စိတ်ထိခိုက်လှုပ်ရှားသည့်အခါ ကျသည့်မျက်ရည်များထဲတွင် ဝမ်းမြောက်ဝမ်းသာပီတိဖြာကာ ကြည်နူးပီတိဖြင့် ကျသည့်မျက်ရည်ကို **"ပီတိမျက်ရည်"**ဟု ခေါ်ဆိုကြပြီး ဝမ်းနည်းကြေကွဲလွန်းသဖြင့် မချိတင်ကဲခံစားရကာ စာနာစိတ်ကြောင့် ကျသည့်မျက်ရည်ကို **"မချိမျက်ရည်"**ဟု ခေါ်ဆိုခဲ့ကြသည်။ ပီတိမျက်ရည်အမျိုးမျိုးရှိကြသည့်နည်းတူ မချိမျက်ရည်အမျိုးမျိုးလည်းရှိကြသည်။ နာကြည်းမှု၊ ခံပြင်းမှု၊ အားမတန်၍ မာန်လျှော့ရမှု၊ အမုန်းအာယာတ၊ အပြိုးအတေးများကြောင့်ကျသောမျက်ရည်များကိုလည်း **"မချိမျက်ရည်"** ဟု ခေါ်ဆိုကြသည်။ ယခုစာရေးသူ မျှဝေပေးလိုသော **"မချိမျက်ရည်"**မှာ စာနာစိတ်ကြောင့်ကျသည့် **"မချိမျက်ရည်"**ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါကြောင့် သေဘေး၊ နာဘေး၊ ဒုက္ခပေါင်းစုံကြုံတွေ့ခဲ့ကြရသော ပြည်သူများသည် သဘာဝဘေးအန္တရာယ်မျိုးစုံကိုလည်း နှစ်စဉ်ကြုံတွေ့နေခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က တိုက်ခတ်ခဲ့သော **"မိုစါဆိုင်ကလုန်းမုန်တိုင်း"**သည် ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဝ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနှင့် မြေပုံမြို့နယ်တို့သို့ ဝင်ရောက်ခဲ့ပြီး ကြမ်းတမ်းစွာ ထိုးနှက်ဖျက်ဆီးခဲ့သည်။ ချင်းပြည်နယ်ထဲမှ တီးတိန်၊ ပလက်ဝ၊ မတူပီနှင့် ဟားခါးမြို့တို့လည်း မိုခါဆိုင်ကလုန်းမုန်တိုင်း၏ဒဏ်များကို ခံခဲ့ကြရသည်။

တစ်နာရီလျှင် မိုင် ၁၂၀ ကျော်နှုန်းဖြင့် တိုက်ခတ်ခဲ့သော မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီး ပျက်စီးမှုတန်ဖိုးငွေကျပ် ၅၂၂ ဘီလီယံခန့်ရှိကြောင်း၊ အဆောက်အအုံ၊ အိမ်ရာ၊ လမ်းတံတား၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး၊ သာသနိကအဆောက်အအုံများ၊ စေတီပုထိုးများ၊ သစ်ပင်များ အများအပြား ပျက်စီးသွားခဲ့ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာတွင် ရှုပ်ရှင်ပြကွက်များအလား မြင်တွေ့ခဲ့ကြရလေရာ ရင်နင့်ကြေကွဲဖွယ်ကောင်းလှသည်။ နေ့စဉ်ထုတ်လွှင့်သော ရှုပ်မြင်သံကြားမှ သတင်းမြင်ကွင်းများနှင့် နေ့စဉ်ထုတ်သတင်းစာများမှ သတင်းဓာတ်ပုံများကိုလည်း ယူကျုံးမရဖွယ် မြင်တွေ့ကြားသိခဲ့ကြရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးသည်မှာမကြာ အထွေထွေအကျပ်အတည်းကြားမှ သဘာဝဘေးအန္တရာယ်ဆိုးကြီးက ဝင်ရောက်လာသောအခါ မြွေပူရာကင်းမှောင့်ဖြစ်ကုန်သောကြောင့် စာနာစိတ်ရှိကြသူတိုင်းက မုန်တိုင်းဘေးဒဏ်သင့်သူများကိုကြည့်ပြီး **"မချိမျက်ရည်"**ကိုယ်စီကျခဲ့ကြသည်။

ထိုသို့ မချိမျက်ရည်ကျနေကြသည့်ကြားထဲမှ နိုင်ငံတော်တွင် တာဝန်ရှိသူများက ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက်ကြိုးပမ်းပြီး ဖြည့်ဆည်းတည်ဆောက်ပေးမှုများနှင့် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ၏ပံ့ပိုးကူညီလျှာဒါန်းမှုများကြောင့် တစ်လ၊ နှစ်လအတွင်းတွင်ပင် ရခိုင်ပြည်နယ်၌ နဂိုမူလအခြေအနေနီးပါးပြန်လည်ထူထောင်နိုင်လာကြသောအခါ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာလာကြကာ **"ပီတိမျက်ရည်များ"**လည်း ကျလာခဲ့ကြသည်။

မိုခါဆိုင်ကလုန်းမုန်တိုင်း ပြီးသွားသော်လည်း မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခဲ့ကြပြန်သည်။ ရေကြီးရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ လမ်းတံတားများ ရေတိုက်စားမှုဒဏ်ခံရခြင်းများဖြစ်ပေါ်လာခဲ့ကြသည်။ ၂၀၂၃ ခုနှစ် သြဂုတ် ၁၃ ရက် ညနေ ၄ နာရီခန့်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာရပ်ကွက် မနမော်ရှိ ကုမ္ပဏီလုပ်ကွက်ကျင်းဟောင်းရေကန်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့သဖြင့် ရေမဆေးကျောက်ရှာဖွေသူ ၃၃ ဦး မြေပိသေဆုံးခဲ့ကြရာ စာနာစိတ်ဖြင့် မချိတင်ကဲခံစားခဲ့ကြရပြီး **"မချိမျက်ရည်"** ကျခဲ့ကြရသည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းနှင့် အခြားဒေသများတွင် ရေကြီးရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ မြစ်ကမ်းပါးများပြိုကျခြင်းတို့ကြောင့် လမ်း၊ တံတားများပျက်စီးပြီး သွားလာရေးခက်ခဲသွားကြခြင်း၊ အရောင်းအဝယ်များ ရပ်တန့်ကာ ကုန်စျေးနှုန်းကြီးမြင့်ခြင်း၊ နေအိမ်များကို ထော်လာဂျီ နှစ်စီး၊ သုံးဘီးဆိုင်ကယ် နှစ်စီး၊ ရွှေထည်ပစ္စည်းများနှင့် ငွေစက္ကူများတွေ့ရှိထားကြောင်း ထုတ်ပြန်နေသောသတင်းများအရ သိခဲ့ရသည်။

နာဂစ်နောက်ပိုင်းတွင် အလွန်ထိတ်လန့်ချောက်ချားဖွယ်ဖြစ်ရပ်ဆိုးပင်ဖြစ်သည်။ ဆက်တိုက်ဆိုသလိုပင် မွန်ပြည်နယ်တွင်းရှိ ပေါင်၊ ရေး၊ ကျိုက်မရောနှင့် မုဒုံမြို့တို့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လောင်းလုံး၊ ပုလော၊ ရေဖြူ၊ ကျွန်းစုနှင့် မြိတ်မြို့နယ်တို့တွင်လည်းကောင်း မြေပြိုမှုများဖြစ်ပွားခဲ့ကြရာ လူနှစ်ဦးသေဆုံးပြီး လူဦးရေ ၂၀ကျော် နှစ်ရက်တိတိ ပိတ်မိနေခဲ့ကြသည်။ လမ်းများလည်းပျက်စီးပြီး ဆက်သွယ်ရေးပြတ်တောက်ခဲ့ကြရသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးနစ်မြုပ်မှု

> ❖ "မိကျောင်းမျက်ရည်"ဆိုသည်မှာ မိကျောင်းများသည် စားစရာတွေ့ပါက ဝမ်းသာကာမျက်ရည်ကျလေ့ရှိသည်။ ထို့ကြောင့် "မိကျောင်းမျက်ရည်"က ဝမ်းသာ၍ကျသည့်မျက်ရည်၊ မတော်လောဘကြောင့် ကျသည့်မျက်ရည်ဖြစ်သည်။ အချို့ကုန်သည်ပွဲစား အတ္တကြီးသူများလည်း မိကျောင်းမျက်ရည်ကျနေကြသည်။ ကိုယ့်အတ္တအကျိုးအတွက် တစ်ဖက်သားအများစု အပူဒုက္ခ၊ သောကမီးဖိစီးမှုဒဏ်ခံစားနေကြရသည်ကို အားရကျေနပ်ပြီး ပီတိဖြစ်ကာ ပီတိမျက်ရည်အစစ်အမှန်တန်ဖိုးနှင့် လုံးဝကွဲပြားခြားနားလွန်းလှသော "မိကျောင်းမျက်ရည်"ကျနေကြသူများကို သံဝေဂရကြစေချင်သည်။ ❖

ရေတွေ့ကြုံခဲ့ကြရခြင်း၊ စိုက်ပျိုးပြီးလယ်ယာမြေများ ပျက်စီးဆုံးရှုံးကြခြင်း စသည်ဖြင့် သဘာဝဘေးအန္တရာယ်များကို ခံစားနေကြရသဖြင့် ဒေသအလိုက် တာဝန်ရှိသူများနှင့် စေတနာရှင်များ၊ ပရဟိတအသင်းများက ပူးတွဲပံ့ပိုးကူညီနေကြရသည်။

ထိုသို့သော သဘာဝဘေးအန္တရာယ်မျိုးစုံကြုံတွေ့နေကြရသူများကို လူမှုကွန်ရက်စာမျက်နှာနှင့် ရှုပ်မြင်သံကြားအပါအဝင် နေ့စဉ်ထုတ်သတင်းစာများတွင် မြင်တွေ့ကြရလေတိုင်း စာနာစိတ်ရှိသူများက **"မချိမျက်ရည်"**ငိုင်းကြ၊ ကျကြရလေ့ရှိသည်။ သူတို့ကိုကယ်ဆယ်ကူညီလျှာဒါန်းနေမှုများကို မြင်တွေ့ကြရလေသောအခါ **"ပီတိမျက်ရည်"**ကျကြရလေ့ရှိသည်။

ထိုသို့သောသဘာဝဘေးအန္တရာယ်မျိုးများနှင့်ပံ့ပိုးကူညီလျှာဒါန်းမှုများကို နှစ်စဉ်ကြုံတွေ့ခဲ့ရသောကြောင့် အမှတ်တရရှိနေခဲ့ရာ သံဝေဂရစရာကောင်းလှသည်။

ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာဘေးရှိ မလတ်တောင်သည် ၂၀၁၉ ခုနှစ် သြဂုတ် ၉ ရက် နံနက် ၇ နာရီ မိနစ် ၃၀ ခန့်တွင် မမျှော်လင့်မထင်မှတ်ဘဲပြိုကျခဲ့ပုံများကို Facebook လူမှုကွန်ရက်စာမျက်နှာတွင် ရှုပ်ရှင်ပြကွက်အလား မြင်တွေ့ခဲ့ကြရသူတိုင်း တုန်လှုပ်ချောက်ချားသွားခဲ့ကြရသည်။ ၁၅ ပေမှ ပေ ၂၀ ထိကြီးမားသောမြေထုကြီးက မီးတောင်ပေါက်ကွဲသဖြင့် ချော်ရည်များ အဆက်မပြတ်စီးဆင်းလာသည့်ပမာ ပြိုကျလိမ့်ဆင်းလာခဲ့ရာ စက္ကန့်ပိုင်းအတွင်းတွင်ပင် သက်ရှိသက်မဲ့များကို ကွယ်ပျောက်သွားစေခဲ့သည်။ ရှုပ်ရှင်ဇာတ်လမ်းမဟုတ် သွေးပျက်ဖွယ်တကယ့်ဖြစ်ရပ်ဖြစ်၍ ရင်ထဲမချိခံစားခဲ့ကြရသည်။

တောင်ပြိုသည့်ဒေသတွင် ၁၆၉ ဦးရှိသည့်အနက် အသက်ရှင်သူ ၈၇ ဦးရှိပြီး သေဆုံးသူအလောင်း ၆၅ လောင်းတွေ့ရှိခဲ့ကြောင်း၊ ထို ၆၅ လောင်းထဲတွင် ဒေသခံမဟုတ်သူ ရှစ်ဦးပါဝင်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး သေဆုံးခဲ့ကြောင်း၊ ဆက်လက်ရှာဖွေနေဆဲတွင် ၁၂ ဘီးကားအပါအဝင် ယာဉ် ၁၀ စီး၊ စွန့်ဌာထွက်ပြေးကြရခြင်း၊ စိုက်ပျိုးပြီးလယ်ယာမြေများ ပျက်စီးဆုံးရှုံးကြခြင်း စသည်ဖြင့် သဘာဝဘေးအန္တရာယ်များကို ခံစားနေကြရသဖြင့် ဒေသအလိုက် တာဝန်ရှိသူများနှင့် စေတနာရှင်များ၊ ပရဟိတအသင်းများက ပူးတွဲပံ့ပိုးကူညီနေကြရသည်။

ထိုသို့သော သဘာဝဘေးအန္တရာယ်မျိုးစုံကြုံတွေ့နေကြရသူများကို လူမှုကွန်ရက်စာမျက်နှာနှင့် ရှုပ်မြင်သံကြားအပါအဝင် နေ့စဉ်ထုတ်သတင်းစာများတွင် မြင်တွေ့ကြရလေတိုင်း စာနာစိတ်ရှိသူများက **"မချိမျက်ရည်"**ငိုင်းကြ၊ ကျကြရလေ့ရှိသည်။ သူတို့ကိုကယ်ဆယ်ကူညီလျှာဒါန်းနေမှုများကို မြင်တွေ့ကြရလေသောအခါ **"ပီတိမျက်ရည်"**ကျကြရလေ့ရှိသည်။

ထိုသို့သောသဘာဝဘေးအန္တရာယ်မျိုးများနှင့်ပံ့ပိုးကူညီလျှာဒါန်းမှုများကို နှစ်စဉ်ကြုံတွေ့ခဲ့ရသောကြောင့် အမှတ်တရရှိနေခဲ့ရာ သံဝေဂရစရာကောင်းလှသည်။

ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာဘေးရှိ မလတ်တောင်သည် ၂၀၁၉ ခုနှစ် သြဂုတ် ၉ ရက် နံနက် ၇ နာရီ မိနစ် ၃၀ ခန့်တွင် မမျှော်လင့်မထင်မှတ်ဘဲပြိုကျခဲ့ပုံများကို Facebook လူမှုကွန်ရက်စာမျက်နှာတွင် ရှုပ်ရှင်ပြကွက်အလား မြင်တွေ့ခဲ့ကြရသူတိုင်း တုန်လှုပ်ချောက်ချားသွားခဲ့ကြရသည်။ ၁၅ ပေမှ ပေ ၂၀ ထိကြီးမားသောမြေထုကြီးက မီးတောင်ပေါက်ကွဲသဖြင့် ချော်ရည်များ အဆက်မပြတ်စီးဆင်းလာသည့်ပမာ ပြိုကျလိမ့်ဆင်းလာခဲ့ရာ စက္ကန့်ပိုင်းအတွင်းတွင်ပင် သက်ရှိသက်မဲ့များကို ကွယ်ပျောက်သွားစေခဲ့သည်။ ရှုပ်ရှင်ဇာတ်လမ်းမဟုတ် သွေးပျက်ဖွယ်တကယ့်ဖြစ်ရပ်ဖြစ်၍ ရင်ထဲမချိခံစားခဲ့ကြရသည်။

ကျွန်တော်မှတ်မိနေပါသေးသည်။ အိမ်အကူ(အိမ်ဖော်မလေး)က သူ့လခနှစ်လစာကိုထုတ်ကာ ရေဘေးသင့်ပြည်သူများကို လျှာဒါန်းခဲ့သည်နည်းတူ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ဆိုက်ကားသမားကြီးကလည်း ရေဘေးသင့်ပြည်သူများကို တစ်နေ့တာ ဆိုက်ကားနင်း၍ရသည့် သူ့ချွေးနဲစာလျှာဒါန်းခဲ့သည်။

မြောက်ဥက္ကလာပနှင့် ဆူးလေ ပြေးဆွဲနေသော (၄၃)အထူးယာဉ်လိုင်းကလည်း တစ်နေ့လျှင် တစ်စီးနှုန်းဖြင့် ယာဉ်လိုင်းပြေးဆွဲ၍ရသမျှ ဝင်ငွေများကို စုစည်းကာ ရေဘေးသင့်ပြည်သူများကို လျှာဒါန်းသွားခဲ့သည်။

ထိုသို့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတစ်ဦးချင်းအလိုက် အင်တိုက်အားတိုက်သိုက်သိုက်မြိုက်မြိုက် ပါဝင်ကူညီပံ့ပိုးနေကြသည်များကို နေ့စဉ်မြင်တွေ့ကြားသိနေရပြန်သောအခါ **"မချိမျက်ရည်"**ကျနေသည့်ကြားမှ **"ပီတိမျက်ရည်"**ကိုယ်စီကျခဲ့ကြရသည်။

ကျွန်တော်တို့ပြည်သူအများစုက ရေဘေးသင့်ပြည်သူများကို လူသားချင်းစာနာစိတ်ကိုယ်စီဖြင့် **"မချိမျက်ရည်များနှင့် ပီတိမျက်ရည်များ"**ကိုယ်စီကျနေကြချိန်တွင် ကျွန်တော်တို့ပြည်သူအများစု ကျနေကြသော ပီတိမျက်ရည်များနှင့် မတူကွဲပြားခြားနားသော ပီတိမျက်ရည်ကျနေကြသည့် လူနည်းစုရှိနေကြသည်။

နာဂစ်ကာလတုန်းကလည်း ထိုလူနည်းစုရှိခဲ့ကြသည်။ ရေကြီးသည့်နှစ်တိုင်း သူတို့ရှိနေကြသည်။ မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံကြရသော ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင်လည်း သူတို့ရှိခဲ့ကြသည်။ ထိုလူနည်းစုက အမြဲတမ်းရှိနေကြသည်။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ကုန်ကြသည်။ လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေကိန်း ဆိုက်ရောက်နေသည်။ ရေနစ်သူကို ဝါးကူထိုးနေကြသည်။ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားကာ ငါတကော ကောနေကြသည်။ ထမင်းတစ်နပ် ဟင်းတစ်ဖတ်အတွက် အမြတ်တင်စီး၊ လောဘမီးဖြင့် အတ္တကြီးနေကြသည်။ လူသားချင်းစာနာစိတ်တင်းမဲ့နေကြသည်။ ရိက္ခာအတွက် သိက္ခာကို တန်ဖိုးမထားကြတော့ဘဲ ရောင်းစားနေကြသည်။ လူမှန်ပါက သိက္ခာကို ရိက္ခာနှင့် လဲရှိုးထုံးစံမရှိ။ လူတိရစ္ဆာန်များကသာ သိက္ခာကို ရိက္ခာနှင့် လဲနေကြသည်။

ထိုလူနည်းစုကား ကုန်စျေးနှုန်းကို စျေးကစားနေကြသော စီးပွားရေးသမားကုန်သည်ပွဲစား၊ အမြတ်ကြီးစားတချို့ပင်ဖြစ်သည်။ မုန်တိုင်းဒဏ်ခံကြရသော ပြည်သူများနှင့် ရေဘေးသင့်ပြည်သူများရော ကျန်ပြည်သူများပါ တစ်နွယ်ငင်တစ်စင်ပါ အားလုံးဒုက္ခမျိုးစုံကြုံတွေ့ကြစေရန် ဆန်စျေး၊ ဆီစျေး၊ ငရုတ်၊ ကြက်သွန်၊ ဆားမှအစပြု၍ ဆေးဝါးပစ္စည်းနှင့်အခြားပစ္စည်းမျိုးစုံ၏ ကုန်စျေးနှုန်းများကို မတန်တဆမြှင့်တင်ခဲ့ကြသည်။ ကလိမ်ကကျစ်ညစ်ပေစုတ်ပဲ့လွန်းလှသောစိတ်ယုတ်မာမျိုးစုံဖြင့် အကြောင်းအမျိုးမျိုးပြကာ ကောလာဟလမျိုးစုံကို လုပ်ကြံထုတ်လွှင့်ခြောက်လှန့်ခဲ့ကြပြီး ပြည်သူများထိတ်လန့်တကြားဖြစ်စေခဲ့သဖြင့် စားသုံးကုန်ပစ္စည်းများကို စိုးရိမ်သောကဖြင့် ကြိုတင်သိုလှောင်ကြသည်။ ပြည်သူများအထိတ်တလန့်ဖြစ်သောအခါ ကုန်စျေးနှုန်းကို သူတို့အကြိုက်ကစားကာ အပိုင်ရယူနေကြပါတော့သည်။

သူတို့စိတ်ကြိုက်စျေးကစားပြီး အကျိုးအမြတ်ရကြသောအခါ သူတို့လည်း ကျေနပ်ဝမ်းသာပီတိဖြာကာ **"ပီတိမျက်ရည်"**ကျနေကြသည်။ သူတို့ကျကြသည့် **"ပီတိမျက်ရည်"**က ကျွန်တော်တို့ပြည်သူအများစု ကျကြသည့် **"ပီတိမျက်ရည်များ"**နှင့် လုံးဝမတူ။ သူတို့ကျသည့် **"ပီတိမျက်ရည်"**က **"မိကျောင်းမျက်ရည်"**။

"မိကျောင်းမျက်ရည်"ဆိုသည်မှာ မိကျောင်းများသည် စားစရာတွေ့ပါက ဝမ်းသာကာမျက်ရည်ကျလေ့ရှိသည်။ ထို့ကြောင့် **"မိကျောင်းမျက်ရည်"**က ဝမ်းသာ၍ကျသည့်မျက်ရည်၊ မတော်လောဘကြောင့်ကျသည့်မျက်ရည်ဖြစ်သည်။ အချို့ကုန်သည်ပွဲစား အတ္တကြီးသူများလည်း မိကျောင်းမျက်ရည်ကျနေကြသည်။ ကိုယ့်အတ္တအကျိုးအတွက် တစ်ဖက်သားအများစု အပူဒုက္ခ၊ သောကမီးဖိစီးမှုဒဏ်ခံစားနေကြရသည်ကို အားရကျေနပ်ပြီး ပီတိဖြစ်ကာ ပီတိမျက်ရည်အစစ်အမှန်တန်ဖိုးနှင့် လုံးဝကွဲပြားခြားနားလွန်းလှသော **"မိကျောင်းမျက်ရည်"**ကျနေကြသူများကို သံဝေဂရကြစေချင်သည်။ တရားရကြစေချင်သည်။ တရားမရကြသူများကို ယခင်ကထိရောက်စွာအရေးယူခဲ့သော ဇူဇကာစစ်ဆင်ရေးဖြင့် ပြတ်ပြတ်သားသား နှိမ်နင်းဖြိုခွင်းသင့်သည်။

စာမျက်နှာ ၅ သို့ ➤

လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်

လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ သြဂုတ်လအတွင်းက မတ်ပဲ ၂၄ ပြည်ပါ အိတ်ရေ ၄၅၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

မအူပင် စက်တင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်သြဂုတ်လအတွင်းက မတ်ပဲ ၂၄ ပြည်ပါ အိတ်ရေ ၄၅၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ချယ်ရီအောင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဇူလိုင်လက မတ်ပဲ ၂၄ ပြည်ပါ အိတ်ရေ ၃၃၅၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်းက မတ်ပဲ ၂၄ ပြည်ပါ အိတ်ရေ ၄၅၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အရောင်းအဝယ်ဖြစ်ခဲ့တဲ့မတ်ပဲတွေက ဒေသထွက် လက်ကျန်ပဲတွေဖြစ်ပါတယ်။ မအူပင်မြို့နယ်က လယ်ယာထွက်ကုန်တွေရဲ့ပြည်တွင်းစျေးကွက်က ရန်ကုန်မြို့ပါ။ ဒီကိုဝင်လာသမျှကုန်တွေကို ရန်ကုန်မြို့ကိုပဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ မတ်ပဲတွေက ဆောင်းနဲ့နွေ လက်ကျန်ပဲအဟောင်းတွေကို တင်ပို့ရောင်းချနေတာပါ။ သြဂုတ်လမှာ ပြီးခဲ့တဲ့ဇူလိုင်လကထက် မတ်ပဲအိတ်ရေ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ အခု မတ်ပဲစျေးက ငြိမ်နေပါတယ်။ မတ်ပဲတွေကို ပြည်ပစျေးကွက်က ဝယ်ယူအားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ဝယ်ယူအားကောင်းနေတာလို့ သိရပါတယ်"ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ချယ်ရီအောင်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ပါ တစ်အိတ်လျှင်ငွေကျပ် ၁၁၅၀၀၀ ထိ စျေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

စည်းဝါးမှန်စွာ ဆက်ကပါ

- လူဖြစ်လာရ လွှဘဝတွင်
  အစအလယ် အဆုံးနယ်ထိ
  အရွယ်သုံးပါး ကိုယ့်ခွန်အားဖြင့်
  မနားနိုင်ပါ အရာရာဝယ်
  အခါခါရင်ဆိုင် ယှဉ်ကာပြိုင်သည်
  အနိုင်ရဖို့ ဦးတည်တကား။

- နိုင်လိုပါလျက် ဉာဏ်လွှာပျက်၍
  ကကွက်ပြောင်းပြန် ကြောင်းမဟန်စွာ
  အဖန်ဖန်လည်း ရှုံးဖူးပြီ။

- ရှုံးမည်ထင်လျက် လို့လစွက်၍
  ကကွက်မြိုင်ဆိုင် လက်ခုပ်လှိုင်လျက်
  အနိုင်ရသည်လည်း ရှိဖူးသည်။

- ဩော်... ဘဝဟူသည်မှာ ဇာတ်ပမာတည့်
  ကန့်လန့်ကာမ စည်းဝါးစသော်
  ဆိုရင်ရ ပြိုးပျော်ကြနှင့်
  ရသစုံစွာ ကျင်လည်ရှာသည်
  ကန့်လန့်ကာချသည် အထိတကား။

- နိုင်နိုင်နိုင်နိုင် ဘယ်သို့ပြိုင်လည်း
  အနိုင်မရ သုံးမကျလျှင်
  ရှုံးရသော်လည်း စိတ်မပျက်နှင့်။

- ရှုံးရှုံးရှုံးရှုံး ကိုယ်တိုင်ရှုန်းသော်
  ရှုံးဘဝမှ အနိုင်ရ၍
  ပျော်ရသည်လည်း ရှိတကား။

- ဘဝလွန်ဆွဲ ဤဇာတ်ပွဲ၌
  ရှုံးလည်းမနစ် စိတ်မညစ်ဘဲ
  နိုင်ရစ်ဖို့ချန် စည်းဝါးမှန်စွာ
  ကဟန်မပျက် ကသင့်တကား။ ။

မင်းယဉ်စု

သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေထုတ်ချေး

သရက် စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကမုဆိုးရင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဧရိယာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ်သိန်း ၂၄၀ လွှဲပြောင်းပေးသည်။

ထို့နောက် ကျေးရွာစီမံကိန်းကော်မတီဝင်များက မုဆိုးရင်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ကိုင်သည့်အဖွဲ့နှင့် CP ဝက်မွေးမြူရေးလုပ်ကိုင်သည့်အဖွဲ့တို့ကို ငွေကျပ်သိန်း ၂၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စင်မာ

➤ စာမျက်နှာ ၄ မှအဆက်

ပျားရည်တစ်စက်ကြောင့် ပြည်ပျက်နိုင်သည်ကို အသိသတိရှိစေချင်သည်။

"သူများမျက်ရည်ဖြင့်၊ ခြေမဆေးချင်ပါနင့်၊
သူများကိုဒုက္ခပေးပြီးမှ ရရှိမည့်ချမ်းသာမျိုးကို လိုချင်သောသူသည် ရန်သူနင့်ဆက်ဆံနေရသကဲ့သို့ ရန်မမလွတ်ရိုင်"
(မြတ်ဗုဒ္ဓ၊ ဓမ္မပဒ၊ ပကိဏ္ဏကဝဂ်မှ)

"ဒါနနင့်သီလမပါလျှင်သေစေါမှသိ"ဟူသောဓမ္မလင်္ကာရှိသည်။ **"အရှင်သံဝရာလင်္ကာရ"**ဆရာတော်က **"တကယ်တော့ ဘာသာရေးအလုပ်ဆိုတာ အတ္တကိုနိမ်နင်းတဲ့အလုပ်ပါ။ အတ္တကိုနိမ်နင်းရာမှာ ပရဟိတနိမ်နင်းရတယ်။ ပရကိုဦးစားပေးပြီး ပရဟိတအလုပ်တွေကို များများလုပ်ရတယ်။ ဘုရားအလောင်းတော်ပါရမီဖြည့်တယ်ဆိုတာ သေချာဓိဇဓံလိုက်တော့ ပရဟိတလုပ်ငန်းတွေကိုလုပ်သွားတာပဲဆိုတာ တွေ့ရတယ်။ ဒါနဆိုတာပရဟိတအလုပ်ပဲ။ ဘုန်းကြီးကိုလှူမှ ဒါနမဟုတ်ဘူး။ ဒါနဆိုတာ စွန့်ခြင်း၊ ပေးခြင်းဆိုတော့ ဘယ်သူ့ကိုစွန့်စွန့်. ဘယ်သူ့ကိုပေးပေး စေတနာထားရင် ဒါနဖြစ်တာပဲ"**ဟု ဟောကြားထားရာ ပရဟိတလုပ်ငန်းလုပ်နေကြသူများ၊ အလှူဒါနပြုကြသူများအတွက် အားတက်ဂုဏ်ယူဖွယ်ရာ ကောင်းလှသည်။

မိကျောင်းမျက်ရည်ကျနေကြသောသူများ၊ အမြတ်ကြီးစားများ ကတော့ "ဒါနပြုဖို့မလို၊ သီလစောင့်ဖို့မလို၊ လက်ရှိကြီးပွားချမ်းသာဖို့ပဲလိုတယ်။ အူမမတောင့်ဘဲ သီလမစောင့်နိုင်ဘူး"ဟု မိုးကြိုးပစ်ရာထန်းလက်ကာနေကြသည်။ မအူပင်မြို့ လေးအိမ်စုဆရာတော် ဦးဝိစိတ္တသာရ၏ဟောကြားချက်ဖြင့် ပြောရပါမူ ထိုတစ်ဘိုသာကြည်နေကြသော အတ္တဝါဒီများသည် သူ့ဌေးတစ်လှည့်၊ ခွေးတစ်လှည့်၊ တစ်နေ့ရွှေ့၊ တစ်နေ့ငွေဟူသောစကားနှင့်အညီ လောကမ်အလှည့်အပြောင်း၊ ဘဝအချိုးအကွေ့နှင့် ဘဝ၏အနိမ့်အမြင့်ဒဏ်ကို မလွဲမသွေခံကြရမှာ သေချာလှသည်။

ကုသိုလ်တရားများအနက် ဒါနကုသိုလ်သည် မိမိပိုင်ပစ္စည်းကို သူတစ်ပါးအား ပေးကမ်းစွန့်ကြဲ လှူဒါန်းထောက်ပံ့ကူညီခြင်းဖြစ်ရာ သူတစ်ပါး၏လိုအပ်ချက်ကို ဖြည့်စွမ်းပေးရာရောက်သည်။ ထို့ကြောင့် မိမိကိုလည်း **"ကံတူအကျိုးပေး"**ဆိုသကဲ့သို့ မိမိ၏လိုအပ်ချက်များကိုလည်း ပြည့်စုံလာစေသည်။

"လက်ကိုလှုပ်အောင် ပြုလုပ်ပေးသောအရာမှာ လက်စွပ်၊ လက်ကောက်များမဟုတ်ပါ။ စွန့်ကြဲ၊ ပေးကမ်း၊ လှူဒါန်းပေးကမ်းခြင်းသာဖြစ်သည်"ဟူ၍ လည်းကောင်း၊ "ဒါနဥ=စွန့်ကြဲ၊ ပေးကမ်းလှူဒါန်းထောက်ပံ့ပါ။ အနဝဇ္ဇာနိ၊ ကမ္မာနိ=လူထုအကျိုးပြုအမှုကိစ္စများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပါ"ဟူသော မဂ်လာတရားတော်များအရလည်းကောင်း၊ **"ဥစ္စာခန၊ ပေါကြွယ်ဝလည်း၊ လောဘခံ့မက်၊ မလှူရက်က၊ တစ်သက်တာ လူဖြစ်နာ၏"**ဟူ၍ လည်းကောင်း၊ **"မိမိ၏လောဘများကို ဒါနဖြင့် အနိုင်ယူပါ"**ဟူ၍ လည်းကောင်း၊ **"ဥစ္စာပေါသူ၊ မပေးလှူ၊ ထိုသူနောင်တ၊ တောက်စေါက်ရ"**ဟူ၍ လည်းကောင်း၊ **"အများချစ်အပ်၊ သူမြတ်တို့ချဉ်း၊ ကောင်းသတင်းကြွယ်၊ ပွဲလယ်ဝင်ရဲ၊ ဓနဝဲသော်၊ ရောက်မြဲနတ်ထံ၊ ဤငါးတန်၊ ရရန်လှူကျိုးတွေ"**ဟူ၍ လည်းကောင်း အလှူဒါနအကျိုးနှင့်ပတ်သက်၍ ဟောကြားဆိုဆုံးမထားရာ လေဘေး၊ ရေဘေး၊ သဘာဝဘေးအန္တရာယ် ဒဏ်ခံကြရသောပြည်သူများကို စေတနာ၊ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကူညီ၊ ထောက်ပံ့ပေးကမ်းနေကြသူတိုင်း ကံတူအကျိုးပေး၊ လိုအင်ဆန္ဒပြည့်ဝကြမည်ဖြစ်သည်။

လှူဒါန်းဖို့မလို၊ သီလစောင့်ဖို့မလို၊ အူမတောင့်မှသီလစောင့်နိုင်မည်ဟု ကြွေးကြော်နေကြသော **"မိကျောင်းမျက်ရည်ရှင်များ"**လည်း မြတ်ဗုဒ္ဓ လက်ထက်က ကုဋ္ဌေရှစ်ဆယ်ကြွယ်ဝသော မဟာဓနသူဌေးသားကဲ့သို့ မဖြစ်ပါစေနှင့်ဟု မေတ္တာပို့သနေကြသည်။ ထိုမဟာဓနသူဌေးသားက လှူဒါန်းဖို့မလို၊ သီလစောင့်ဖို့မလိုဟုယူဆကာ ပျော်ပျော်နေသေခဲသဘောဖြင့် စည်းမဲ့ကမ်းမဲ့အပျော်လွန်နေခဲ့သောကြောင့် တောင်းရမ်းစားသောက်၊ ဒုက္ခရောက်ခဲ့ရသည့်ဘဝကို ရောက်ခဲ့ရသည်။ သံဝေဂနောင်တအချိန်မီ ရကြစေချင်သည်။

သဒ္ဓါကြည်လင် စေတနာရှင်များ တိုးပွားလှူဒါန်းနိုင်ကြပါစေ။

ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် ပါဝင်ကူညီပံ့ပိုးနေကြသော အကျိုးဆောင်ပရဟိတအစစ်အမှန်သမားများ ထွန်းကားပွားများကြပါစေ။

နိုင်ငံတကာ သတင်းများ

မြောက်ကိုရီးယားသို့လာရောက်ရန် သမ္မတပူတင်ကို မြောက်ကိုရီးယားခေါင်းဆောင် ဖိတ်ကြား

မော်စကို စက်တင်ဘာ ၁၄

မြောက်ကိုရီးယား နိုင်ငံသို့ လာရောက် လည်ပတ်ရေးအတွက် ရုရှားသမ္မတပူတင်ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က စက်တင်ဘာ ၁၃ရက်တွင်ဖိတ်ကြားခဲ့ကြောင်း CNA သတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ အရှေ့ပိုင်း ဗော့စတော့ချ်နီ အာကာသစခန်း၌ ပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးပွဲ အတွင်း မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်က ရုရှားသမ္မတပူတင်ကို မြောက်ကိုရီးယား နိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ရန် ဖိတ်ကြားခဲ့ခြင်း ဖြစ်သည်။

ရုရှားနိုင်ငံသို့ စက်တင်ဘာ ၁၀ ရက်တွင် စတင်ရောက်ရှိခဲ့သည့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် စက်တင်ဘာ ၁၃ ရက်တွင် ရုရှားသမ္မတပူတင်နှင့် ငါးနာရီကြာဆွေးနွေးခဲ့သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲ၌ ရုရှားသမ္မတပူတင်ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က မြောက်ကိုရီးယားခရီးစဉ် ဖိတ်ကြားခဲ့ရာ သမ္မတပူတင်ကလည်း လက်ခံခဲ့ကြောင်း သိရသည်။

သို့သော် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ အဆိုပါဖိတ်ကြားချက်ကို ရုရှားအစိုးရက တရားဝင်အတည်ပြုခြင်း မရှိသေးကြောင်း သိရသည်။

ရုရှားသမ္မတ ပူတင်သည် ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့သည့် ၂၀၂၂ ခုနှစ် ဇေဖော်ဝါရီလနောက်ပိုင်း ပြည်ပခရီးစဉ်များ အသွားနည်းခဲ့ကြောင်း သိရသည်။ KKO

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

ပေကျင်း စက်တင်ဘာ ၁၄

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်သည် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိခဲ့ကြောင်း PBS သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် ပြီးခဲ့သည့်လက ဝန်ကြီးချုပ်ရာထူးရယူထားသော ကမ္ဘောဒီးယားဝန်ကြီးချုပ်အတွက် ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ်သည် ၎င်း၏ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံ၏ အရင်းနှီးဆုံးနိုင်ငံရေးနှင့်စီးပွားရေး မဟာမိတ်ဖြစ်သည့် တရုတ်နိုင်ငံကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ်သည် တရုတ်သမ္မတချီကျင့်ဖျင်အပါအဝင် တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ဝန်ကြီးချုပ် ဟွန်မာနက်သည် တရုတ်တောင်ပိုင်း နန်နင်းမြို့၌ ကျင်းပမည့် အကြိမ် (၂၀) မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲသို့ ဆက်လက် သွားရောက်မည်ဟု ကမ္ဘောဒီးယား ဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ် ဟွန်မာနက်၏ ဖခင် ဝန်ကြီးချုပ်ဟောင်း ဟွန်ဆန်သည် ကမ္ဘောဒီးယားနိုင်ငံကို နှစ် ၄၀ ကြာမျှ ဦးဆောင်ခဲ့စဉ်အတွင်း တရုတ်နိုင်ငံနှင့်ခိုင်မာသည့် ဆက်ဆံရေး တည်ဆောက်ခဲ့သူဖြစ်ကြောင်း သိရသည်။

KKO

အွန်လိုင်းမှတစ်ဆင့်ထုတ်ဝေနေသော နာဇီဝါဒဖြန့် စာအုပ်တိုက်ကို အာဂျင်တီးနားအစိုးရ ပိတ်သိမ်း

ဗျူနိုဓ်အေရိုစ် စက်တင်ဘာ ၁၄

နာဇီဝါဒဖြန့် စာအုပ်စာတမ်းများကို အွန်လိုင်းမှတစ်ဆင့်ထုတ်ဝေနေသောစာအုပ်တိုက်တစ်တိုက်ကို ဗျူနိုဓ်အေရိစ်မြို့တော်ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်း၍ ပိတ်သိမ်းခဲ့ကြောင်း အာဂျင်တီးနားတာဝန်ရှိသူများက စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်ဟု CNA သတင်းဌာနက ဖော်ပြခဲ့သည်။

ဂျူးလူမျိုးအုပ်စုတစ်စု၏ တိုက်တွန်းမှုအရ နှစ်နှစ်ကြာစုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ပြီးနောက် အဆိုပါစာအုပ်တိုက်ကို ဗျူနိုဓ်အေရိစ်ရဲတပ်ဖွဲ့က စီးနင်းပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။

လိုက်ဘရီရီးယား အာဂျင်တီးနားအမည်ရှိ အဆိုပါစာအုပ်တိုက်သည် နာဇီစကြာ အမှတ်တံဆိပ်များ၊ သံမဏိကြက်ခြေ တံဆိပ်များနှင့် ဂျာမန်အမျိုးသားဆိုရှယ်လစ်အလုပ်သမားများပါတီ(နာဇီ) ပါတီ၏ လင်းယုန်အမှတ်တံဆိပ်များ ပါဝင်သော နာဇီဝါဒဖြန့်စာအုပ်များဖြန့်ချိနေသည်ဟု အာဂျင်တီးနားတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

အာဂျင်တီးနား ရဲတပ်ဖွဲ့၏ လိုက်ဘရီရီးယား အာဂျင်တီးနားစာအုပ်တိုက်ကို စီးနင်းပြီးနောက် စာအုပ်တိုက်တာဝန်ရှိသူတစ်ဦးကို လည်း ဖမ်းဆီးထားသည်။

အာဂျင်တီးနားဥပဒေများတွင် နာဇီပါတီအမှတ်တံဆိပ်များခင်းကျင်းပြသမှု၊အသုံးပြုမှုတို့ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။

အာဂျင်တီးနား နိုင်ငံသည် လက်တင်အမေရိကဒေသ၌ ဂျူးလူမျိုးအများဆုံးနေထိုင်သည့် နိုင်ငံဖြစ်ပြီး နာဇီပါတီတာဝန်ရှိသူအများ အပြားလည်း ခိုအောင်းခဲ့ဖူးရာ နေရာဖြစ်ကြောင်း သိရသည်။

KKO

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဈေးမီးလောင်မှုဖြစ်ပွား ရာနှင့်ချီသော ဆိုင်ခန်းများပျက်စီး

ဒါကာ စက်တင်ဘာ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ ဈေးတစ်ဈေး၌ ယနေ့နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ရာနှင့်ချီသောဆိုင်ခန်းများ မီးလောင်ပျက်စီးခဲ့ရကြောင်း CNA သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါမီးလောင်မှုသည် ဈေးအတွင်းရှိ ဈေးဆိုင်များမဖွင့်မီ စတင်ခဲ့ခြင်းဖြစ်ရာ မီးလောင်မှုကြောင့် လူအသေအပျောက်မရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မိုဟာမက်ပါးရ်အမည်ရှိ အဆိုပါဈေးမီးလောင်ကျွမ်းမှုကို ဘင်္ဂလားဒေ့ရှ် လက်နက်ကိုင်တပ်များနှင့် မီးသတ်သမားများက ခြောက်နာရီကြာအချိန်ယူထိန်းချုပ်ခဲ့ကြရသည်။

စားသုံးဆီနှင့်ပလတ်စတစ်ကဲ့သို့ လောင်စာများ များပြားမှုကြောင့် မိုဟာမက်ပါးရ်ဈေး မီးလောင်မှုကို ထိန်းချုပ်ရန် အချိန်ခြောက်နာရီ ထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

မိုဟာမက်ပါးရ်ဈေးမီးလောင်မှုသည် လျှပ်စစ်ဝိုင်ယာကြိုးပြဿနာကြောင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

လူဦးရေ အလွန်သိပ်သည်းပြီး မကြာသေးမီ နှစ်များအတွင်း အဆောက်အအုံသစ်များ များပြားလာခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ မီးလောင်ကျွမ်းမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

KKO

တရုတ်နိုင်ငံ တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်၌ မိုးပျံ့ဝန်ချီစက်ပြိုကျမှုကြောင့် လူ ခြောက်ဦးသေဆုံး

ပေကျင်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခု၌ မိုးပျံ့ဝန်ချီစက်ပြိုကျခဲ့ရာ လူပေါင်း ခြောက်ဦးသေဆုံးခဲ့ရကြောင်း တရုတ်တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု China Daily သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါတံတားတည်ဆောက်ရေးလုပ်ငန်းမိုးပျံ့ဝန်ချီစက်ပြိုကျမှုသည် ကျန်းယန်မြို့ တူအိုမြစ်ကူးတံတားစီမံကိန်းအတွင်း စက်တင်ဘာ ၁၃ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိုးပျံ့ဝန်ချီစက်ပြိုကျမှုအတွင်း လူခြောက်ဦး သေဆုံးခဲ့ရသည့် အပြင် ငါးဦးဒဏ်ရာများ ရရှိခဲ့ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဒဏ်ရာရရှိထားသူများသည် ဆေးရုံ၌ဆေးဝါးကုသမှုများခံယူနေပြီး အခြေအနေတည်ငြိမ်ကြောင်း တရုတ်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

တရုတ်တာဝန်ရှိသူများသည် မိုးပျံ့ဝန်ချီစက်ပြိုကျမှု အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကျန်းယန်မြို့သည် တရုတ်နိုင်ငံတောင်ပိုင်း စီချမ်ပြည်နယ်အတွင်းရှိ မြို့တော်တစ်မြို့ဖြစ်ပြီး ပြည်နယ်မြို့တော် ချန်ဒူးမြို့အနီးတည်ရှိကြောင်း သိရသည်။

KKO

SCIENCE AND TECHNOLOGY

တရုတ်နိုင်ငံ၏ တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်က စက်တင်ဘာ ၁၂ ရက်တွင် မြေပြင်စခန်း၏ထိန်းချုပ်မှုဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာ

ပေကျင်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံ၏ တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်သည် စက်တင်ဘာ ၁၂ ရက်တွင် မြေပြင်စခန်း၏ထိန်းချုပ်မှုဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

လေထုလွှာအတွင်းပြန်လည်ဝင်ရောက်စဉ် တီယန်ကျိုး-၅ အာကာသယာဉ် အစိတ်အပိုင်းအများစုမှာ လောင်ကျွမ်းပြိုကွဲခဲ့ပြီး အပျက်အစီး အနည်းငယ်မျှသာ တောင်ပစိဖိတ် သမုဒ္ဒရာရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း တရုတ် အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်သည် စက်တင်ဘာ ၁၁ ရက်တွင် တီယန်ကောင်းအာကာသစခန်းမှ စတင်ခွာထွက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တီယန်ကျိုး-၅ အာကာသယာဉ်ကို ၂၀၂၂ ခုနှစ်နိုဝင်ဘာ ၁၂ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်းအာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် လောင်စာရည်၊ သိပ္ပံပညာစမ်းသပ်ပစ္စည်းများနှင့် စားနပ်ရိက္ခာများ သယ်ဆောင်သွားကြောင်း သိရသည်။

တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းသို့ လွှတ်တင်ခဲ့သည့် စတုတ္ထမြောက် အာကာသ ကုန်တင်ယာဉ်ဖြစ်ကြောင်း သိရသည်။ KKO

ဟားဂျင်းဂလက်စတစ်ကုမ္ပဏီ၏ တတိယမြောက်အာကာသခရီးစဉ်အတွင်း ဗွီအက်စ်အက်စ်ယူနတီ အာကာသဒုံးပျံယာဉ်က ရှေးဦးလူသားများကျောက်ဖြစ်ရုပ်ကြွင်းနှစ်ခု သယ်ဆောင်သွား

ဝါရှင်တန် စက်တင်ဘာ ၁၄

အမေရိကန်နိုင်ငံ အခြေစိုက် ဗားဂျင်းဂလက်စတစ် ကုမ္ပဏီ၏ တတိယမြောက် အာကာသခရီးစဉ်အတွင်း ဗွီအက်စ်အက်စ်ယူနတီ အာကာသဒုံးပျံယာဉ်က ရှေးဦးလူသားများ ကျောက်ဖြစ်ရုပ်ကြွင်းနှစ်ခုကိုပါ သယ်ဆောင်သွားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဗားဂျင်းဂလက်စတစ်ကုမ္ပဏီ၏ ဗွီအက်စ်အက်စ်ယူနတီ အာကာသဒုံးပျံယာဉ်ကို စက်တင်ဘာ ၈ ရက်တွင် အာကာသခရီးသည် သုံးဦးနှင့်အတူ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အထက်ပါ ခရီးစဉ်အတွင်း အာကာသခရီးသည် သုံးဦးအနက် တစ်ဦးဖြစ်သည့် တင်မိုသီနက်ရ်ဆိုသူ ဘီလီယံနာသူကြွယ်တစ်ဦးက ၎င်းနှင့်အတူ လူသားကျောက်ဖြစ်ရုပ်ကြွင်းနှစ်ခုကိုပါ သယ်ယူသွားကြောင်း သိရသည်။

တင်မိုသီနက်ရ် ယူဆောင်သွားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများမှာ နှစ်ပေါင်း နှစ်သန်း သက်တမ်းရှိ ညပ်ရိုးတစ်ချောင်းနှင့် နှစ်ပေါင်း ၂၅၀၀၀၀ သက်တမ်းရှိ လက်မရိုးတို့ဖြစ်ကြသည်။

ဗွီအက်စ်အက်စ်ယူနတီ အာကာသ ဒုံးပျံယာဉ်သည် အဆိုပါ လူသားကျောက်ဖြစ်ရုပ်ကြွင်းများကို ကမ္ဘာမြေပြင်အထက် ၅၅ မိုင် အကွာ အာကာသဘင်းလင်းပြင် အနားစပ်ထိ ပို့ဆောင်ပေးခဲ့သည်။

စကြဝဠာကို စူးစမ်းရှာဖွေရေး အတွက် လူသားတို့၏ကြိုးပမ်းမှုများကို ၇ဏ်ပြုသည့်အနေဖြင့် ဗားဂျင်းဂလက်စတစ် ခရီးစဉ်အတွင်း ကျောက်ဖြစ်ရုပ်ကြွင်းများကို သယ်ယူသွားခြင်းဖြစ်သည်ဟု တင်မိုသီနက်ရ်က ပြောကြားခဲ့ကြောင်း သိရသည်။ KKO

ရုရှားအာကာသအေဂျင်စီက နိုင်ငံတကာအာကာသစခန်းသို့ ဆိုယုဇ်အမ်အက်စ်-၂၄ အာကာသလူသယ်ယာဉ်လွှတ်တင်ရေးအတွက် ပြင်ဆင်နေ

မော်စကို စက်တင်ဘာ ၁၄

ရုရှား အာကာသအေဂျင်စီသည် နိုင်ငံတကာအာကာသစခန်းသို့ ဆိုယုဇ်အမ်အက်စ်-၂၄ အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဆိုယုဇ်အမ်အက်စ်-၂၄ ကို လွှတ်တင်ရေးအတွက် စက်တင်ဘာ ၁၂ ရက်တွင် ဆိုယုဇ်ဒုံးပျံကို ဘိုင်ကိုနော အာကာသစခန်းလွှတ်တင်ရေးနယ်မြေသို့ ရွှေ့ပြောင်းထားသည်ဟု ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရုရှားအာကာသအေဂျင်စီသည် ဆိုယုဇ်အမ်အက်စ်-၂၄ ကို စက်တင်ဘာ ၁၅ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၄ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသယာဉ်မှူး သုံးဦးကို နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၄ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းသို့ရောက်ရှိချိန်တွင် ရုရှား၏ရက်ဇဇက်ပင်မ ကိုယ်ထည်၌ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၄ ဆိုက်ရောက်ချိန်တွင် ဆိုယုဇ်အမ်အက်စ်-၂၂ နှင့် ၂၃ အာကာသယာဉ်မှူးများမှာ ကမ္ဘာပေါ်သို့ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။ KKO

HEALTH

အထိုင်များသည့်အလုပ် ၁၀ နာရီအထက်လုပ်သူများ Dementia ဖြစ်နိုင်ခြေ မြင့်မားလာနိုင်

နယူးယောက် စက်တင်ဘာ ၁၄

ရုပ်မြင်သံကြားကြည့်ခြင်းနှင့် ကားမောင်းခြင်းကဲ့သို့ အထိုင်များသည့်အလုပ်များကို တစ်ရက်လျှင် ၁၀ နာရီအထက် လုပ်သူများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း The Daily Mail သတင်းစာက စက်တင်ဘာ ၁၃ ရက်တွင်ရေးသားတင်ပြထားသည်။

တစ်နေ့တာကာလ အချိန်အများစုကို အထိုင်များသည့်အလုပ်များဖြင့် ကုန်ဆုံးနေကြရသော အရွယ်ရောက်သူများ၌ Dementia ရောဂါဖြစ်နိုင်ခြေမှာ သိသိသာသာ မြင့်တက်လာတတ်ကြောင်း အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၀ နှင့် အထက် သက်ကြီးပိုင်း ၅၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များနှင့် ဘဝနေထိုင်မှုပုံစံများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များတွင် တစ်ရက်လျှင် ၁၀ နာရီထိ အထိုင်များသူများ၌ Dementia ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ရှစ်ရာခိုင်နှုန်းမြင့်တက်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ တစ်ရက်လျှင် ၁၂ နာရီထိ အထိုင်များသူများတွင်မူ Dementia ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၆၃ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း၊ အလားတူတစ်ရက်လျှင် ၁၅ နာရီထိ အထိုင်များသူများတွင်မူ Dementia ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် သုံးဆမြင့်တက်လာနိုင်ကြောင်း သိရသည်။ KKO

အိပ်ရာစောစောထသူများထက် ညပိုင်းမအိပ်သူများ ဆီးချိုရောဂါဖြစ်နိုင်ခြေ ပိုမြင့်မားနေ

နယူးယောက် စက်တင်ဘာ ၁၄

ညပိုင်း မအိပ်စက်သူများသည် နံနက်စောစော အိပ်ရာထတတ်သူများနှင့်နှိုင်းယှဉ်ပါက ဆီးချိုရောဂါဖြစ်နိုင်ခြေ ပို၍မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ BWH ဆေးရုံမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညပိုင်းမအိပ်သူများသည် အိပ်ရာစောစောဝင်၍ စောစောထသူများထက် ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂၅ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သိရသည်။

ညပိုင်းအိပ်စက်ခြင်းမရှိသူများသည် ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းစသည့်ကျန်းမာရေးနှင့်မညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများ ကျင့်သုံးရန်အလားအလာများနေသူများ ဖြစ်နေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ညပိုင်းအလုပ်ဆင်းရသည့် အမျိုးသမီးသုနာပြုဆရာမ ၆၄၀၀၀ ခန့်၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ညပိုင်းမအိပ်သူများသည် အိပ်ရာစောစောဝင်၍ စောစောထတတ်သူများထက် ဆီးချိုရောဂါဖြစ်နိုင်ခြေ ၇၄ ရာခိုင်နှုန်း ပိုမြင့်မားလာသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ညပိုင်းမအိပ်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများကျင့်သုံးနေခဲ့လျှင်ပင် ဆီးချိုရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၁၂ ရာခိုင်နှုန်းပိုများနေဆဲဖြစ်သည်ဟု သုတေသန ပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ KKO

နိုင်ငံတကာ အားကစားသတင်းများ

ပရီးမီးယားလီဂ် ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်များ

ML

မန်ယူ Vs ဘရိုက်တန်

ကစားမည့်ရက်/အချိန် ၁၆-၉-၂၀၂၃ (ည ၀စား၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရိုက်တန် ၁ - ၀ မန်ယူ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

မန်ယူ	**- ဝေး(ရှုံး)**	**အိမ်(နိုင်)**	**ဝေး(ရှုံး)**
ဘရိုက်တန်	**- ဝေး(နိုင်)**	**အိမ်(ရှုံး)**	**အိမ်(နိုင်)**

ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ အာဆင်နယ်ကိုရှုံးထားတဲ့ မန်ယူအသင်းဟာ အိမ်ကွင်းကစားပုံကောင်းတဲ့အသင်းဖြစ်တာကြောင့် အခုပွဲစဉ်ကို တိုက်စစ်မြှင့်ပြီး ရမှတ်ပြည့်ရယူဖို့ပြင်ဆင်လာမှာပါ။ ဘရိုက်တန်ကတော့ အသင်းကြီးတွေကို ဖိအားပေးကစားနိုင်ပေမဲ့ အခုပွဲစဉ်မှာ ရလဒ်ကောင်းဖို့ ရုန်းကန်ရမှာပါ။ ဒါကြောင့် အိမ်ကွင်းခြေစွမ်းကောင်းတဲ့ မန်ယူအသင်းပဲ အနိုင်ရသွားမှာပါ။

အင်တာနက်စန်းမှန်း - မန်ယူ ၂ - ၁ ဘရိုက်တန်

နယူးကာဆယ် Vs ဘရန်ဖိုဒ်

ကစားမည့်ရက်/အချိန် ၁၆-၉-၂၀၂၃ (ည ၀စား၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရန်ဖိုဒ် ၁ - ၂ နယူးကာဆယ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

နယူးကာဆယ်	**- ဝေး(ရှုံး)**	**အိမ်(ရှုံး)**	**ဝေး(ရှုံး)**
ဘရန်ဖိုဒ်	**- အိမ်(သရေ)**	**ဝေး(သရေ)**	**အိမ်(သရေ)**

နယူးကာဆယ်အသင်းအနေနဲ့ ပွဲကျပ်တွေဆက်တိုက်ကစားခဲ့ရပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် ဖိအားအောက်ကျရောက်နေတာဖြစ်ပါတယ်။ ဘရန်ဖိုဒ်ကတော့ တိုးနေးမပါတဲ့တိုက်စစ်မှာ ဂှစ်ဆာ၊မီအူဘို တို့က တိုက်စစ်ပိုင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ခဲ့ပေမဲ့ အခုပွဲစဉ်မှာတော့ နိုင်ပွဲလိုအပ်နေတဲ့ နယူးကာဆယ်ကြောင့် ရလဒ်ကောင်းဖို့ခက်ခဲမှာသေချာပါတယ်။ ဒါကြောင့် နယူးကာဆယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

အင်တာနက်စန်းမှန်း - နယူးကာဆယ် ၁ - ၀ ဘရန်ဖိုဒ်

အီတလီစီးရီးအေ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

ML

ဂျူဗင်တပ် Vs လာဇီယို

ကစားမည့်ရက်/အချိန် ၁၆-၉-၂၀၂၃ (ည ၀ဂုဏ်း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လာဇီယို ၂ - ၁ ဂျူဗင်တပ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဂျူဗင်တပ်	**- ဝေး(နိုင်)**	**အိမ်(သရေ)**	**ဝေး(နိုင်)**
လာဇီယို	**- ဝေး(ရှုံး)**	**အိမ်(ရှုံး)**	**ဝေး(နိုင်)**

ဂျူဗင်တပ်အသင်းဟာ အဝေးကွင်းကစားပုံ တိုးတက်လာပေမဲ့ အိမ်ကွင်းမှာ ဂုံးရဖို့ရုန်းကန်နေရတာဖြစ်ပါတယ်။ လာဇီယိုကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပေမဲ့ အသင်းကြီးတွေနဲ့တွေ့ရင် ရလဒ်ကောင်းလေ့ရှိပြီး နောက်ဆုံးတွေ့ဆုံမှုမှာလဲ ဂျူဗင်တပ်ကို အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် တွေ့ဆုံမှုမှာရလဒ်ကောင်းထားတဲ့ လာဇီယို အသင်းနဲ့ပဲ လက်တွဲရမှာပါ။

အင်တာနက်စန်းမှန်း - ဂျူဗင်တပ် ၀ - ၁ လာဇီယို

အားကစားသတင်း အတိုအထွာများ

- စက်တင်ဘာ ၂၃ ရက်တွင် ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ပြိုင်ပွဲကစားမည့် အင်္ဂလန်အမျိုးသမီးအသင်းအတွက် ကစားသမား ၂၄ ဦးစာရင်းကို နည်းပြဝိုင်ဂမန်းက အတည်ပြုထုတ်ပြန်ခဲ့သော်လည်း ပထမဆုံးအကြိမ် ကစားသမားအပြောင်းအလဲများပြုလုပ်ခဲ့ကြောင်း သိရသည်။
- ယခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး နည်းပြစာရင်းတွင် ဂွါဒီယိုလာ၊ ဇာဗီ၊ စပယ်လက်တီနှင့် ပိုစတီကိုဂလူတို့ပါဝင်လာခဲ့ပြီး နည်းပြဂွါဒီယိုလာက အကောင်းဆုံးဆုရရှိရန် ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။ ML

နော်တင်ဟမ်ကစားသမား တော့ဖိုလို လောင်းကစားဥပဒေချိုးဖောက်မှုကြောင့် ငါးလပွဲပယ်ခံရ

လန်ဒန် စက်တင်ဘာ ၁၄

နော်တင်ဟမ်အသင်း ဗဟို ခံစစ်ကစားသမား တော့ဖိုလိုသည် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကချမှတ်ထားသည့် လောင်းကစားဥပဒေများကိုချိုးဖောက်မှုကြောင့် ငါးလပွဲပယ်ဖြစ်ဒဏ်နှင့် ငွေဒဏ်ချမှတ်ခံခဲ့ရကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ခံစစ်ကစားသမား တော့ဖိုလိုသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ စတင်ကာ ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်ထိကြားကာလအတွင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ချမှတ်ထားသည့် လောင်းကစားဥပဒေကို ၃၇၅ ကြိမ်ထိချိုးဖောက်ခဲ့မှုကြောင့် အက်ဖ်အေ၏ စုံစမ်းစစ်ဆေးမှု ခံခဲ့ရကြောင်း သိရသည်။

ယခုအခါ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်က တော့ဖိုလို အနေဖြင့် ပြစ်မှုထင်ရှားသဖြင့် ငါးလပွဲပယ်ပြစ်ဒဏ်နှင့် ငွေဒဏ် စတာလင်ပေါင် ၂၀၉၅၆ ဒသမ ၂၂ ပေါင်ထိချမှတ်ခဲ့သောကြောင့် ၎င်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်ထိ အသင်း၏ ပွဲစဉ်များကိုလွဲချော်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် လောင်းကစားဥပဒေချိုးဖောက်ခဲ့သည့် ပရီးမီးယားလီဂ်ကစားသမားတိုနေးမှာ ရှစ်လပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရပြီး နောက် နော်တင်ဟမ်အသင်းကစားသမားတော့ဖိုလိုသည် ဒုတိယမြောက်ပြစ်ဒဏ် အများဆုံးချမှတ်ခံခဲ့ရသည့် ပရီးမီးယားလီဂ်ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။ ML

နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသခံရသည့် နည်းပြဂွါဒီယိုလာ မန်စီးတီးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ဟုဆို

မန်ချက်စတာ စက်တင်ဘာ ၁၄

ပြီးခဲ့သည့်လက နောက်ကျောဒဏ်ရာကြောင့် ရှတ်တရက်ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရသည့် နည်းပြဂွါဒီယိုလာသည် ရက်သတ္တသုံးပတ်အကြာတွင် မန်စီးတီးအသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ကြောင်း AP News က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂွါဒီယိုလာသည် နောက်ကျောဒဏ်ရာကို ဘာစီလိုနာမြို့တွင်ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ခွဲစိတ်မှုကာလအတွင်း ရှက်ဗီးလ်(ဗ) အသင်းပွဲစဉ်နှင့် ဖူလ်ဟမ်အသင်းတို့၏ပွဲစဉ်များကိုလွဲချော်ခဲ့ရကာ လက်ထောက်နည်းပြ ဂျူအန်မာလီလိုက အသင်းကို တာဝန်ယူခဲ့ရပြီး ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးခဲ့သောကြောင့် နိုင်ငံကိုယ်စားပြု သွားရောက်ကစားနေရသည့် မန်စီးတီးအသင်းမှ ကစားသမားများပြန်လည်ရောက်ရှိချိန်တွင် အသင်း၏ လေ့ကျင့်ခန်းအစီအစဉ်ကိုစတင်ရန် ဂွါဒီယိုလာက ပြင်ဆင်လျက်ရှိပြီး လာမည့် စနေနေ့တွင် ဝက်စ်ဟမ်းအသင်းနှင့် ကစားရမည့် ပွဲစဉ်အတွက် ပွဲထွက်ကစားသမားစာရင်းကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပရီးမီးယားလီဂ် ချန်ပီယံ မန်စီးတီးအသင်းသည် အမှတ်ပေးပြိုင်ပွဲလေးပွဲ ကစားအပြီးတွင် ဘန်လေအသင်းကို သုံးဂိုး ဂိုးမရှိ၊ နယူးကာဆယ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ ရှက်ဗီးလ်(ဗ)အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဖူလ်ဟမ်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိပြီး ချန်ပီယံဆုကို ကာကွယ်နိုင်ရန် ရလဒ်ကောင်းများ ရယူနိုင်ခဲ့ကြောင်း သိရသည်။ ML

San Diego Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အွန်ဂျပ်ဘာက ရုရှားတင်းနစ်မယ် ပိုတာပိုဗာကိုရှုံးနိမ့်

ဆန်ဒီယေဂို စက်တင်ဘာ ၁၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့တွင်ကျင်းပနေသည့် San Diego Openတင်းနစ်ပြိုင်ပွဲဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာနှင့် ရုရှားတင်းနစ်မယ် ပိုတာပိုဗာတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ပိုတာပိုဗာက (၆-၄ ၊ ၇-၆)ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း The New Arab သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အွန်ဂျပ်ဘာသည် လက်ရှိကမ္ဘာ့အဆင့်(၄)နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပိုတာပိုဗာက ကမ္ဘာ့အဆင့်(၂၇)နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်သည်။

အွန်ဂျပ်ဘာအနေဖြင့် ဗိုလ်စွဲရန် ရေပန်းစားနေသည့်ကစားသမားစာရင်းကိုဦးဆောင်နေသော်လည်း ပိုတာပိုဗာနှင့်ပွဲစဉ်တွင် ပုံစံကောင်းပျောက်ဆုံးခဲ့ရပြီး ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီး ဒုတိယပွဲငယ်တွင်လည်း ရစ်သမ်မိနေသည့် ပိုတာပိုဗာကသာ အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့် ပိုတာပိုဗာအနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့်(၁၀)အတွင်း ရပ်တည်နေသည့် ကစားသမားများကို လေးကြိမ်မြောက် အနိုင်ယူခဲ့ခြင်းလည်းဖြစ်သည်။

ပိုတာပိုဗာက "အွန်ဂျပ်ဘာဟာ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်တဲ့အတွက် ပွဲစဉ်စကတည်းက ကျွန်မအနေနဲ့ စိတ်ရှည်သည်းခံဖို့ရယ် ပွဲအပေါ်မှာအာရုံစိုက်နိုင်ဖို့ကို ဦးစားပေးခဲ့ပါတယ်။ အွန်ဂျပ်ဘာဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတွေထဲက တစ်ယောက်ပါ။ သူ့ကစားတဲ့ပုံစံက ပြိုင်ဘက်ကစားသမားကို အခက်တွေ့စေတယ်။ သူနဲ့ယှဉ်ပြိုင်ခဲ့တဲ့ပွဲစဉ်တစ်လျှောက်လုံးမှာ ကျွန်မအနေနဲ့ ပြောပြလို့မရနိုင်တဲ့အခက်အခဲတွေ တွေ့ခဲ့ရတယ်။ ဒီလိုအခက်အခဲတွေကြားထဲကနေ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ တတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

အလေးမ အားကစားနည်းအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အလေးမ အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့် ယခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ တတိယနေ့တွင် အမျိုးသား(၆၇)ကီလိုတန်းပြိုင်ပွဲတွင် ထက်ညီညီနိုင်(ရောဝတီ)က ပထမ၊ ဝမ်ကြာလည်(စစ်ကိုင်း)က ဒုတိယ၊ ကျော်ဗြူးလတ်(ရန်ကုန်)က တတိယ၊ အမျိုးသမီး(၅၉)ကီလိုတန်းပြိုင်ပွဲတွင် ဇေရယ်ထွန်း(ရောဝတီ)က ပထမ၊ ဆုမြတ်မွန်(ရန်ကုန်)က ဒုတိယနှင့် အေးယုခိုင်(မကွေး)က တတိယ၊ အမျိုးသား(၇၃)ကီလိုတန်းပြိုင်ပွဲတွင် ရှိုင်းညီညီ(ရောဝတီ)က ပထမ၊ ရှိုင်းထက်အောင်(ရှမ်း)က ဒုတိယ၊ မောင်သက်ပိုင်ထူး(ရောဝတီ) က တတိယဆုများ အသီးသီးရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲတွင် အမျိုးသား(၆၇)ကီလိုတန်းပြိုင်ပွဲ၌ မောင်ထက်ညီညီနိုင်(ရောဝတီ)က အမြန်မသတ်မှတ် စံချိန် (၁၀၅)ကီလိုကို (၁၁၇)ကီလိုဖြင့်လည်းကောင်း၊ အမျိုးသမီး(၅၉)ကီလိုတန်းပြိုင်ပွဲတွင် ဇေရယ်ထွန်း(ရောဝတီ)က နှစ်ဆင့်မသတ်မှတ် စံချိန် (၉၅)ကီလိုကို (၉၆)ကီလိုဖြင့်လည်းကောင်း၊ အမျိုးသား(၇၃)ကီလိုတန်းပြိုင်ပွဲတွင် ရှိုင်းညီညီ(ရောဝတီ)က နှစ်ဆင့်မ သတ်မှတ် စံချိန် (၁၃၅)ကီလိုကို (၁၃၆)ကီလိုဖြင့်လည်းကောင်း စံချိန်သစ်များ တင်နိုင်ခဲ့ကြသည်။

ယခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲစတုတ္ထနေ့ ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီမှစတင်ပြီး အမျိုးသား(၈၁)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး(၆၄)ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (၈၉)ကီလိုတန်းပြိုင်ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

Yonex Sunrise Vietnam Open 2023 ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၄

ဒီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် Yonex Sunrise Vietnam Open 2023 ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ (၁၆)ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာနှင့် အိန္ဒိယကြက်တောင်မယ် အဒီတီဘာဟက် တို့ယှဉ်ပြိုင်ကစားခဲ့ရာ သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

သက်ထားသူဇာသည် Yonex Sunrise Vietnam Open 2023 ကြက်တောင်ပြိုင်ပွဲတွင် (၃၂)ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရခြင်းဖြစ်ပြီး အဆိုပါအဆင့်တွင်လည်း အိန္ဒိယကြက်တောင်မယ် ရှီဘာနီကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး (၁၆)ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက် (၄၇) နေရာတွင် ရပ်တည်နေသည့် သက်ထားသူဇာက ကမ္ဘာ့အဆင့် (၁၀၆)နေရာတွင်ရပ်တည်နေသည့် အဒီတီဘာဟက်ကို ပထမပွဲငယ်တွင် လက်ရည်အသာစီးဖြင့်ကစားနိုင်ခဲ့ပြီး ၁၄ မှတ် ၂၁ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဒုတိယပွဲငယ်တွင် နှစ်ဦးစလုံးလက်ရည်ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း သက်ထားသူဇာက ၂၃ မှတ် ၂၁ မှတ်ဖြင့် နှစ်မှတ်ဖြတ်တောက်နိုင်ခဲ့သောကြောင့် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် Yonex Sunrise Vietnam Open 2023 ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျပန်ကြက်တောင်မယ် ရှီအိုရီနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

STA

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှ ဂါစီယာကို ချန်လှပ်ခဲ့ခြင်းမှာ မိုက်မဲသောဆုံးဖြတ်ချက်ဖြစ်ကြောင်း ဂျန်ရမ်း ဝေဖန်ပြောကြား

မက်ဒရစ် စက်တင်ဘာ ၁၄

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်ရန် ပြင်ဆင်နေသည့် ဥရောပအသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်သူစပိန်ဂေါက်သီးရိုက်ကစားသမား ဂျန်ရမ်းသည် အသင်းခေါင်းဆောင် လုခ်ဒေါ်နယ်၏ လူစာရင်းရွေးချယ်မှုအပေါ်တွင် သံသယမရှိသော်လည်း စပိန်ဝါရင့် ဂေါက်သီးရိုက်ကစားသမားဂါစီယာကို အသင်း၏ လူစာရင်းမှ ချန်လှပ်ခဲ့ခြင်းမှာ မိုက်မဲသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဝေဖန်သွားခဲ့သည်ဟု ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်ဂေါက်သီးရိုက် ကစားသမားဂါစီယာသည် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ပွဲအများဆုံးရရှိထားသည့် ကစားသမားတစ်ဦးဖြစ်သလို ဥရောပအသင်းတွင် အကြိမ်ရေအများဆုံး ကစားထားသည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

အသင်းခေါင်းဆောင်လုခ်ဒေါ်နယ်အနေဖြင့် ဂါစီယာကို လူစာရင်းမှချန်လှပ်ခဲ့ခြင်းမှာ စွမ်းဆောင်ရည်ပိုင်းထက် PGA Tour ကိုစွန့်ခွာပြီး LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့ခြင်းကြောင့် ချန်လှပ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်းတွင် LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့သော ကစားသမားတစ်ဦးတစ်ယောက်မျှ ပါဝင်ခဲ့ခြင်းမရှိသလို အမေရိကန်အသင်း၌လည်း LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့သော ကစားသမားများအနက် ဘရော့ကိုပ်ကာ တစ်ဦးတည်းသာ ပါဝင်လာခဲ့ကြောင်း သိရသည်။

AZL

စပိန်လာလီဂါ ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

STA

ဘီလ်ဘာအို Vs ကာဒီဇ်

ကစားမည့်ရက်/အချိန် ၁၆-၉-၂၀၂၃ (ည ၀၆:၃၀နာရီ)
နောက်ဆုံးတွေ့ဆုံမှုရလဒ်
ဘီလ်ဘာအို ၄ – ၁ ကာဒီဇ်
နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဘီလ်ဘာအို	–	**၀း(နိုင်)**	**အိမ်(နိုင်)**	**၀း(သရေ)**
ကာဒီဇ်	–	**၀း(ရှုံး)**	**အိမ်(သရေ)**	**အိမ်(နိုင်)**

အိမ်ကွင်းဆိုရင်အသင်းကြီးတွေကိုတောင် ခြေရည်တူကစားနိုင်စွမ်းရှိတဲ့ ဘီလ်ဘာအိုအသင်းဟာ အခုပွဲစဉ်မှာ ကာဒီဇ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ ကာဒီဇ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိလို့ ဘီလ်ဘာအိုအသင်းကိုပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘီလ်ဘာအိုအသင်းပဲ အနိုင်ရရှိပါလိမ့်မယ်။

အင်တာနက်စန်းမှန်း – ဘီလ်ဘာအို ၂ – ၁ ကာဒီဇ်

ပြင်သစ်လီဂူး ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

STA

လန်း Vs မက်ဇ်

ကစားမည့်ရက်/အချိန် ၁၇-၉-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)
နောက်ဆုံးတွေ့ဆုံမှုရလဒ်
မက်ဇ် ၀ – ၀ လန်း
နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

လန်း	–	**အိမ်(သရေ)**	**၀း(ရှုံး)**	**၀း(ရှုံး)**
မက်ဇ်	–	**၀း(နိုင်)**	**အိမ်(သရေ)**	**အိမ်(သရေ)**

ဒီရာသီမှာ နိုင်ပွဲမရရှိသေးတဲ့ လန်းအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲစတင်ရရှိဖို့ပြင်ဆင်လာမှာပါ။ မက်ဇ်အသင်းကလဲ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခြေစွမ်းပိုင်းကလဲကျဆင်းနေလို့ အခုပွဲစဉ်မှာလဲ ရှုန်းကန်ရဖွယ်ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ လန်းအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

အင်တာနက်စန်းမှန်း – လန်း ၂ – ၁ မက်ဇ်

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်များ

STA

ဖရိုင်းဘတ် Vs ဒေါ့မွန်

ကစားမည့်ရက်/အချိန် ၁၆-၉-၂၀၂၃ (ည ၀၈:၀၀နာရီ)
နောက်ဆုံးတွေ့ဆုံမှုရလဒ်
ဒေါ့မွန် ၅ – ၁ ဖရိုင်းဘတ်
နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဖရိုင်းဘတ်	–	**အိမ်(နိုင်)**	**၀း(ရှုံး)**	**၀း(နိုင်)**
ဒေါ့မွန်	–	**အိမ်(နိုင်)**	**၀း(သရေ)**	**အိမ်(သရေ)**

ဒေါ့မွန်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံတိုင်း ရလဒ်ဆိုးရှားလေ့ရှိတဲ့ ဖရိုင်းဘတ်အသင်းဟာ အခုပွဲစဉ်မှာလဲ ရှုန်းကန်ရဖွယ်ရှိနေပါတယ်။ ဒေါ့မွန်အသင်းကတော့ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေလို့ အခုပွဲစဉ်ကို အနိုင်ရရှိဖို့ကြိုးစားလာမှာပါ။ ဒါကြောင့် တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲ နိုင်ပွဲပြန်လည်ရှာတွေ့မှာပါ။

အင်တာနက်စန်းမှန်း – ဖရိုင်းဘတ် ၁ – ၂ ဒေါ့မွန်

လိုက်ပ်စစ် Vs အော့စ်ဘတ်

ကစားမည့်ရက်/အချိန် ၁۶-၉-၂၀၂၃ (ည ၀၈:၀၀နာရီ)
နောက်ဆုံးတွေ့ဆုံမှုရလဒ်
လိုက်ပ်စစ် ၃ – ၂ အော့စ်ဘတ်
နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

လိုက်ပ်စစ်	–	**၀း(ရှုံး)**	**အိမ်(နိုင်)**	**၀း(နိုင်)**
အော့စ်ဘတ်	–	**အိမ်(သရေ)**	**အိမ်(ရှုံး)**	**အိမ်(သရေ)**

လိုက်ပ်စစ်အသင်းဟာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေလို့ အိမ်ကွင်းမှာ အော့စ်ဘတ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ အော့စ်ဘတ်အသင်းကတော့ ရလဒ်ပိုင်းဆိုးရွားနေလို့ အခုအဝေးကွင်းမှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်စစ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

အင်တာနက်စန်းမှန်း – လိုက်ပ်စစ် ၃ – ၀ အော့စ်ဘတ်

ယနေ့ ပုဂံပြည်

ခရီးသွားဆောင်းပါး

သက်နိုင်(ပြင်ဦးလွင်)

မြန်မာမှန်ရင် ပုဂံကိုရောက်ဖူးရမယ်ဆိုတဲ့စကားအတိုင်း ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့ကြတဲ့ ခရီးဖော်တွေ ပုဂံမြို့ကို ရောက်ရှိနေကြပါပြီ။ မနက်စာ စားသောက်ပြီးကြလို့ ပုဂံဘုရားတွေကို လှည့်လည်ဖူးမြော်ကြတော့မဲ့အချိန်မှာ မနက် ၇ နာရီသာ ရှိနေပါသေးတယ်။ အချို့ ဘုရားဖူးညီသည်တွေက ပုဂံကိုရောက်ရင် ဘယ်ဘုရားအဆုကြီးတွေကို ဘယ်အချိန်မှာ အပြီးဖူးမြော်နိုင်ရင် အကျိုးထူးတယ်။ ဆုတောင်းပြည့်တယ်ဆိုပြီး ပြောဆိုဖူးမြော်နေကြပေမဲ့ မိမိတို့အဖွဲ့ကတော့ အဲဒီလိုအစီအစဉ်တွေမရှိဘဲ ရောက်တဲ့နေရာမှာ ရောက်တဲ့ဘုရား၊ စေတီတွေကို အဆင်ပြေသလို ဖူးမြော်ကြမှာပါ။ ပုဂံမှာနှစ်ညအိပ်သုံးရက်လောက်အချိန်ယူပြီး ပုဂံ-ညောင်ဦးနဲ့တကွ အခြားပတ်ဝန်းကျင်က ဘုရားတွေကိုပါ စုံစုံလင်လင် ဖူးမြော်လေ့လာကြဖို့ ဆုံးဖြတ်ထားကြတယ်။

ပုဂံကိုမကြာခဏဆိုသလို ဘုရားဖူးရောက်ရှိခဲ့ပေမဲ့ ရောက်တဲ့အချိန်၊ ရတဲ့အချိန်တိုလေးအတွင်းမှာ နာမည်ကျော်တန်ခိုးကြီးဘုရားတွေကို စုံအောင် အပြေးအလွှား လိုက်လံဖူးမြော်နေရတာ မောလဲမော၊ ပန်းလဲပန်းနဲ့ ရောက်ရှိနေတဲ့ ဘုရား၊ စေတီတွေကို သေသေချာချာအာရုံပြု မဖူးနိုင်တော့ပါဘူး။ ဒါကြောင့် ဘုရားဖူးအသွင်မဆောင်တော့ဘဲ ဘုရားလည်တွေ ဖြစ်နေကြတော့တယ်။ ဒီတစ်ခေါက် အေးအေးဆေးဆေးနဲ့ အချိန်ရတုန်း ဘုရားလည်တွေ အဖြစ်မခံတော့ဘဲ ဘုရားဖူးစစ်စစ်တွေဖြစ်အောင် လုပ်ကြပါတော့မယ်။

စောစောစီးစီး ပထမဦးဆုံး စတင်ဖူးမြော်ရတဲ့ ဘုရားက ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားပါ။ ဒီဘုရားကြီးကို စတင်ဖူးမြော်မယ်လို့ ရည်ရွယ်မထားဘဲ ရောက်ရှိနေတဲ့နေရာကနေ ဘယ်ဘုရား၊ စေတီကို သွားလို့ရသလဲဆိုပြီး မေးမြန်းစုံစမ်းရာကနေ ရောက်လာခဲ့ရတယ်။ ပထမဦးဆုံးဖူးရတဲ့ ဘုရားလဲဖြစ်၊ ဘုရားထဲမှာလဲ လူရှင်းနေလို့ အချိန်ယူပြီးအေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ဖူးမြော်ကြရတယ်။ ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားကနေအပြန် ဆက်လက်ရောက်ရှိလာတာက ထီးလိုမင်းလိုဘုရားဖြစ်ပါတယ်။ ထီးလိုမင်းလိုဘုရားကနေ အဝင်တစ်လမ်း၊ အထွက်တစ်လမ်းနဲ့ နောက်ထပ်ဘယ်နေရာတွေကို ရောက်လို့ရောက်မှန်းမသိဘဲ ဆက်လက်မောင်းနှင်လာခဲ့တာ သရပါတံခါးကိုရောက်လာကြတယ်။ သရပါတံခါးမှာလဲ ကားရပ်ပြီး လေ့လာကြည့်ရှုကြ၊ ဓာတ်ပုံတွေရိုက်ကြနဲ့ အချိန်အနည်းငယ်ကုန်ခဲ့ရတယ်။ သရပါတံခါးရှိရာကို အရင်လို ဒိုင်နာကားကြီးနဲ့၊ အမိုးပေါ်မှာလဲ ကျောင်းသားတွေအပြည့်နဲ့ လာလို့မရတော့ပါဘူး။ တံခါးအဝင်၊ အထွက် ထိပ်နှစ်ဖက်မှာ ကားကြီးတွေ ဝင်၊ ထွက် သွားလာလို့မရအောင် အမြင့်ပေသတ်မှတ်ထားတဲ့ အတားအဆီးတွေလုပ်ထားတာကို တွေ့မြင်နေရတယ်။ မိမိရဲ့ခွေးဘီလူးကားလေးကတော့ အဝင်၊ အထွက်တိုင်းမှာ လွတ်လွတ်ကျွတ်ကျွတ် မောင်းနှင်လို့ရနေသေးတယ်။

သရပါတံခါးကနေထွက်လာခဲ့ကြပြီး အာနန္ဒာ၊ သဗ္ဗညု၊ ဂေါတော့ပလ္လင်၊ ရွှေဂူကြီး၊ လောကထိပ်ပန်စတဲ့ ဘုရားစေတီတွေရှိရာကို မေးမြန်းစုံစမ်းရင်းနဲ့ အဆင့်ဆင့်ရောက်ရှိဖူးမြော်နေချိန်မှာ ပုဂံဒေသရဲ့ ပူပြင်းတဲ့ရာသီဥတုဒဏ်ကို စတင်ခံစားကြရပါပြီ။ လက်ရှိ နေအရှိန်ပြင်းထန်နေတဲ့ဒဏ်ရယ်၊ မနေ့ညက ကျောက်ပန်းတောင်းမြို့မှာ အိပ်ရေးပျက်ခဲ့ရတဲ့ဒဏ်တွေကို ပေါင်းစပ်ခံစားနေကြရတာတွေကြောင့် ပင်ပန်းနွမ်းနယ်စပြုလာကြတယ်။ ခရီးဖော်တွေ အားလုံးကလဲ အသက်အရွယ်ကြီးနေကြသူတွေဖြစ်လို့ ဇရာရဲ့နှိပ်စက်မှုတွေကိုပါ ရောထွေးခံစားကြရတာကြောင့် ပိုမိုပင်ပန်းရတာဖြစ်ပါတယ်။ ဒါကြောင့် ခရီးဖော်လူကြီးတွေကို အမောပြေပြီးလန်းဆန်းသွားကြရအောင် ဇရာဝတီမြစ် ရေပြင်ကျယ်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ သဘာဝလေတွေကို ရှူရှိုက်ခံစားခွင့်ရအောင် အလှမ်းမဝေးတော့တဲ့ ဗူးဘုရားရှိရာကို ခေါ်ဆောင်သွားခဲ့လိုက်တယ်။

ဗူးဘုရားမှာ လေတဟူးဟူးနဲ့ အေးမြတဲ့အရသာကို ခံစားရရှိပေမဲ့ ဘုရားဖူးညီသည်တွေ အလွန်များပြားနေတယ်။ ဓာတ်ပုံရိုက်နေကြသူတွေ၊ ရှာဝင်းကြည့်နေကြသူတွေ၊ ဘုရားဖူးနေကြသူတွေနဲ့ စေတီတော်ဝန်းကျင်တစ်ခုလုံး၊ ရင်ပြင်တော်တစ်ခုလုံးအပြည့်ပါ။ ဒါကြောင့် အမောဖြေရင်း၊ နားနားနေနေနဲ့ အဆာပြေစားသောက်လို့ရအောင် အကြော်ဆိုင်တွေရှိတဲ့ ဧရာဝတီမြစ်ကမ်းကို လှေကားအတိုင်းဆင်းလာခဲ့ကြတယ်။ အကြော်စားရင်း၊ ရေနွေးသောက်ရင်း၊ အပန်းဖြေနားနေချင်လို့ ရောဝတီမြစ်ကမ်းရှိရာကို ဆင်းလာကြပေမဲ့ လှေကားတွေက အတော်အတန်မတ်စောက်နေတယ်။ လူငယ်လား၊ မလာရင် မီးစက်ရှိုးပေးမှာလားဆိုတာကို ဦးစားပေး မေးရတာပါ။ ရောက်ရှိစုံစမ်းသမျှ တည်းခိုခန်းနဲ့ ဟိုတယ်တိုင်းကလဲ လျှပ်စစ်မီးက မသေချာကြောင်း၊ ခရီးသွားညည်းသည်တွေ တည်းခိုမှုနည်းနေတဲ့အတွက် မီးစက်ကိုလဲ ည ၁၀ နာရီထိသာ မောင်းပေးနိုင်ကြောင်း၊ တစ်ညလုံး မမောင်းပေးနိုင်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောပြကြတယ်။

ဘုရား၊ စေတီတွေကို လှည့်လည်ဖူးမြော်နေစဉ် တုန်းက အာနန္ဒာဘုရားလို၊ ဗူးဘုရားလို၊ သဗ္ဗညုဘုရားလိုနေရာတွေမှာ ဘုရားဖူးညီသည်တွေအများအပြားမြင်တွေ့နေရလို့ ဟိုတယ်တွေ၊ တည်းခိုခန်းတွေမှာလဲ တည်းခိုနေကြသူတွေ ပြည့်နေလောက်ပြီ၊ အခန်းတွေ ရပါတော့မလားဆိုပြီး ပူပန်ခဲ့ရပေမဲ့ တကယ်တမ်း

ပုဂံရှိ သရပါတံခါးကို တွေ့ရစဉ်။

တွေအတွက် မသိသာလှပေမဲ့ လူကြီးတွေအတွက် မသက်သာလှပါဘူး။ အကြော်ဆိုင်တွေမှာ ဘူးသီးကြော်၊ မြင်းခွာရွက်ကြော်၊ ဆူးပုပ်ရွက်ကြော်၊ ကြက်သွန်နီကြော်၊ ဗယာကြော်၊ ပုစွန်ကြော်၊ ငါးကြော်၊ ကဏန်းကြော် အစုံအလင်ရနေသလို စားလို့လဲ ကောင်းတယ်။ အကောင်းဆုံးကတော့ ရေနွေးကြမ်းပူပူကို တစ်ခွက်ပြီးတစ်ခွက် သောက်ကြရတာပါ။

ရေနွေးကြမ်းသောက်၊ အကြော်စားနေကြရင်းနဲ့ ဧရာဝတီမြစ်တစ်ဖက်ကမ်းက တန့်ကြည့်တောင်နဲ့ တန့်ကြည့်တောင် စွယ်တော်မြတ်စေတီတော်ကို လှမ်းမျှော်ဖူးတွေ့နေရတယ်။ တန့်ကြည့်တောင်ကို ရှေးအခါက ဟိရညကတောင်လို့ ခေါ်ဆိုခဲ့ကြတယ်။ ရွှေ၊ ငွေ၊ သတ္တုထွက်ရာတောင်လို့ အဓိပ္ပာယ်ရပါတယ်။ အနော်ရထာမင်းလက်ထက်က သီဟိုဠ်ဘုရင်ဆက်သလိုက်တဲ့ စွယ်တော်မြတ်ကို ရွှေစည်းခုံစေတီတော်မှာ ဌာပနာခဲ့ပြီး နောက်ထပ်အဓိဋ္ဌာန်ပြုခဲ့ရာမှာ စွယ်တော်ပွားတစ်ဆူ ထပ်မံရရှိခဲ့တယ်။ စွယ်တော်ပွားကို ရတနာပန်းတောင်းမှာထည့်၊ ရတနာဆင်ဖြူထက်မှာ တင်ပြီး အဓိဋ္ဌာန်ပြုစေလွှတ်လိုက်တယ်။ ရတနာဆင်ဖြူတော်က ဧရာဝတီမြစ်ကိုဖြတ်ကူးသွားပြီး တန့်ကြည့်တောင်ထက်မှာ တုံ့ဝပ်သွားခဲ့တာကြောင့် အနော်ရထာမင်းက စွယ်တော်ပွားကိုဌာပနာပြုစေတီတည်ထားကိုးကွယ်ခဲ့တယ်။

တန့်ကြည့်တောင်ကိုသွားဖို့အတွက် မြစ်ဘေးတစ်လျှောက်မှာ ဆိုက်ကပ်ထားတဲ့စက်လှေတွေကို မေးမြန်းကြည့်တဲ့အခါ အသွားအပြန် စက်လှေခွေကျပ် ၅၀၀၀ နဲ့ စက်လှေခုတ်မောင်းချိန်၊ ဘုရားဖူးချိန် စုစုပေါင်း သုံးနာရီ ကြာမြင့်မှာဖြစ်ကြောင်း သိလိုက်ရတယ်။ ခရီးဖော်တွေကို သွားကြမလားဆိုပြီး မေးမြန်းတဲ့အခါ မသွားချင်တော့ကြောင်းနဲ့ နားချင်နေကြပြီဖြစ်ကြောင်းပြောတာနဲ့ ပုဂံ-ညောင်ဦးမြို့တွင်းကို ပြန်လာပြီး သင့်တော်တဲ့ ဟိုတယ်၊ တည်းခိုခန်းကို ရှာဖွေရတော့တယ်။ ဒီလိုလိုက်လံရှာဖွေစုံစမ်းတဲ့အခါ အဓိကအနေနဲ့ ညရောက်ရင် လျှပ်စစ်မီးလာမှာ မေးမြန်းစုံစမ်းရင်းနဲ့ ရောက်ရှိလာခဲ့တဲ့နေရာတိုင်းမှာ တည်းခိုနေသူတွေ တစ်ဦးတစ်ယောက်မျှမရှိကြဘဲ အခန်းအလွတ်တွေကိုသာ တွေ့မြင်နေရတယ်။ ဒါကြောင့်လဲ ရောက်ရှိခဲ့သမျှ ဟိုတယ်နဲ့တည်းခိုခန်းတိုင်းက မီးစက်ရှိုးမပေးနိုင်ကြောင်း ငြင်းဆိုကြရတာပါ။ နေရာတိုင်းမှာ စိတ်ကြိုက်အခန်းတွေကို ရွေးချယ်တည်းခိုခွင့်ရနေပေမဲ့ မီးမရတာကြောင့် ညအိပ်ဖို့အတွက် စိုးရိမ်ပူပန်ဒုက္ခရောက်ကြရတော့တယ်။ မီးမရရင် လေအေးပေးစက်တွေ၊ ပန်ကာတွေ ဖွင့်မရတော့ဘဲ တစ်ညလုံးအိပ်လို့ရကြတော့မှာမဟုတ်ပါဘူး။ ဒါက ယနေ့ ပုဂံပြည်ရဲ့အခြေအနေပါ။

ဒီလိုနဲ့ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ တစ်ခုပြီးတစ်ခု စုံစမ်းမေးမြန်းရင်းနဲ့ ဝိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကြီးအနီးက ဟိုတယ်တစ်ခုကိုရောက်လာကြတယ်။ ဒီဟိုတယ်မှာလဲ တည်းခိုနေကြသူတွေမရှိကြဘဲ အခန်းတွေအားလုံးလွတ်နေကြတယ်။ ဒါပေမဲ့ မီးမလာရင် တစ်ညလုံး မီးစက်မောင်းပေးပါ့မယ်ဆိုတာနဲ့ ဟိုတယ်အခန်းခစျေးနှုန်းတွေကို မေးမြန်းဖို့မေ့သွားပြီး သင့်တော်တဲ့အခန်းတွေကို နှစ်ယောက်တွဲတစ်ခန်းနှုန်းနဲ့ စုစုပေါင်းသုံးခန်း ယူလိုက်ကြတယ်။ နိုင်ငံသားစိစစ်ရေးကတ်တွေပေးရင်း အခန်းခတွေရှင်းတဲ့အခါ တစ်ခန်းကို ငွေကျပ် ၃၀၀၀၀ သာ ကျတဲ့အပြင် ချက်ချင်းမီးစက်မောင်းပေးနေလို့ အခုနေ့လယ်ပိုင်းမှာ မလိုသေးကြောင်း၊ ညအခါ မီးမလာမှ မောင်းပေးစေလိုကြောင်း ပြောရတော့တယ်။ ဟိုတယ်က စျေးနှုန်းသက်သာတဲ့အပြင် လိုအပ်တဲ့ဝန်ဆောင်မှုအားလုံးကို အပြည့်အဝလုပ်ဆောင်ပေးတယ်။

ဟိုတယ်ကိုရောက်လာတဲ့အချိန်က မနက် ၁၀ နာရီသာ ရှိနေပါသေးတယ်။ ရောက်ရောက်ချင်း တစ်ရေးတစ်မောအိပ်တဲ့သူက အိပ်၊ ရေချိုးတဲ့သူက ချိုးနဲ့ မွန်းတည့် ၁၂ နာရီမှာ နေ့လယ်စာ ထွက်စားကြဖို့ စီစဉ်ကြတယ်။ ဒါပေမဲ့ နေကလဲ အလွန်ပူပြင်း၊ ညတစ်ညလုံးလဲ အိပ်ရေးပျက်ထားတဲ့အပြင် ပင်ပန်းနေကြပြီဖြစ်တာကြောင့် ထမင်းစားချင်စိတ်ရှိသူ နည်းပါးနေတယ်။ ဒါကြောင့် ဆိုင်ကောင်းကောင်းမှာ ဟင်းတွေအများအပြား စုံစုံလင်လင်နဲ့ မစားကြတော့ဘဲ အရိပ်ကောင်းတဲ့ လမ်းဘေးဆိုင်လေးတစ်ဆိုင်မှာ အဆင်ပြေသလို စားသောက်ကြဖို့ တိုင်ပင်လိုက်ကြတယ်။ သစ်ပင်ရိပ်ကောင်းကောင်းနဲ့ လမ်းဘေးထမင်းဆိုင်လေးတွေကို ပုဂံ-ညောင်ဦးလမ်းတစ်လျှောက်မှာ ထမင်းအိုးလေးတွေ၊ ဟင်းအိုးလေးတွေ တန်းစီပြသရောင်းချနေတာနဲ့အတူ အများအပြားတွေ့ရှိနေရတယ်။ ရွှေစည်းခုံဘုရားကိုကျော်လာတာနဲ့ ပိုမိုများပြားလာတယ်လို့ထင်လိုက်ရပြီး လူလဲရှင်း၊ သပ်သပ်ရပ်ရပ်လဲရှိ၊ ဟင်းတွေလဲစုံမယ်ထင်တဲ့ ဆိုင်တစ်ဆိုင်ရှေ့မှာ ကားရပ်လိုက်တယ်။

လမ်းတစ်လျှောက် တွေ့ခဲ့သမျှ ထမင်းဆိုင်လေးတွေမှာ အဝစား ၂၅၀၀ ကျပ်လို့ရေးသားထားတာကို တွေ့နေရပြီး အခုကားရပ်လိုက်တဲ့ ဆိုင်မှာရေးသားထားတာကိုမတွေ့မမြင်ရတာကြောင့် ဆိုင်ရှင်ကိုမေးကြည့်တော့ ၂၅၀၀ ကျပ်သာဖြစ်ကြောင်း၊ ပုဂံမှာရှိတဲ့ လမ်းဘေးဆိုင်တွေအားလုံး ဒီနှုန်းထားအတိုင်းသတ်မှတ်ရောင်းချနေကြကြောင်း သိလိုက်ရတယ်။ ဟင်းတွေ မှာယူစားသောက်တဲ့အခါမှာ အချို့ခရီးဖော်တွေက ထမင်းစားချင်စိတ်မရှိတာကြောင့် လူခြောက်ယောက်ကို ဟင်းစုံခြောက်ပွဲချဆိုပြီး အလွယ်တကူ မှာယူလိုက်တယ်။ ချလာပေးတဲ့ဟင်းတွေက ကြက်သား၊ ဝက်သား၊ ဝက်ကလီစာ၊ ငါး၊ အမဲသားနဲ့ ဘဲဥ ဟင်းတွေအပြင် အခြားဟင်းရံတွေ အများအပြားပါ။ ဆိုင်ရှင်ဖြစ်သူက ဟင်းရံ ၁၀ မျိုးပြည့်ပြီလားဆိုပြီး စားပွဲထိုးမိန်းကလေးတွေကို အော်ပြောနေတာကိုလဲ ကြားနေရတယ်။ ဟင်းရံ ၁၀ မျိုးထဲမှာ အတို့အမြှုပ်ပန်းကန်နဲ့ သီးစုံချဉ်ရည်ဟင်းတွေ ထည့်သွင်းတွက်ချက်မထားသေးပါဘူး။ ဒီလိုများပြားတဲ့ ဟင်းရံတွေနဲ့ ဟင်းတွေအားလုံးကလဲ အစပ်အဟပ် တည့်ပြီး စားကောင်းနေလို့ ထမင်းစားချင်စိတ်မရှိဘူးဆိုတဲ့ ခရီးဖော်တွေတောင် တစ်ပန်းကန်ပြီးတစ်ပန်းကန် မြိန်ရေရှက်ရေ စားသောက်နေကြတဲ့အပြင် နောက်ထပ် ဟင်းလိုက်ပွဲတွေကို မှာယူနေရတော့တယ်။ လမ်းဘေးကဆိုင်လေးတွေဆိုပြီး အထင်သေးလို့မရသလို ခရီးစဉ်တစ်လျှောက်လုံးမှာလဲ စားကောင်းသောက်ကောင်းနဲ့ အစားအသောက်နဲ့ပတ်သက်ပြီး ကံကောင်းနေဆဲပါ။

ထမင်းစားပြီးတာနဲ့ ရှေ့ခရီးကိုဆက်လက်မောင်းနှင်လာခဲ့တာ မနက်ကဖြတ်သန်းပြီးခဲ့ပြီဖြစ်တဲ့ သရပါတံခါးကိုထပ်မံရောက်ရှိလာပြန်တယ်။ မနက်ကတည်းက ဓာတ်ပုံတွေရိုက်ပြီး လေ့လာကြည့်ရှုခဲ့ကြတာကြောင့် အခုတစ်ခေါက်မှာ ကားမရပ်တော့ပါဘူး။ သရပါတံခါးဆိုတာ ပုဂံမြို့တည်စဉ်က အုတ်နဲ့အခိုင်အမာတည်ဆောက်ထားခဲ့တဲ့ တံခါး ၁၂ ရပ်ထဲက တစ်ခုအပါအဝင်ပါ။ ပုဂံမြို့က ရှေးခေတ်အတိုင်းအတာအရ ၁၁၄၂ တာ ကျယ်ဝန်းပြီး တံခါး ၁၂ ရပ်ထဲမှာ သရပေ၊ သရပါ၊ သရဝတ်၊ သာတန်း၊ ငါးမြီးယပ်၊ ညောင်ဖြူ၊ သာစည်၊ မင်္ဂလာ၊ မကြည်သာ၊ မတောင့်တ၊ ဝင်းမနား၊ ကလေးတံခါးတို့ပါဝင်ကြပါတယ်။ အခုအချိန်မှာ အရှေ့မျက်နှာအလယ်ဗဟိုမှာရှိတဲ့ သရပါတံခါးတစ်ခုသာကျန်ရှိနေတော့ပြီး သရပါတံခါးဆိုတာ "မြားကိုဆီးကာသောတံခါး"လို့ အဓိပ္ပာယ်ရပါတယ်။

သရပါတံခါးကိုကျော်လွန်လာပြီး မကြာခင်မှာ ရွှေဟောင်းသုတေသနပြတိုက်ရှေ့ကို ရောက်လာကြတယ်။ အခုခရီးစဉ်မှာ ထူးထူးခြားခြားအဖြစ် ခရီးဖော်တွေအားလုံးက ပုဂံဒေသကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကြာကတည်းက ရောက်ဖူးနေခဲ့ကြပြီး ရှေးဟောင်းပြတိုက်အတွင်းကို ဝင်ရောက်လေ့လာကြည့်ရှုခြင်းမပြုကြရသေးတာပါ။ ပြတိုက်ထဲမှာတော့ ပုဂံခေတ်လက်ရာ အနုပညာယဉ်ကျေးမှုတွေ၊ ဗိသုကာတွေ၊ အခြားလေ့လာကြည့်ရှု မှတ်သားစရာတွေ အများအပြား တည်ရှိပြသထားလိမ့်မယ်လို့ ထင်ပါတယ်။ ဝင်ရောက်လေ့လာ ကြည့်ရှုလိုက်ပါအုံးမယ်။

The Best of Myint Moe Aung ရုပ်သံအစီအစဉ်ကို M Entertainment Channel မှ အောက်တိုဘာလတွင် ထုတ်လွှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၄

တေးရေးဆရာ မြင့်မိုးအောင်၏ အောင်မြင်ထင်ရှားခဲ့သည့် တေးသီချင်းများကို အဆိုတော် ခြောက်ဦးက သီဆိုထားသည့် The Best of Myint Moe Aung ရုပ်သံအစီအစဉ်ကို M Entertainment Channel မှ အောက်တိုဘာလတွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း တေးရေးဆရာ မြင့်မိုးအောင်က ပြောပြ၍ သိရသည်။

အဆိုပါ The Best of Myint Moe Aung ရုပ်သံအစီအစဉ်တွင် တေးရေးဆရာ မြင့်မိုးအောင်၏ လူသိများထင်ရှားသည့် တေးသီချင်းကို အဆိုတော် ဖြိုးပြည်စုံ၊ ဂျူဝယ်လ်၊ ကောင်းကောင်း၊ ဆုထက်လှိုင်၊ ထက်နေကြည်၊ ဝတ်ရည်ထက်တို့က သီဆိုဖျော်ဖြေမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

"စီစဉ်တာကတော့ M Entertainment Channel က စီစဉ်တာပါ။ သီချင်းတွေကတော့ အဟောင်းတွေကော၊ အသစ်တွေကော ရုပ်သံဇာတ်လမ်းတွဲတွေရဲ့ ဇာတ်ဝင်တေးတွေလဲပါပါတယ်။ သီချင်းတွေကတော့ The Heart of Rangoon-THOR မှာကျင်းပခဲ့တဲ့၊ The Best Of Myint Moe Aung Tribute Night မှာ ဖျော်ဖြေခဲ့တဲ့ သီချင်းတွေ အားလုံးနီးပါးပြန်ပါမှာပါ"ဟု တေးရေးဆရာ မြင့်မိုးအောင်က ပြောပြသည်။

The Best of Myint Moe Aung ရုပ်သံအစီအစဉ်သည် M Entertainment Channel ၏ M Music Night ရုပ်သံအစီအစဉ်က တာဝန်ယူထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ASH

Winnie the Pooh: Blood and Honey2 ဇာတ်ကားခ္ပ် မင်းသားကြီး ဆိုင်မွန်ကယ်လို ပါဝင်မည်

နယူးယောက် စက်တင်ဘာ ၁၄

Winnie The Pooh :Blood and Honey 2 ဇာတ်ကားတွင် မင်းသားကြီး ဆိုင်မွန်ကယ်လို ပါဝင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဆိုင်မွန်ကယ်လိုသည် ကာဗင်းဒစ် အမည်ရှိ ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် Winnie The Pooh :Blood and Honey ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားသစ်ဖြစ်ပြီး လက်ရှိတွင် ထုတ်လုပ်မှုလုပ်ငန်း စတင်နေပြီဖြစ်သည်။

Winnie The Pooh :Blood and Honey 2 ဇာတ်ကားကို ဒါရိုက်တာ ရိုလစ်ဖရီတ်ဝါတာဖီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရုံတင်ပြသနိုင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

KKO

အဆိုတော် ထက်ထူးနိုင်(မုဒုံ)၏ အခြားကမ္ဘာမှာသာတဲ့လ တေးသီချင်း Music Video (MV) ထွက်ရှိလာ

ရန်ကုန် စက်တင်ဘာ ၁၄

အဆိုတော် ထက်ထူးနိုင်(မုဒုံ)၏ အခြားကမ္ဘာမှာသာတဲ့လ တေးသီချင်း Music Video (MV) စက်တင်ဘာ ၁၄ ရက်က ထွက်ရှိလာပြီဖြစ်ကြောင်း ဒါရိုက်တာ နေညိမ်းက ပြောပြ၍ သိရသည်။

အဆိုတော် ထက်ထူးနိုင်(မုဒုံ) ခေတ္တဗန်ကောက်၏ အခြားကမ္ဘာမှာသာတဲ့လ တေးသီချင်း Music Video (MV) ကို Htet Htoo Naing You Tube Channel မှ ထုတ်လွှင့်တင်ဆက်ထားခြင်းဖြစ်ပြီး အဆိုပါတေးသီချင်းကို တေးရေး စနေက ရေးသားထားကာ ဒါရိုက်တာ နေညိမ်းက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီသီချင်းလေးက ဒရာမာ ဇာတ်လမ်းလေးပါ။ အဆိုတော် ထက်ထူးနိုင်က ကျွန်တော်ရယ်၊ ဒွဲလရောင်နဲ့ပဲ ရိုက်မယ်ဆိုလို့ ဖန်တီးဖြစ်တာပါ။ သီချင်းတစ်ပုဒ်ဆိုပေမဲ့ ဇာတ်လမ်းဇာတ်အိမ်နဲ့ ဖန်တီးထားတာပါ။ မျက်ရည်အစစ်ရတဲ့ထိ သရုပ်ဆောင်တွေကို သေချာစောင့်ပေးတယ်။ Mood ဝင်မှရိုက်တာပါ။ အကောင်းဆုံးလဲ ဖန်တီးထားပါတယ်"ဟု ဒါရိုက်တာ နေညိမ်းက ပြောပြသည်။

အခြားကမ္ဘာမှာ သာတဲ့လ တေးသီချင်း MV တွင် သရုပ်ဆောင် ဒွဲလရောင်၊ ဒေါင်းဝေ၊ နန်းဝေဝေမြင့်၊ ကိုဇော်၊ ဒေါင်းလေး၊ မျိုးမျိုးတို့က ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

The Nun 2 ဇာတ်ကား ပထမသီတင်းပတ်ကုန် ပြည်တွင်းဝင်ငွေ ကန်ဒေါ်လာ ၃၂ သန်းကျော်ရရှိခဲ့

နယူးယောက် စက်တင်ဘာ ၁၄

The Conjuring ဇာတ်ကားတွဲများ၏ နောက်ဆုံးထွတ်ဇာတ်ကားဖြစ်သည့် The Nun 2 ဇာတ်ကား၏ ပထမသီတင်းပတ်ကုန် ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၂ သန်းကျော် ရရှိခဲ့ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် The Nun 2 ဇာတ်ကား၏ နိုင်ငံတကာဈေးကွက်ဝင်ငွေမှာလည်း စတင်ရုံတင်ပြီးသုံးရက်အတွင်း အမေရိကန်ဒေါ်လာ ၈၅ သန်းထိ ရှိလာကြောင်းသိရသည်။ ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီသည် The Nun 2 ဇာတ်ကားကို စက်တင်ဘာ ၈ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ကော်ရင်ဟာဒီရိုက်ကူးခဲ့သော The Nun (2018) ၏ နောက်ဆက်တွဲဇာတ်ကားသစ်ဖြစ်သည်။ The Nun 2 ဇာတ်ကားကိုမူ ဒါရိုက်တာ မိုက်ကယ်ချားဗက်ကရိုက်ကူးပေးထားခြင်းဖြစ်သည်။

The Nun 2 ဇာတ်ကားတွင် မင်းသား ကျိုးနုပ်စ်ဘလိုကတ်၊ မင်းသမီး တိုင်ဆာဖာမီဂါနှင့် ဘွန်နီအေရွန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO

(၁၆)ကြိမ်မြောက် အာရှအပြည်ပြည်ဆိုင်ရာ ကလေးများရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ ကလေးများ ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် စက်တင်ဘာ ၁၄

ဂျပန်နိုင်ငံတွင် ကျင်းပမည့် (၁၆) ကြိမ်မြောက် အာရှအပြည်ပြည်ဆိုင်ရာ ကလေးများရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ ကလေးများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နိုင်ငံတကာဆက်ဆံရေးကော်မတီမှ သိရသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို ယခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဂျပန်နိုင်ငံ Hyogo ခရိုင် Minami Awaji မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမှ အသက် ၁၈ နှစ်နှင့် အသက် ၁၈ နှစ်အောက် အထက်တန်းကျောင်းသား၊ ကျောင်းသူများကို ဖိတ်ခေါ်ထားပြီး ပြိုင်ပွဲဝင်များ၏ လက်ရာများကို မြန်မာနိုင်ငံရှိ ဂျပန်သံရုံးမှတစ်ဆင့် လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဂျပန်သံရုံးကနေတစ်ဆင့် ပွဲတော်အတွက် ပြိုင်ပွဲဝင်ရမှာဖြစ်ပါတယ်။ ပါဝင်လျှောက်ထားသူတွေ အားလုံးဟာ အသက် ၁၈ နှစ်နဲ့ အသက် ၁၈ နှစ်အောက် မြန်မာနိုင်ငံသား အထက်တန်းကျောင်းသား၊ ကျောင်းသူတွေပဲ ဖြစ်ရပါမယ်။ ကင်မရာရိုက်ကူးသူ၊ ဒါရိုက်တာနဲ့ သရုပ်ဆောင်တွေအားလုံးဟာ အထက်တန်းကျောင်းသား၊ ကျောင်းသူတွေ ဖြစ်ရပါတယ်။ Home Video နဲ့ သုံးမိနစ်စာ ရုပ်ရှင်ဖြစ်ရမယ်။ ပြင်ပမှာ ပြသဖူးခြင်းမရှိရဘူးလို့ သိရတယ်။ ပြိုင်ပွဲဝင် လက်ရာတွေထဲက ရွေးချယ်ခံရတဲ့ လက်ရာတွေကို ရုပ်ရှင်ပွဲတော်မှာ ပြသပေးမယ်။ ဖန်တီးသူတွေထဲက JENESYS အစီအစဉ်သတ်မှတ်ချက်နဲ့ ကိုက်ညီသူတွေကို ဂျပန်နိုင်ငံမှာ သွားရောက်လေ့လာနိုင်မဲ့ အခွင့်အရေးတွေ ရရှိမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နိုင်ငံတကာဆက်ဆံရေးကော်မတီ ပြန်ကြားရေးမှူး ဦးချမ်းသာကြည်စိုးက ပြောပြသည်။

ပြိုင်ပွဲဝင်လျှောက်လွှာများကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးသို့ အောက်တိုဘာ ၈ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း လျှောက်ထားလာသော လက်ရာများကို သံရုံးအနေဖြင့် အကဲဖြတ်ကာ ပြိုင်ပွဲဝင်ရမည့် လက်ရာများကို ရွေးချယ်သတ်မှတ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နိုင်ငံတကာဆက်ဆံရေးကော်မတီမှ သိရသည်။

ASH

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives chiefs of ASEAN air forces

Vice-Senior General Soe Win receives chiefs of ASEAN air forces.

Nay Pyi Taw September 14

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win received chiefs of ASEAN air forces, who are attending the ASEAN Air Chiefs Conference (20th AACC) hosted by Myanmar, at Zeyathiri Beikman here this morning.

Present at the meeting together with the Vice-Senior General were Commander-in-Chief (Air) General Tun Aung, Chief of Staff (Navy) Vice-Admiral Zwe Win Myint, Chief of Staff (Air) Lt-Gen Zaw Win Myint and officials. Commander of Royal Brunei Air Force Brigadier General (U) Dato Seri Pahlawan Mohammad Sharif Bin Dato Paduka Haji Ibrahim, Commander of the Royal Cambodian Air Force General Soeung SAMNANG, Chief of Air Force of Lao People's Liberation Army Brigadier General Khamlek SENGPHACHANH, Commander-in-Chief of the Royal Thai Air Force Air Chief Marshal Alongkorn Vannarot, Commander of Vietnam People's Air Force Lieutenant General Nguyen Van Hien and officials were also present.

First, the Vice-Senior General discussed the SAC's achievements in implementing the five-point roadmap, nine objectives, two political goals, and two national goals, trial runs of population and housing census and preparations for conducting population and housing census every ten years, preparations to hold a free and fair multiparty general election, and ASEAN military cooperation. As regards the 20th AACC, he reviewed the achievements of the previous conferences.

The ASEAN air chiefs introduced themselves individually and described their visits to landmarks in Myanmar, the hospitality the host showed to them and the success of the conference.

After the meeting, the Vice-Senior General presented gifts to the ASEAN air force chiefs and posed for documentary photo with them.

100

Vice-Senior General Soe Win poses for a group photo together with chiefs of ASEAN air forces.

More than 190,000 tons of fertilizer worth US$ 75 million imported in August

Bags of fertilizer stored in a warehouse.

Nay Pyi Taw September 14

The Ministry of Commerce stated that Myanmar imported more than 190,000 tons of fertilizers worth more than US$75 million in August.

In this regard, 154,700 tons of fertilizers worth US$62.857 million were imported through maritime trade route and 39,700 tons worth US$12.223 million through land borders.

In August, some 70,000 tons of fertilizers were imported from China, more than 40,000 tons from Omen, some 14,000 tons from Thailand, more than 10,000 tons from South Korea, over 8,500 tons from Malaysia, over 3,000 tons from Brunei, more than 2,800 tons from Germany, some 1,500 tons from Vietnam, more than 1,100 tons from Laos, over 1,000 tons from Iran, over 500 tons from Canada, over 500 tons from England, more than 500 tons from Russia, some 400 tons from Uzbekistan, more than 300 tons from Belgium, over 300 tons from Norway and more than 300 tons from China Taipei, totalling more than 154,700 tons.

During the period, more than 1,700 tons of fertilizers were bought from Thailand and some 38,000 tons from China through land borders.

The Ministry of Agriculture, Livestock and Irrigation supervise systematic production of fertilizers with importing, exporting, packaging and distribution under the existing laws.

The government formed a Urea Fertilizer Distribution Leading Committee for selling fertilizers at fair prices to local farmers where the Ministry of Energy formed the Urea quota setting committee.

336

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Authorities plan to start visa on arrival program for Chinese and Indian tourists

Yangon International Airport.

Nay Pyi Taw September 14

Chinese and Indian tourists will be allowed to start visiting Myanmar with a visa on arrival (tourist visa), according to the Department of Immigration for Nay Pyi Taw.

According to the Immigration Department, a trial period of one year will be set for Chinese and Indian tourists entering Myanmar by air from the date of approval and in accordance with the regulations of the Covid-19 disease.

For Chinese and Indian tourists arriving at international airports in Myanmar, they must obtain a visa on arrival application free of charge and fill out the application form with two photos of the specified size. The visa fee on arrival will be charged in US dollars. It is known that only one type of tourist visa will be allowed for the time being, as it is a visit.

Chinese and Indian tourists coming to Myanmar must have a passport valid for at least six months.

ASH

Libya flood: Satellite images reveal destruction in Derna

Tripoli September 14

Satellite images show the scale of destruction in the Libyan port of Derna after floodwaters swept away bridges, streets and communities - leaving thousands of people missing or dead.

Heavy rains brought by Storm Daniel at the weekend caused two dams to burst on the usually dry Wadi Derna riverbed running through the city. The torrents of water and debris left a trail of devastation.

A series of bridges had crossed the Wadi, connecting the port area with the western side of the city. The waters - which one official described as "like a tsunami" - swept away the bridges and whole blocks of buildings along the river including multi-storey residential blocks, government buildings and a large mosque.

A major coastal road near the port has been washed away.

In the nearby neighbourhood of Al-Eilwa, around 96% of properties were reported to have been flooded.

Derna's population was around 125,000 before the storm hit Libya.

The city's mayor said that given number of neighbourhoods completely destroyed, between 18,000 and 20,000 people may have died.

Thousands are also injured or missing, with many more left without anywhere to live.

BBC

Govt. approves 1,300 m kyats for the benefits of social security insurance workers in Mandalay Region

Mandalay September 14

More than 1,300 million kyats has been approved and supported for the benefits of social security insurance workers by townships in Mandalay Region, according to the Social Security Office of Mandalay Region.

From April to date, there have been 10,479 cases of workers who are entitled to benefits for these social security insurances, and most of them are ill health, medical and hospital expenses women's births. A total of 1,341.02 million kyats have been approved and supported for cases with these benefits, said U Than Naing Oo, deputy director of the Mandalay Region Social Security Office.

"From our department, we are helping workers who are working to support their families to get benefits. In order to obtain financial benefits for social security insurance workers, they can contact the social security offices and social security clinics in the respective townships. If there are requests, we are allowing it in a timely manner," he said.

The office of Mandalay Region Social Security Board.

185

UK and Irish nationals ill after Bordeaux sardines

London September 14

A number of British and Irish nationals are among those receiving hospital treatment for botulism after eating sardines in a French restaurant.

A 32-year-old woman has died and several others are being treated after the outbreak of the rare food-borne illness in Bordeaux.

Santé publique France, the country's public health agency, said the homemade sardines had been stored by the owner of Tchin Tchin Wine Bar in the French city.

The Irish Embassy in Paris urged citizens who ate at the restaurant and have symptoms to consult a doctor "immediately".

The UK Health Security Agency (UKHSA) said it had been "notified of a small number of British nationals who ate at the Tchin Tchin Wine Bar in Bordeaux between 4 and 10 of September".

"Individuals who have been identified by the French authorities and have returned to the UK are receiving medical attention."

The statement added there "may be more people now in the UK who ate at the Bordeaux restaurant whom the French authorities have not been able to trace".

Ireland's Health Service Executive (HSE) said it was aware of a "small number" of Irish citizens who had been affected and were receiving treatment in France. BBC

The people became ill after eating sardines.

Myanmar's pigeon pea fetches high prices due to foreign demand

Mandalay September 14

Demand of foreign customer countries becomes a drive to spike prices of pigeon pea in Mandalay market this season, according to the local bean merchants in Mandalay.

Currently, pigeon pea flows into Mandalay market from regions and states. Favourable weather contributes to high yield of pigeon pea across the nation. Last year, one bag of pigeon pea was priced at 175,000 compared to K385,000 this year. So, price of the bean rose to more than two folds, said U Soe Win Myint, owner of Soe Win Myint brokerage in Mandalay.

"Local consumption of pigeon pea is lesser in Myanmar. But, Indians so prefer to consume pigeon pea due to free from chemicals and delicious taste. All yield of pigeon pea is exported to India on a yearly basis. This year, India requires a large volume of pigeon pea, raising the prices. Myanmar exports pigeon pea to India, Nepal, Bangladesh and Pakistan yearly. All of them, India is the main customer. Pigeon pea can be cultivated in only cold season. At present, pigeon pea is marketable in Mandalay," he added.

Myanmar produces red, white and striped pigeon peas. They are cultivated in Mandalay, Magway and Sagaing regions in addition to Kayah and Shan states. As such, pigeon pea should be extended on sown acreage for fetching the high prices.

185

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ယူကရိန်းတပ်ဖွဲ့များက ဂျာမနီထုတ်ဒရုန်းများအသုံးပြုပြီး ရုရှားကိုတိုက်ခိုက်ခဲ့

ယူကရိန်းတပ်ဖွဲ့များသည် ရုရှားနိုင်ငံပိုင်နက်ကို ဂျာမနီထုတ် ဒရုန်းများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း www.rt.com သတင်းဌာနက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံ Quantum-Systems မှ ထုတ်လုပ်သည့် အလယ်အလတ်တန်းစား Vector ဒရုန်းတစ်စင်းသည် Novozybkov ခရိုင်တွင် တိုက်ခိုက်ရန် ကြိုးပမ်းမှုအတွင်း၌လည်း စက်တင်ဘာ ၁၀ ရက်က ပစ်ချခံခဲ့ရကြောင်း ရုရှားအွန်လိုင်းမီဒီယာ Mash ၏ ဖော်ပြချက်အရ သိရသည်။

အစီရင်ခံစာသည် ရည်ရွယ်တိုက်ခိုက်ခြင်းခံရသော ပစ်မှတ်ကိုထုတ်ဖော်ရေးသားထားခြင်းမရှိပေ။

အဆိုပါ Vector ဒရုန်းသည် စက်တင်ဘာ ၁၀ ရက် နံနက်က ယူကရိန်းအရှေ့မြောက်ပိုင်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသော Bryansk တွင် တိုက်ခိုက်မှုအတွက် အသုံးပြုခဲ့သော ဒရုန်းသုံးစင်းအနက် ဒုတိယမြောက်တစ်စင်းဖြစ်သည်။ ပထမဆုံးတစ်စင်း သယ်ဆောင်လာသော ဖောက်ခွဲရေးပစ္စည်းများကို Druzhba ရထားဘူတာရုံတွင် ကြဲချခဲ့ပြီး အုပ်ချုပ်ရေးအဆောက်အအုံများ၊ ကေဘယ်လိုင်းများနှင့် လျှပ်စစ်ဓာတ်အားပေးရေး အခန်းများကို ထိခိုက်စေခဲ့သည်။ နောက်ထပ် ဒရုန်းတစ်စင်းသည် လက်ပစ်ဗုံးများကို Krucha ရွာပေါ်သို့ ကြဲချခဲ့သည်ဟု Mash မီဒီယာက ပြောကြားခဲ့သည်။

Donbass ဒေသတွင် ၎င်း၏ ကာလကြာရှည်စွာ ကြွေးကြော်ထားသောတန်ပြန်ထိုးစစ်ကိုဆင်နွှဲခဲ့ခြင်းနှင့်အတူ ယူကရိန်းစစ်ဘက်သည် မကြာသေးမီရက်သတ္တပတ်များအတွင်း ရုရှားနိုင်ငံပိုင်နက်အတွင်းရှိ အရပ်ဘက်ပစ်မှတ်များကို ဒရုန်းဖြင့် တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာခဲ့သည်။

Bryansk ဒေသတွင် ယူကရိန်း၏ဒရုန်းသုံးစင်း ကြားဖြတ်ပစ်ချနိုင်ခဲ့ပြီး ထိုကဲ့သို့အကြမ်းဖက် တိုက်ခိုက်မှုတစ်ရပ်ကို စက်တင်ဘာ ၈ ရက်က တားဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယူကရိန်းတို့၏ ဒရုန်းတစ်စင်းကိုလည်း Belgorod ဒေသတွင် စက်တင်ဘာ ၁၀ ရက် အစောပိုင်းက ပစ်ချနိုင်ခဲ့သည်။

ရုရှားတပ်များကို တုံ့ပြန်တိုက်ခိုက်ရန် ယူကရိန်းကို လက်နက်တပ်ဆင်ပေးနေသည့် NATO စစ်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ် အစောပိုင်းက ဂျာမနီအစိုးရသည် Vector ဒရုန်းအစင်း ၃၀၀ ကို မှာယူခဲ့သည်။ Vector ဒရုန်းများကို အားဖြည့်ကာဗွန်ဖိုက်ဘာသတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားပြီး စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းမစ်ရှင်များတွင် ကြမ်းတမ်းသော ရာသီဥတုအခြေအနေများကြားဌပင် လျှို့ဝှက်တိတ်ဆိတ်စွာလုပ်ဆောင်နိုင်စွမ်းအတွက် အမှတ်တင်ထားသည့် ဒရုန်းအမျိုးအစားများလည်း ဖြစ်သည်။

၎င်းဒရုန်းသည် ကုဒ်ဝှက်ထားသော ဒေတာချန်နယ်မှတစ်ဆင့် အော်ပရေတာထံသို့ အချိန်နှင့်တစ်ပြေးညီကြည်လင်ပြတ်သားသော HD ဗီဒီယိုများကို အော်ပရေတာထံ ပေးပို့နိုင်သည်။

German-made drone used to attack Russia – media ကို ဘာသာပြန်ဆိုထားပါသည်။

ဘင်္ဂလားဒေ့ရ်လေတပ်က Eurofighter Typhoon နှင့် Dassault Rafale တိုက်လေယာဉ်များဝယ်ယူရန်စီစဉ်

ဘင်္ဂလားဒေ့ရ်လေတပ် (BAF) သည် Eurofighter Typhoon နှင့် Dassault Rafale တိုက်လေယာဉ်များ ဝယ်ယူရန် စီစဉ်နေကြောင်း စက်တင်ဘာ ၁၁ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ တိုက်လေယာဉ်ဝယ်ယူရန် တင်ဒါခေါ်ဆိုမှုတွင် Eurofighter Typhoon နှင့် Dassault Rafale တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ထိုသို့သော အခြေအနေတွင် ပြင်သစ်သမ္မတ Emmanuel Macron သည် ဘင်္ဂလားဒေ့ရ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ သမ္မတတစ်ဦးအနေဖြင့် ဘင်္ဂလားဒေ့ရ်နိုင်ငံသို့ လာရောက်လည်ပတ်မှုသည် ၃၃ နှစ်ကြာပြီးနောက် ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရ်သည် Forces Goals 2030 အရ ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များကို ခေတ်မီအောင်လုပ်ဆောင်ရန် စီစဉ်နေသည်။ အစီအစဉ်အရ ဘင်္ဂလားဒေ့ရ်လေတပ်(BAF) သည် တရုတ်နိုင်ငံမှ Chengdu J-7 တိုက်လေယာဉ် ၁၆ စင်းကို ဝယ်ယူခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဘင်္ဂလားဒေ့ရ်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် Multi-Role Combat Aircraft (MRCA) ဘက်စုံတိုက်လေယာဉ် ရှစ်စင်းဝယ်ယူရန်အတွက် တင်ဒါခေါ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါတင်ဒါအရ ဒုတိယအသုတ်အနေဖြင့် နောက်ထပ် တိုက်လေယာဉ်လေးစင်းကို မှာယူနိုင်ဖွယ်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် အစီအစဉ်များ နှောင့်နှေးခဲ့ရသဖြင့် BAF အနေဖြင့် တင်ဒါအောင်မြင်နိုင်ရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်လာခဲ့သည်။ အိန္ဒိယနိုင်ငံသည် ပြည်တွင်းထုတ် Light Combat Aircraft (LCA)ဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထဝီဝင်အနေအထားကိုလွှမ်းမိုးရန် ကြိုးစားနေသည်။ သို့သော်လည်း ဘင်္ဂလားဒေ့ရ်သည် Eurofighter Typhoon တိုက်လေယာဉ်ကိုသာ စိတ်ဝင်စားနေပုံရသည်။

"ဘင်္ဂလားဒေ့ရ်ဟာ Eurofighter Typhoon ဒါမှမဟုတ် Dassault Rafaleကို ရွေးချယ်ဖွယ်ရှိပါတယ်။ ဒါပေမဲ့ လာမဲ့ရွေးကောက်ပွဲတွေမတိုင်ခင် ဘာမှ အပြီးသတ်ဆုံးဖြတ်နိုင်မှာ မဟုတ်ပါဘူး။ အိန္ဒိယလေတပ်က Rafale ကို ပိုင်ဆိုင်ထားတာကြောင့် Eurofighter Typhoon ရဲ့ အလားအလာက ပိုအားသာပါတယ်" ဟု ဘင်္ဂလားဒေ့ရ် တာဝန်ရှိသူတစ်ဦးက Eur Asian Times သတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယသည် လေတပ်တွင် Rafale ၃၆ စင်းကို စတင်အသုံးပြုလျက်ရှိပြီး ရေတပ်အတွက် Rafale M ၂၆ စင်းကို လေယာဉ်တင်သင်္ဘောအခြေပြု စစ်ဆင်ရေးများအတွက် ဝယ်ယူဖြည့်တင်းလျက်ရှိသည်။ အိန္ဒိယလေတပ်သို့ တပ်တော်ဝင်နိုင်ခဲ့ခြင်းသည် ပြင်သစ်လေကြောင်းနှင့် အာကာသလုပ်ငန်း Dassault မှထုတ်လုပ်သော Rafale ၏ကံကြမ္မာကို ပြောင်းလဲစေခဲ့သည်။

BAF အတွက် တိုက်လေယာဉ်ဝယ်ယူရန် သဘောတူညီချက်သည် လာမည့်နှစ်ထိ အပြီးသတ်နိုင်လိမ့်ဦးမည်မဟုတ်ကြောင်း၊ ပြင်သစ်သမ္မတ၏ ဘင်္ဂလားဒေ့ရ်နိုင်ငံခရီးစဉ်ကို အကောင်အထည်ပေါ်စေမည့် နောက်ဆုံးကြိုးပမ်းချက်ဖြစ်ကြောင်း၊ ပြင်သစ်သမ္မတ Macron သည် G-20 ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ရောက်ရှိခဲ့ပြီး နှစ်နိုင်ငံကြား သမိုင်းဝင် နှစ်ရက်တာခရီးစဉ်အတွက် ဘင်္ဂလားဒေ့ရ်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ပြင်သစ်-ဘင်္ဂလားဒေ့ရ် ဆက်ဆံရေးသည် ပြီးခဲ့သည့်နှစ်များအတွင်း သိသာထင်ရှားသော တိုးတက်မှုကိုမြင်တွေ့ခဲ့ရပြီး နှစ်နိုင်ငံကြား အပြန်အလှန်ကုန်သွယ်မှုသည် ယုရှိငွေ သုံးဘီလီယံကျော်တန်ဖိုးထိ ရောက်ရှိခဲ့သည်။ ဘင်္ဂလားဒေ့ရ်၏ပထမဆုံးသော ဂြိုဟ်တု Bangabandhu-1 ကို ပြင်သစ်ကုမ္ပဏီ Thales မှ ထုတ်လုပ်ထားခြင်းဖြစ်သည်။

Rafale For Bangladesh? 1st Time In 33 Years, French President Visits Dhaka As Dassault & Eurofighter Compete For BAF Deal ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်း ပုစွန်အစုံပိသာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဖျာပုံ စက်တင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်း ရေထွက်ကုန် ပုစွန်အစုံပိသာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးအေးအောင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းများသည် ဒေသထွက်ပုစွန်အစုံကိုဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇူလိုင်လအတွင်းက ပုစွန်အစုံပိသာချိန် ၄၂၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ပုစွန်အစုံပိသာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို တင်ပို့ရောင်းချပေးနေပါတယ်။ ဩဂုတ်လအတွင်း ပုစွန်အစုံပိသာချိန် ၇၆၀၀၀ ကျော်ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇူလိုင်လကထက် ပိသာချိန် ၃၄၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်က ဝယ်လက်တွေက ပုစွန်အစုံအဝယ်များခဲ့လို့ တင်ပို့အားလဲကောင်းခဲ့တာပါ။ ကုန်ချိန်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ပစ္စည်းတွေတင်ပို့ ရောင်းချတဲ့လုပ်ငန်းက ဆက်စပ်သူတွေအားလုံး အဆင်ပြေလာတာ တွေ့ရတယ်။ လက်ရှိ စက်တင်ဘာလထဲမှာလဲ အရောင်းအဝယ်သွက်နေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးအေးအောင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်အမျိုးအစားများမှာ ပုစွန်ဘော့ချိတ် တစ်ပိသာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၇၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိသာလျှင် ငွေကျပ် ၁၂၅၀၀ မှ ၁၃၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိသာလျှင် ငွေကျပ် ၁၃၅၀၀ မှ ၁၄၅၀၀၊ ပုစွန်တုပ်ကြီး တစ်ပိသာလျှင် ငွေကျပ် ၂၈၅၀၀မှ ၃၃၀၀၀ စသည်ဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

သက်ရှိကမ္ဘာကြီး ရှင်သန်ရပ်တည်ဖို့...
သဘာဝတောတောင်များ ထာဝရတည်တံ့စေဖို့...
သင့်ဘဝ သန့်ရှင်းကျန်းမာလုပစေဖို့...
နေ့စဉ်နင့်အမျှ ရှားပါးလာသော
အဖိုးတန်ရေချိုကို ချွေတာကြပါစို့။

မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၉-၂၀၂၃

ဆန်

ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်)	ကျပ်	၁၁၀၀၀၀/၁၁၅၀၀၀
ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်)	ကျပ်	၁၀၂၀၀၀/၁၀၄၀၀၀
ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်)	ကျပ်	၉၆၀၀၀/၉၈၅၀၀
မကျမ်းတော(အသစ်) (တစ်အိတ်)	ကျပ်	၉၆၀၀၀/၉၈၀၀၀
မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်)	ကျပ်	၇၄၀၀၀/၇၈၀၀၀
နွေဇီယာ(အသစ်) (တစ်အိတ်)	ကျပ်	၇၂၀၀၀/၇၅၀၀၀
မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်)	ကျပ်	၆၉၀၀၀/၇၂၀၀၀

စားဆီ

ပဲဆီ (တစ်ပိသာ)	ကျပ်	၁၄၀၀၀/၁၅၀၀၀
နှမ်းဆီ (တစ်ပိသာ)	ကျပ်	၁၂၅၀၀/၁၃၅၀၀
နေကြာဆီ (တစ်ပိသာ)	ကျပ်	၁၂၀၀၀/၁၃၀၀၀

စက်သုံးဆီ

ဒီဇယ်(ရိုးရိုး) (တစ်လီတာ)	ကျပ်	၂၆၁၀
ဒီဇယ်(ပရီမီယံ) (တစ်လီတာ)	ကျပ်	၂၆၈၅
ဓာတ်ဆီ(တစ်လီတာ)	ကျပ်	၂၃၀၀
အောက်တိန်း(၉၂) (တစ်လီတာ)	ကျပ်	၂၄၀၀
အောက်တိန်း(၉၅) (တစ်လီတာ)	ကျပ်	၂၅၃၀

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

ဘိလပ်မြေ

အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၂၀
AAA အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၀၀
Apache အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀
Crown အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၂၀၀
ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀

သံချောင်း

တစ်မတ်လုံး (တစ်တန်)	ကျပ်	၁၇၀၀၀၀၀
ငါးမူးလုံး (တစ်တန်)	ကျပ်	၁၄၀၀၀၀၀
သုံးမူးလုံး(တစ်တန်)	ကျပ်	၁၃၁၀၀၀၀
ခြောက်မူးလုံး (တစ်တန်)	ကျပ်	၁၂၉၀၆၀၀
ကျပ်လုံး (တစ်တန်)	ကျပ်	၉၉၈၀၀၀

အိမ်မိုးသွပ်

(၆၇၊၈)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၁၀၀
(၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၂၅၀
(၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၄၀၀

(၁၉၆)

ရေနံချောင်းမြို့နယ် လေးတိုင်စင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရေနံချောင်း စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးတိုင်စင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်ရည်ရွယ်၍ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေ ရန် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ နှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၂၁ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက လေးတိုင်စင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၃၀၀ ကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၂၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နေဝ်လူး

တာချီလိတ်မြို့နယ် ဝိန်းဝကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

တာချီလိတ် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝိန်းဝကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမွမ်းမံရန်ပုံငွေကျပ် သန်း ၂၀ ဖြင့်ဆောင်ရွက်သည့် ဝမ်လုံကျေးရွာအုပ်စု ဝိန်းဝကျေးရွာတွင် ကျေးလက်ရေရရှိရေး ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကျေးရွာမှရေပေးရေးကော်မတီဝင်များက စနစ်တကျ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

တာချီလိတ်မြို့နယ် ဝိန်းဝကျေးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်းများဖြစ်သည့် PVC ရေပိုက်များဖြင့် ရေသွယ်ယူခြင်းသည် အရှည်တစ်မိုင်နှင့် ၁ ဒသမ ၅ ဖာလုံ့ရှိပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဩဂုတ် ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ဝိန်းဝကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေးရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျော်ဓောဦး(မောရှမ်းမြေ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးနိုးဝင်း အာဆီယံလေတပ်ဦးစီးချုပ်များအား တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်း

ရေနုန်းမှအဆက်

ဗီယက်နမ်နိုင်ငံလေတပ်ဦးစီးချုပ် Lieutenant General Nguyen Van Hien နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးနိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံပွံ့ကြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်၊ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊လုပ်ငန်းရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းစင်းသင်ကောက်ယူမှုအခြေအနေနှင့် ၁၀ နှစ်တစ်ကြိမ်ဆောင်ရွက်ရမည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုအကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ကပ်ရောဂါ ကာကွယ်ကုစားရေးဗဟိုရုံး(CDC) ကပ်ရောဂါ ကာကွယ်ကုစားရေးဗဟိုရုံး(Africa CDC) ၊ ကမ္ဘာ့ဘဏ်(World Bank) ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်(UNDP) ၊ ကုလသမဂ္ဂ ကလေးငယ်ရေးရန်ပုံငွေ(UNICEF) ၊ ကုလသမဂ္ဂ ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေ(IFAD) ၊ ကုလသမဂ္ဂ ကမ္ဘာ့အစာအာဟာရအစီအစဉ်(WFP) ၊ ကုလသမဂ္ဂ ကျန်းမာရေးရန်ပုံငွေ(UNFPA) ၊ ကုလသမဂ္ဂ ကလေးငယ်ရေးရန်ပုံငွေ(UNICEF) ၊ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၊ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(Myanmar) ၊ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(Regional Office for Southeast Asia) ၊ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(Regional Office for Africa) ၊ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(Regional Office for Europe) ၊ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(Regional Office for Eastern Mediterranean) ၊ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(Regional Office for Western Pacific) ၊ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(Regional Office for the Americas

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများညှိနှိုင်းပေါင်းစပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုအစိုးရအဖွဲ့နုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေး၊ ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်ထားရှိသည့် ဖြစ်ပေါ်တိုးတက်မှုများကို နိုင်ငံတကာသံတမန်များကို ရှင်းလင်းပြသနိုင်ခဲ့မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပြန်လည်ဝင်ရောက်လာမှုများကို လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်လက်ခံရေးစခန်းများနှင့် ယာယီနေရာချထားရေးစခန်းတို့တွင် ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ညှိနှိုင်းပေါင်းစပ်ရေးကော်မတီအတွင်းရေးမှူးက နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် နေရာချထားရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူဦးရေစိစစ်ပေးပို့မှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ပြန်လည်လက်ခံရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများကဏ္ဍ၊ လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကိုရှုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (20th AACC)သို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ လေတပ်ဦးစီးချုပ်များဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ လေ့လာရေးခရီးသွားရောက်

အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး 20th ASEAN Air Chiefs Conference (20th AACC)ကို တက်ရောက်လာကြသည့် လေတပ်ဦးစီးချုပ်များဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ လိပ်ပြာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး 20th ASEAN Air Chiefs Conference (20th AACC)ကို တက်ရောက်လာကြသည့် လေတပ်ဦးစီးချုပ်များဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်စွန့်လွှတ်ခဲ့ကြသူများအား အလေးပြုကြစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး 20th ASEAN Air Chiefs Conference (20th AACC)ကို တက်ရောက်လာကြသည့် လေတပ်ဦးစီးချုပ်များ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်၍ သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းများဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်စွန့်လွှတ်ခဲ့ကြသူများကို အလေးပြုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ပြင်ဦးလွင်မြို့သို့ သွားရောက်၍ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ လိပ်ပြာပြတိုက်နှင့် ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ ထိုမှတစ်ဆင့် ပြင်ဦးလွင်မြို့တွင်းလှည့်လည်ကြည့်ရှုကာ The View Resort သို့သွားရောက်၍ အမှတ်တရ ဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး 20th ASEAN Air Chiefs Conference (20th AACC)ကို တက်ရောက်လာကြသည့် လေတပ်ဦးစီးချုပ်များ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာစဉ်။

☆ **ကျောဖုံးမှအဆက်**

အမျိုးသား၊ အမျိုးသမီး (Compound) ဗိုလ်လုပ္ပဲနှင့် အမျိုးသား၊ အမျိုးသမီး (Recurve) ဗိုလ်လုပ္ပဲ ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသား၊ အမျိုးသမီး (Compound) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်ဇင်သူရိန်မှူး၊ ဒုတိယဆုရရှိသည့် မစုစုလှိုင်နှင့် တတိယဆုရရှိသည့် မောင်မြင့်မြတ်ဗိုလ်တို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး (Recurve) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မပြည့်စုံနှင်း၊ ဒုတိယဆုရရှိသည့် မောင်သီဟထက်ဇော်နှင့် တတိယဆုရရှိသည့် မောင်ကောင်းခန့်မော်တို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ မြားပစ်ပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံယာတော်များအား ဆွမ်းလောင်းလှူပွဲများ ပြုလုပ်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံယာတော်များအား ဝါတွင်းကာလ ဆွမ်းလောင်းလှူပွဲများ ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံယာတော်များအား ဝါတွင်းကာလ ဆွမ်းလောင်းလှူပွဲများကို ယနေ့တွင် မန္တလေးနန်းမြို့အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိ ရတနာပုံဥယျာဉ်၌ ပြုလုပ်ရာ အောင်မြေသာစံမြို့နယ် မြို့နယ်သံယနာယကအဖွဲ့ဥက္ကဋ္ဌ အရှေ့ခင်မကန်ကျောင်းတိုက် ကထိန်တော်မှောစရိယကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာသိရီဘိဝံသ (သကျသီဟမှောစရိယ) အမှူးပြုသော သံယာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

အဆိုပါဆွမ်းလောင်းလှူပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံယာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းများ၊ လျှဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုဒွေများကို လောင်းလှူပူဇော်ကြသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ချမ်းအေးသာစံမြို့နယ် မိုးကောင်းကျောင်းတိုက် အလယ်ရွှေကျောင်းကြီး၌ ပြုလုပ်သော ဆွမ်းလောင်းလှူပွဲသို့ ကြွရောက်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ကျောက်မဲဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ အမှူးပြုသော သံယာတော်များအား ဆွမ်း၊ လျှဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုဒွေများကို ဆက်ကပ်လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

ပုသိမ်မြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ နယ်မြေခံတပ်မတော်သင်တန်းကျောင်းများကို လိုက်လံကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းဝင်းအတွင်း ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နယ်မြေခံတပ်မတော်သင်တန်းကျောင်းများတွင် တပ်မတော်သားများ ပညာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုပြီး သင်တန်းသား စာသင်ခန်းမများ၊ စားရိပ်သာများ၊ သင်တန်းအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ပုသိမ်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် နယ်လှည့် အထူးဆေးကုသရေး အဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ရှိ မြို့တော်ခန်းမ၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံယာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၁၃၃ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၂၉ ဦး၊ ခွဲစိတ်ရောဂါ ၈၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၅ ဦး၊ ကလေးရောဂါ ဦးရေ ၄၀၊ အရိုးရောဂါ ၁၆၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၁၉၄ ဦးနှင့် သွားရောဂါ ၁၀၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ကိုးဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၇ ဦးတို့ကို ရွှေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၃၉ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၁၈ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံ့ရန် လိုအပ်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ့ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ တစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ဒေသခံပြည်သူများကို ရွှေဘို တပ်နယ်မှတာဝန်ရှိသူများက နေကာမျက်မှန်များ တပ်ဆင်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သို့ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့် ညှဉ်ခံကျွေးမွေးကြသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ရွှေဘို တပ်နယ်မှ တာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ပထမအကြိမ် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့် ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားသူများအနက် ပထမအကြိမ်ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့်နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page (Ministry of Health, Myanmar), Website (www.moh.gov.mm)၊ ကျန်းမာရေးလွှမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)၊ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနတို့တွင် ကြေညာထားပြီးဖြစ်ပါ၍ ကြေညာချက်ပါအချက်အလက်များကို သေချာစွာဖတ်ရှုပြီး သားဖွားသင်တန်းကျောင်း နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက် (မပျက်မကွက်) လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဖြေဆိုရမည့်ခုံအမှတ်	ဖြေဆိုရမည့်နေ့ရက်နှင့် အချိန်
ခုံအမှတ်(၁)မှ(၁၆၅)ထိ	၁၉-၉-၂၀၂၃ (၀၈:၀၀ မှ ၁၂:၀၀ ထိ)
ခုံအမှတ်(၁၆၆)မှ(၃၃၀)ထိ	၁၉-၉-၂၀၂၃ (၁၃:၀၀ မှ ၁၇:၀၀ ထိ)
ခုံအမှတ်(၃၃၁)မှ(၄၉၆)ထိ	၂၀-၉-၂၀၂၃ (၀၈:၀၀ မှ ၁၂:၀၀ ထိ)
ခုံအမှတ်(၄၉၇)မှ(၆၅၉)ထိ	၂၀-၉-၂၀၂၃ (၁၃:၀၀ မှ ၁၇:၀၀ ထိ)

ကျန်းမာရေးဝန်ကြီးဌာန
(၁၄-၉-၂၀၂၃)

သင်(FM) အသံလွှင့်အစီအစဉ်

၁၅-၉-၂၀၂၃ (သောကြာနေ့)

၁။	၀၈:၀၀	နှလုံးသားဝယ် ဘုရားတည်
၂။	၁၁:၅၀	Keep it Nature
၃။	၁၆:၂၀	I Music
၄။	၁၈:၂၀	ဂုဏ်ယူအလွမ်း
၅။	၂၁:၄၀	ဇာတ်လမ်းအသွင် တေးသံစဉ်

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

တြိုဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်နိုင်ဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေး၂ဉ်။

နေပြည်တော် ဧကတင်ဘာ ၁၄

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် စုစုပေါင်း ၅၂ ဦးတို့က နယ်မြေခံတပ်မတော်ဆေးရုံရှိ သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တြိုဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

နေပြည်တော် ဧကတင်ဘာ ၁၄

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြေးခုန်ပစ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့ဖြင့် စက်တင်ဘာ ၈ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်၂ဉ်။

ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက် DYL ဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေး၂ဉ်။

နေပြည်တော် ဧကတင်ဘာ ၁၄

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူပြုစေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ရာသီသီးနှံစိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ အသားတိုးကြက်၊ Evap Type ဥစားကြက်၊ ဥစားဘဲ၊ တိုင်းရင်းမျိုးသန့် ငါးခူ၊ DYL ဝက်နှင့် နွားစားနွား မွေးမြူထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ထားဝယ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

နေပြည်တော် ဧကတင်ဘာ ၁၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်နယ် အောင်ဆန်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ထားဝယ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြား၂ဉ်။

နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဧကတင်ဘာ ၁၄

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၄ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **လေဘာပါတီ(Labour Party)**နှင့် **ပြည်ထောင်ရဇြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**တို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **လေဘာပါတီ(Labour Party)**နှင့် **ပြည်ထောင်ရဇြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**တို့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၀ ပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်း၂ဉ်)

လားရှိုးမြို့၊ နမ္မတူမြို့နှင့် ဟုမ္မလင်းမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဧက်တင်ဘာ ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းမှ သံဃာတော် ၁၀၇ ပါးနှင့် နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက်ရှိ ဒေသခံပြည်သူ ၄၆ ဦးတို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့များရှိ သတ်မှတ်နေရာ အသီးသီး၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကောရကျေးရွာမှ သံဃာတော် ခြောက်ပါး၊ သာသနာနွယ်ဝင် သီလရှင် နှစ်ပါးနှင့် ဒေသခံပြည်သူ ၃၀၃ ဦးတို့ကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်းနှင့် ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

လဲချားမြို့ရှိ ဒေသခံပြည်သူများအား စားသုံးဆီများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

နေပြည်တော် ဧက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ မြို့မဈေးအနီးတွင် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ စားရေးအထောက်အကူပြုစေရန်အတွက် ယနေ့ နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများက စားသုံးဆီနှင့် အခြေခံစားကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါ ရောင်းချပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ရှိ ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်သားများက စားသုံးဆီများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

နေပြည်တော် ဧက်တင်ဘာ ၁၄

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေး အခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

စစ်ကိုင်းမြို့နယ် သလွန်ဖြူကျေးရွာ၌ မိဘများအား လာရောက်ကန်တော့သည့် ရဲအရာရှိနှင့် မိသားစုကို PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ရဲအရာရှိနှင့် ဇနီးဖြစ်သူတို့ သေဆုံးကာ၊ နှစ်နှစ်အရွယ် သားဖြစ်သူကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဧက်တင်ဘာ ၁၄

စစ်ကိုင်းမြို့နယ် သလွန်ဖြူကျေးရွာ၌ မိဘများအား လာရောက်ကန်တော့သည့် ရဲအရာရှိနှင့် မိသားစုကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ရဲအရာရှိနှင့် ဇနီးဖြစ်သူတို့ သေဆုံးကာ နှစ်နှစ်အရွယ် သားဖြစ်သူ ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် တံတားဦးလေဆိပ် တာဝန်ကျ ရဲအရာရှိတစ်ဦးသည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ၎င်း၏ဇနီး၊ ကိုးနှစ်အရွယ် သမီးတစ်ဦးနှင့်နှစ်နှစ်အရွယ် သားတစ်ဦးတို့နှင့်အတူ Honda Fit အမျိုးအစား မော်တော်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် သလွန်ဖြူကျေးရွာ၌ နေထိုင်သည့် မိဘများကို သွားရောက်ကန်တော့ကာ ညနေပိုင်းတွင် တံတားဦးလေဆိပ်သို့ ပြန်ရန်အတွက် ကျေးရွာရှိ "ရွှေဘုံသာ" ဘုန်းကြီးကျောင်းအနီး၌ ရပ်တန့်ထားသည့် ၎င်းတို့၏ မော်တော်ယာဉ်သို့သွားရောက်စဉ် မော်တော်ယာဉ်အနီး အရောက်၌ အသင့်စောင့်ဆိုင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပိုင်းဝန်းပစ်ခတ်ခဲ့ဖြင့် ရဲအရာရှိမှာ လက်နက်ငယ်ထိမှန်ဒဏ်ရာများဖြင့် အချင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး နှစ်နှစ်အရွယ် သားဖြစ်သူတွင် တင်ပါးကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည်။

ထို့နောက် အကြမ်းဖက်သမားများသည် ရဲအရာရှိ၏ဇနီးကို မော်တော်ယာဉ်ဖြင့် သလွန်ဖြူကျေးရွာ အနောက်ပိုင်းဘက်သို့ ဖမ်းဆီးခေါ်ဆောင်၍ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ၎င်း၏ရုပ်အလောင်းအား ပြန်လည်သယ်ဆောင်၍ အချင်းဖြစ်နေရာ၌ ချထားကာမော်တော်ယာဉ်ကို မောင်းနှင်ယူဆောင်သွားခဲ့သည်။

ဖြစ်စဉ်တွင် ရဲအရာရှိနှင့် မိသားစုသည် မိဘများအား ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ သွားရောက်ကန်တော့ခြင်းသာဖြစ်ပြီး ထိုသို့သွားရောက်ခြင်းသည် လုံခြုံရေးတာဝန်သွားရောက်ထမ်းဆောင်ခြင်း မဟုတ်သကဲ့သို့ အခြားရည်ရွယ်ချက်ဖြင့် သွားရောက်ခြင်းမဟုတ်ကြောင်းနှင့် ၎င်း၏ဇနီးမှာလည်း နိုင်ငံရေးနှင့်ပတ်သက်ဆက်နွယ်မှုမရှိသူ ရိုးသားစွာနေထိုင်လျက်ရှိသည့် သာမန်အရပ်သား ပြည်သူတစ်ဦးသာဖြစ်ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ဝန်ထမ်းများ၏ ရိုးသားစွာနေထိုင်လျက်ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်ဆက်နွယ်မှုမရှိသူ အပြစ်မဲ့ပြည်သူများဖြစ်ကြသည့် မိဘ၊ ဇနီးနှင့် သားသမီးများကိုပါ အကြောင်းအမျိုးမျိုးပြု၍ ဖမ်းဆီးချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ကာ ငွေကြေးတောင်းခံခြင်းများစသည့် အကြမ်းဖက်မှုလုပ်ရပ်များကို ယုတ်မာရက်စက်စွာ လုပ်ဆောင်လျက်ရှိသဖြင့် ၎င်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များအပေါ် အများပြည်သူများအနေဖြင့် ရွံရှာစက်ဆုပ်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း အကြမ်းဖက်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြောက်မက်ဆီဒိုးနီးယားနိုင်ငံရှိ ပရက်စ်ပါရေကန်တွင် ရေပမာဏသိသိသာသာကျဆင်းလာ

စကိုဗ် စက်တင်ဘာ ၁၄

မြောက်မက်ဆီဒိုးနီးယားနိုင်ငံရှိ ပရက်စ်ပါရေကန်တွင် ရာသီဥတုပြောင်းလဲမှုပြဿနာကြောင့် ရေပမာဏ သိသိသာသာကျဆင်းလာကြောင်း မြောက်မက်ဆီဒိုးနီးယားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု In Cyprus သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပရက်စ်ပါရေကန်သည် ဥရောပတိုက်၏ သက်တမ်းအရင့်ဆုံး ရေကန်ဖြစ်ပြီး ငါးမျိုးစိတ်၊ ငှက်မျိုးစိတ်၊ နို့တိုက်သတ္တဝါမျိုးစိတ်များနှင့် အပင်မျိုးစိတ်ပေါင်း ၂၀၀၀ ကျော် မှီခိုနေရသည့် ရေကန်ဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများ နှစ်စဉ် လာရောက်လည်ပတ်လေ့ရှိသည့် ရေကန်လည်းဖြစ်ကြောင်း၊ ရေပမာဏ ကျဆင်းလာသည့်အတွက် သတ္တဝါမျိုးစိတ်များစွာနှင့် အပင်မျိုးစိတ်များစွာ ဆုံးရှုံးရမည့် အရေးဖြင့်လည်း ရင်ဆိုင်နေရသဖြင့် ရေပမာဏကျဆင်းလာမှုပြဿနာကို အမြန်ဆုံးဖြေရှင်းသွားရန်လိုအပ်နေကြောင်း သိရသည်။

"ပရက်စ်ပါရေကန်မှာ ကျွန်တော်တို့ ကျင်လည်နေတာကြာပါပြီ။ ဒီလောက်ထိ ရေပမာဏကျဆင်းသွားတာ တစ်ခါမှမကြုံဖူးသေးဘူး။ မိုးလဲမရွာသလို နှင်းလဲမကျဘူး။ မြစ်တွေကနေ ပုံမှန်စီးဝင်နေတဲ့ ရေတွေလဲ စီးဝင်လာတာမရှိတော့ဘူး။ မြစ်တစ်စင်းကနေ ရေအနည်းငယ်လောက်ပဲ စီးဝင်နေတာ တွေ့ရတယ်။ ဒီပုံစံတိုင်းဆိုရင်တော့ ရေပမာဏဟာ ဒီထက်ပိုပြီး ကျဆင်းသွားဖို့ပဲရှိပါတယ်။ ဒီဖြစ်စဉ်ဟာ သဘာဝဘေးဒဏ် ကပ်ဆိုက်တယ်လို့ သတ်မှတ်နိုင်ပါတယ်"ဟု ပရက်စ်ပါရေကန်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဇန်ချီဗာစီလက်စကီးက In Cyprus သတင်းဌာနသို့ ပြောကြားခဲ့သည်။

ပရက်စ်ပါရေကန်တွင် ပြီးခဲ့သည့်သုံးလခန့်အတွင်း ရေပမာဏမှာ ပုံမှန်ရှိနေသည့်ရေပမာဏထက် ၃၆ စင်တီမီတာထိ ကျဆင်းသွားခဲ့ကြောင်း မြောက်မက်ဆီဒိုးနီးယားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ဓိုင်းဆက်

အင်ဒိုနီးရှားနိုင်ငံရှိ ဝီဒါဘေနီကယ်လ်ဥယျာဉ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေ

ဂျကာတာ စက်တင်ဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံ မာလူကူစီရင်စု၌ မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး မိုးရေချိန်မြင့်မားသည့်အတွက် ဝီဒါဘေနီကယ်လ်ဥယျာဉ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း အင်ဒိုနီးရှားအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု WTVB သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မာလူကူစီရင်စု မြောက်ဘက်ပိုင်း၌တည်ရှိသော ဝီဒါဘေနီကယ်လ်ဥယျာဉ်အနီးတွင် စက်မှုဇုန်အတွက် အရေးပါသည့် သတ္တုတူးဖော်ရေး လုပ်ကွက်များရှိပြီး စက်တင်ဘာ ၁၃ ရက်တွင် ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားခဲ့ကြောင်း၊ သို့သော်လည်း ယနေ့နံနက်အစောပိုင်းမှစ၍ ရေကြီးရေလျှံမှုအခြေအနေအနည်းငယ်တည်ငြိမ်လာပြီဖြစ်ပြီး အခြေအနေကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်းလည်း အင်ဒိုနီးရှားအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"စက်တင်ဘာ ၁၃ ရက်မှာတော့ ဝီဒါဘေနီကယ်လ်ဥယျာဉ်မှာ ရေကြီးရေလျှံမှုဖြစ်ပွားတာက အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီနေ့ မနက်အစောပိုင်းကနေ စတင်ပြီး ရေကြီးရေလျှံအခြေအနေပြန်လည် တည်ငြိမ်လာပါတယ်။ အခြေအနေတည်ငြိမ်လာပြီဆိုပေမဲ့ ရေစီးတွေ သန်နေဆဲဖြစ်ပါတယ်။ ရေကြီးရေလျှံမှု ပမာဏကတော့ အနည်းငယ် ကျဆင်းလာပြီဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိသလိုဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့သူတွေလဲ မရှိသေးပါဘူး"ဟု မာလူကူ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အိုင်းဆန်အမ်နောက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးဝန်ထမ်းများကို အသင့်ပြင်ဆင်ထားရန် ညွှန်ကြားချက်ထုတ်ပြန်ထားသကဲ့သို့ ဝီဒါဘေနီကယ်လ်ဥယျာဉ်အနီးသို့ ဖြတ်သန်းသွားလာခြင်း မပြုရန်လည်း မာလူကူစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကိုသတိပေးချက် ထုတ်ပြန်ထားကြောင်း၊ ဝီဒါဘေနီကယ်လ်ဥယျာဉ်အနီးရှိ သတ္တုမိုင်းတွင်းများသည် နီကယ်ဒြပ်ထုအများဆုံးထုတ်ယူနိုင်သည့် ဧရိယာဖြစ်ပြီး ရေကြီးရေလျှံမှုဆိုးရွားပါက သတ္တုမိုင်းတွင်း လုပ်သားများအတွက် အန္တရာယ်ရှိသည့်အခြေအနေဖြစ်ကြောင်း သိရသည်။

ဓိုင်းဆက်

ဂရိရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူများကို တရားစွဲဆိုရန် အစိုးရရှေ့နေများစီစဉ်

အေသင် စက်တင်ဘာ ၁၄

ဂရိနိုင်ငံတွင် စက်တင်ဘာ ၇ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီးလူ ၁၅ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ရာ နယ်မြေတာဝန်ရှိသူများက ရေကြီးရေလျှံမှုတားဆီးရေးကိုလျစ်လျူရှုထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိပါက ရာဇဝတ်မှုဖြင့် တရားစွဲဆိုသွားရန် အစိုးရထိပ်တန်းရှေ့နေများက စီစဉ်လျက်ရှိသည်ဟု Athens News Agency က ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသော နယ်မြေများမှာ ဗိုလ်ပို့စ်ဒေသ၊ ကာဒီတာဒေသ၊ လာရစ်ဆာဒေသနှင့် ထရီကာလာဒေသတို့ဖြစ်ပြီး အစိုးရရှေ့နေများကသက်ဆိုင်ရာ နယ်မြေအလိုက်မှ တာဝန်ရှိသူများကို ရေဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များပြုလုပ်ရန် အားနည်းမှုဖြင့် တရားစွဲဆိုသွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

တရားစွဲဆိုရန်စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်ပြီး ဂရိမိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏သတိပေးချက်ထုတ်ပြန်မှုကိုလည်း စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ကလည်း ယခုနှစ် စက်တင်ဘာ ၇ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောနယ်မြေများတွင် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည့်အတွက်ကြောင့် အစိုးရရှေ့နေများက နယ်မြေအာဏာပိုင်အဖွဲ့အစည်းများ၏ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များနှင့် ပတ်သက်ပြီး သံသယရှိနေခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၇ ရက်ကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် ဧရိယာစုစုပေါင်း ဧက ၇၂၀၀၀ ကျော်ထိရေမြုပ်ခဲ့ပြီး ရွှံ့ညွန်များ ဖုံးလွှမ်းခဲ့ကာ ပျက်စီးမှုလည်းမြင့်မားခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယူရို ၂ ဒသမ ၂၅ ဘီလီယံထိ အသုံးပြုရဖွယ်ရှိနေကြောင်း ဂရိအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဥရောပသမဂ္ဂ၏ အကူအညီကို ရယူသွားမည်ဖြစ်ကြောင်းလည်း ဂရိအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဓိုင်းဆက်

ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ



၁။ ဗိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။

၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။

၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။

၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။

၇။ အရေးပေါ် သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ထူထောင်ရန် ပြင်ဆင်နေသောဂျပန်

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် မတ်လတွင် အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ထူထောင်သွားရန် ဆုံးဖြတ်ထားရှိသည်။ ၎င်းကွပ်ကဲမှုဌာနချုပ်သည် ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်အခြေအနေများ၊ အထူးသဖြင့် တရုတ်(တိုင်ပေ)နှင့်စပ်လျဉ်း၍ အရေးပေါ်ဖြစ်ပွားလာနိုင်သည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် တိုင်းပြည်၏ကိုယ်ပိုင် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များကို အဓိကထား ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် တိုကျိုမြို့လယ်အင်ချီဂါယာရှိ ဝန်ကြီးဌာန၏ရုံးချုပ်၌ အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ထူထောင်ရန် ကနဦးရန်ပုံငွေအဖြစ် ၂၀၂၄ ခုနှစ် ဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၂ သန်း တောင်းခံထားရှိသည်။ ကာကွယ်ရေးဝန်ကြီးဌာနက လာမည့်ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်တောင်းခံမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် အသစ်ဖွင့်လှစ်သွားမည့် အမြဲတမ်းပူးတွဲစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်သည် ကနဦးတွင် ဝန်ထမ်းဦးရေ ၂၄၀ ခန့်ဖြင့် လည်ပတ်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အမျိုးသားလုံခြုံရေးကောင်စီနှင့် အစိုးရအဖွဲ့က အမျိုးသားကာကွယ်ရေးမဟာဗျူဟာနှင့် ကာကွယ်ရေးတည်ဆောက်မှုအစီအစဉ်ကို အတည်ပြုပေးပြီးနောက်ပိုင်း အမြဲတမ်းပူးတွဲစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်ထူထောင်မည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အမျိုးသားကာကွယ်ရေးမဟာဗျူဟာသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး ကြည်း၊ ရေ၊ လေတပ်ဖွဲ့ (JSDF)များ၏ ပူးတွဲစစ်ဆင်ရေးရပ်တည်ချက် ထိရောက်မှုရှိစေရန် တောင်းဆိုထားရှိသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များကြား ပူးတွဲစစ်ဆင်ရေးများ ထိရောက်ခိုင်မာအားကောင်းစေရန် ရည်မှန်းချက်ဖြင့် ငြိမ်းချမ်းချိန်မှသည် အရေးပေါ်အခြေအနေထိ အဆင့်အားလုံး၌ စစ်ဆင်ရေးနယ်ပယ်အားလုံးကို အကြားအလပ်မရှိ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည့် စနစ်တစ်ရပ်တည်ဆောက်ရန်အလို့ငှာ အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကို ထူထောင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ပတ်ဝန်းကျင်တွင် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ ရှုတ်ခြည်းမြင့်တက်လာသောကြောင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့သည် အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမြန်ဆုံးထူထောင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထပ်လောင်းထုတ်ပြန်ခဲ့သည်။

အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်သစ်တိုးချဲ့ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ်လအတွင်း သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ပြောကြားသွားရာ၌ မိမိတို့အနေဖြင့် အာကာသ၊ ဆိုက်ဘာနှင့် အီလက်ထရိုမဂ္ဂနက်တစ်လှိုင်းများ၏နယ်ပယ်များနှင့် ကြည်း၊ ရေ၊ လေနယ်ပယ်များ၏ပေါင်းစပ်မှု၊ ပေါင်းစပ်စစ်ဆင်ရေးများမှတစ်ဆင့် လိုက်လျောညီထွေရှိပြီး စဉ်ဆက်မပြတ် လှုပ်ရှားမှုများ လုပ်ဆောင်နိုင်ရေးတို့သည် များစွာအရေးပါလျက်ရှိကြောင်းကို အသိအမှတ်ပြုထားကြောင်း ပြောကြားသွားခဲ့သည်။

အဆိုပါပြောဆိုမှုသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များအတွက် ပေါင်းစပ်စစ်ဆင်ရေး၏ အရေးပါမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။ လက်ရှိအချိန်တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ပူးတွဲစစ်ဦးစီးချုပ်သည် တပ်မှူးတစ်ဦးမဟုတ်သော်လည်း JSDF ၏စစ်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကာကွယ်ရေးဝန်ကြီးကို အထောက်အကူပြုနိုင်သည်။

အသစ်ဖွင့်လှစ်သွားမည့် အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူး၏ အခန်းကဏ္ဍသည် JSDF ၏ စစ်ဆင်ရေးများနှင့်စပ်လျဉ်း၍ ဦးမိုးချမ်းချိန်နှင့် အရေးပေါ်အခြေအနေနှစ်ရပ်စလုံးတွင် တပ်ဖွဲ့များကို အမိန့်ပေးကွပ်ကဲသွားမည်ဖြစ်သည်။ ဌာနချုပ်မှူးသည် ပူးတွဲစစ်ဆင်ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းနှင့် လက်အောက်တပ်မှူးများကို လိုအပ်သောတာဝန်များ ခွဲဝေပေးခြင်းအားဖြင့် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှူး၏အဆင့်သည် ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များနှင့် အဆင့်တူညီသည်ဟုဆိုသည်။

JSDF ကွပ်ကဲမှုဖွဲ့စည်းပုံပြန်လည်ဖွဲ့စည်းရခြင်း၏နောက်ကွယ်တွင် ခါးသီးသောသင်ခန်းစာတစ်ရပ်ရှိနေသည်။ ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်တွင် ဂျပန်နိုင်ငံ အရှေ့ပိုင်း၌ ငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီလှိုင်းလုံးကြီးများရိုက်ခတ်ခြင်းနှင့် နျူကလီးယားစွမ်းအင်စက်ရုံ မတော်တဆဖြစ်စဉ် ဖြစ်ပွားခြင်းဟူသည့် ဘေးအန္တရာယ်သုံးမျိုးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ထိုစဉ်က JSDF ပူးတွဲစစ်ဦးစီးချုပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး အိုရိုကီယိုအိချီသည် များစွာသောလုပ်ငန်းတာဝန်များဖြင့် အလုပ်ဝန်ပိုခဲ့ရသည်။ ၎င်းသည် သဘာဝဘေး

အန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းတွင် JSDF အားလုံးကို ကွပ်ကဲအမိန့်ပေးခဲ့ရသည်။ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးတို့ကို ရှင်းလင်းတင်ပြသွားရန် တာဝန်ရှိသည့်အပြင် အမေရိကန်စစ်ဘက်နှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ရသည်။

ထိုအချိန်မှစ၍ ကာကွယ်ရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များကြားတွင် ပူးတွဲစစ်ဦးစီးချုပ်အနေဖြင့် ၎င်း၏အခန်းကဏ္ဍအချို့အား အခြားသူများကို ခွဲဝေပေးအပ်သွားသင့်သည်ဆိုသော ထင်မြင်ချက်ပေးမှုများ ပျံ့နှံ့ခဲ့သည်။ ထို့ပြင် လက်ရှိစနစ်သည် အမေရိကန်၏ ပစိဖိတ်ကွပ်ကဲမှုဌာနချုပ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်စွမ်းရည်ကင်းမဲ့လျက်ရှိသည်။ အကြောင်းမူကား ဂျပန်ပူးတွဲစစ်ဦးစီးချုပ်၏ အဆင့်တူပုဂ္ဂိုလ်သည် အမေရိကန်စစ်ဘက်ရှိ ပူးတွဲစစ်ဦးစီးချုပ်ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဂျပန်နိုင်ငံသည် INDOPACOM နှင့်ထိတွေ့ဆက်ဆံရန်တာဝန်ပေးထားသူမရှိခြင်းပင်ဖြစ်သည်။ အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူးသည် အမေရိကန် အင်ဒို-ပစိဖိတ် ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူးနှင့် အဆင့်အတန်းတူမည်ဖြစ်သည်။

အမှန်တကယ် အမေရိကန်အခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနမှ ပညာရှင်အဖွဲ့သည် ၂၀၁၈ ခုနှစ်ကတည်းက ဂျပန်ပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ထူထောင်သွားရန် အကြံပြုခဲ့ဖူးသည်။ ဂျပန်နိုင်ငံ၏ လက်ရှိကွပ်ကဲမှုဆိုင်ရာဖွဲ့စည်းပုံများသည် JSDF ပူးတွဲစစ်ဦးစီးချုပ်အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေလျက်ရှိသည်။ လက်ရှိအချိန်တွင် ပူးတွဲစစ်ဦးစီးချုပ်သည် တိုက်ပွဲဝင်တပ်မှူးနှင့် ကာကွယ်ရေးအကြီးအကဲတာဝန်တို့ကို ထိရောက်စွာထမ်းဆောင်ရလျက်ရှိသည်။ အဆိုပါတာဝန်များကို ခွဲဝေပေးခြင်းသည် ဂျပန်တပ်ဖွဲ့များ၏ စစ်ဆင်ရေးတာဝန်ထိရောက်စွာထမ်းဆောင်နိုင်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် အရေးအပေါ်အခြေအနေများတွင် တာဝန်များ ထိရောက်စွာထမ်းဆောင်နိုင်မည်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နှင့် တရုတ်(တိုင်ပေ)တို့ကြား တင်းမာမှုမြင့်တက်လာသောကြောင့် JSDF နှင့် အမေရိကန်စစ်ဘက်ကြား နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုအတွက် ဂျပန်နှင့် အမေရိကန်တို့အနေဖြင့်လည်း ဆက်ဆံရေးပိုမိုနီးကပ်လာခဲ့သည်။ အမေရိကန်ရေတပ်စစ်ဆင်ရေးဆိုင်ရာအကြီးအကဲဟောင်း Gary Roughead က ဂျပန်-အမေရိကန် ပူးပေါင်းဌာနချုပ်သည် အင်ဒို-ပစိဖိတ်ဒေသတွင် စစ်ဆင်ရေးလမ်းညွှန်မှုပြရာ၌ တစ်ခုတည်းသောအဖွဲ့အစည်းအဖြစ် လုပ်ငန်းလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ဝန်ကြီးချုပ် ဖူမီယိုကီရှိဒါသည် ဖြစ်နိုင်ခြေရှိသော တရုတ်(တိုင်ပေ) အရေးတွင် ဂျပန်နှင့် အမေရိကန်ပူးတွဲကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစစ်ဆင်ရေး ဆောင်ရွက်သွားမည့်အလားအလာကို ပယ်ချခဲ့သည်။ ဝန်ကြီးချုပ်ရုံးက JSDF နှင့် အမေရိကန်စစ်ဘက်တို့သည် ဂျပန်အစိုးရ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအပြင် တိုင်းပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ဆိုရလျှင် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံကို ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် တောင်းခံခဲ့ပြီးဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကြီးမားရှုပ်ထွေးသော လုံခြုံရေးဆိုင်ရာ ပတ်ဝန်းကျင်ကိုရင်ဆိုင်ရလျက်ရှိသောကြောင့် သမိုင်းတစ်လျှောက်တွင် အများဆုံး ပမာဏဖြစ်သည့်ကာကွယ်ရေးအသုံးစရိတ်ကို တောင်းခံခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဝန်ကြီးချုပ် ဖူမီယိုကီရှိဒါက လာမည့်ငါးနှစ်အတွင်း ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်သွားမည်ဖြစ်ကြောင်းကိုလည်း အခိုင်အမာကတိကဝတ်ပြုထားသည်။

အမှန်တကယ် ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်း စစ်ရှုံးနိုင်ငံဖြစ်ခဲ့သည့် ဂျပန်နိုင်ငံသည် စစ်အင်အားတိုးချဲ့မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကန့်သတ်ခံထားရသည့်တိုင်အောင် ရှုရှား၊ မြောက်ကိုရီးယား၊ တရုတ်တို့၏ စစ်အင်အားကြီးထွားလာမှုနှင့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကြောင့် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်တောင်းခံခြင်း၊ ခေတ်မီစစ်လက်နက်ပစ္စည်းများ သုတေသနပြု တိုးတက်ထုတ်လုပ်ခြင်း၊ ပြည်ပမှ ဝယ်ယူဖြည့်တင်းခြင်းတို့အပြင် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ၏ စစ်ဆင်ရေးတာဝန်ထမ်းဆောင်မှုအပိုင်းတွင်လည်း ပိုမိုထိရောက်စေရန်အတွက် အမြဲတမ်းပူးတွဲစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဖွဲ့စည်းသွားရန် ပြင်ဆင်လျက်ရှိသည်။ ထိုသို့ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် အရေးပေါ်အခြေအနေတွင် JSDF သည် အမေရိကန် အင်ဒို-ပစိဖိတ် ကွပ်ကဲမှုဌာနချုပ်နှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ပေသည်။

ကိုးကား

- **Japan's Defense Ministry Plans to Launch Permanent Joint Headquarters in March 2025 by The Diplomat.**

ဝင်းဇင်(သုတေသန)

မလိုင်မြို့နယ် ဆည်ခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မလိုင် စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆည်ခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်မာလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆည်ခွဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လမ်းအရည်အသွေး ပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မလိုင်မြို့နယ် ဆည်ခွဲကျေးရွာ၌ အရည် ပေ ၈၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၃၉၇၀၀၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်ကစတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလိုင်)

0 w kw kd @

လွဲမှားခဲ့ပါသော်လည်း

ဈာန်လေး(ပညာရေး)

(၁)

အရှေ့အရပ် မိုးကောင်းကင်မှ ဝိုင်းစက်သော နေမင်းသည် တဝိုန်ဝိုန်မှိုင့် ပြူထွက်လာနေသည်။ နံနက်ခင်း၏ မိုးတဖြောက်ဖြောက်များကြား နေမင်း၏ အလင်းသည် တိုး၍ မဖောက်နိုင်သောကြောင့် မှိုင်းရီ နေခြင်းဖြစ်ပါလိမ့်မည်။

"အောင်ပုရေ အောင်ပု ဟဲ့ ငါခေါ်နေတာ မကြားဘူးလား"

"လာပြီအဒေါ် လာပြီ"

အရှေ့အိမ်၊ အနောက်အိမ် လန့်ထိတ်သွားလောက်သောအသံဖြင့် အော်လိုက်သော ဒေါ်ဆု၏အသံကြောင့် တူဖြစ်သူ အောင်ပုသည် ထင်းခွဲနေသော ပုဆိန်ကို ပစ်ချလိုက်ကာ ဒေါ်ဆုထံ ကပျာကယာဖြင့် ပြေးသွားလိုက်သည်။

"အသံလာတာ မလိုချင်ဘူး။ လူပဲမြန်မြန်လာခဲ့"

"သားရောက်ပါပြီ အဒေါ်"

"အေး ငါအပြင်သွားမလို့။ ဒီနေ့ မင်းဦးလေး ပြန်လာလိမ့်မယ်။ ထင်းခွဲပြီးရင် ထမင်းနဲ့ ဟင်းချက်ထားလိုက်အုံး။ ဩော်. . . မေ့နေတာ ရေချိုးခန်းထဲမှာလဲ အဝတ်တွေစိမ်ထားသေးတယ်။ တစ်ခါတည်း လျှော်လိုက်အုံး။ ဟဲ့. . . ငါပြောတာကြားရဲ့လား"

"ဟုတ်ကဲ့အဒေါ် ကြားပါတယ်ခင်ဗျ"

ဒေါ်ဆုသည် တူအရင်းဖြစ်သူ အောင်ပုကို သူ လုပ်ရမည့်အလုပ်များအားလုံး လုပ်ခိုင်းလိုက်ပြီး သူကတော့ ထုံးစံအတိုင်း လှလှပပပြင်ဆင်ဝတ်စားကာ အပြင်ထွက်သွားပါတော့သည်။

(၂)

အောင်ပုသည် ဒေါ်ဆု၏တူအရင်းဖြစ်သည်။ ဒေါ်ဆုသည် ညီမဖြစ်သူ မစောထံမှ အောင်ပုကို အပြီးအပိုင် ခေါ်ယူမွေးစားခဲ့ခြင်းဖြစ်သည်။ မစောသည် တက္ကသိုလ်တက်နေသော နောက်ဆုံးနှစ် ကျောင်းသူတစ်ဦးဖြစ်သည်။ ကျောင်းတက်နေရင်း မလိမ္မာသောကြောင့် မဖြစ်သင့်သည်ဖြစ်ပြီး ကိုယ်ဝန်ရလာသောကြောင့် မိဘများကစိတ်နာ၍ ပြန်လှည့် မကြည့်ကြပေ။

မစောတစ်ယောက်သည် ဖြစ်သမျှအကြောင်း အကောင်းပဲဟုယူဆပြီး ကလေးကို ရအောင်မွေးမည် ဟုဆိုကာ ကျောင်းကိုပြီးဆုံးအောင်မတက်တော့ဘဲ ထွက်ခဲ့သည်။ ထိုအချိန်တွင် အစ်မဖြစ်သူ ဒေါ်ဆုမှာ စီးပွားရေးအခြေအနေကောင်းနေသောကြောင့် အစ်မ ဖြစ်သူကို မစောတစ်ယောက် အားကိုးခဲ့သည်။

နောက်ဆုံး၌ အောင်ပုကို မွေးဖွားချိန်တွင် မစောတစ်ယောက် မီးတွင်းထဲမှာပင် အသက်ဆုံးရှုံး ရတော့သည်။ ညီမဖြစ်သူ မစော၏အဖြစ်အပျက်ကို ကြည့်ရင်း ဝမ်းနည်းမဆုံးဖြစ်ခဲ့ရသောကြောင့် ဒေါ်ဆု သည် အောင်ပုကို မွေးစားလိုက်ရခြင်းဖြစ်သည်။ အောင်ပုမွေးလာသောကြောင့် သူအတော်ချစ်ခဲ့ရသော ညီမလေးကို ဆုံးရှုံးလိုက်ရပါသည်ဆိုသောအတွေး ဖြင့် အောင်ပုကို အူဝဲလေးကတည်းက ဒေါ်ဆု တစ်ယောက် မုန်းတီးနေခဲ့သည်။ ဘာမျှ မသိနားမလည် ခဲ့သော အောင်ပုသည် ဒေါ်ဆု၏ အမုန်းတရားများကို နေ့စဉ်ရင်ဆိုင်ကျော်ဖြတ်လာခဲ့သည်မှာ ယခုဆိုလျှင် ဖြင့် အောင်ပုသည် လေးတန်းကျောင်းသားအရွယ် ဖြစ်လာခဲ့လေပြီ။

(၃)

"မိန်းမရေ. . . မိန်းမ"

"အဒေါ်မရှိဘူး ဦးလေး"

"မင့်အဒေါ် ဘယ်ကိုသွားပြန်ပြီလဲ အောင်ပုရ။ ဒီနေ့ငါလာမယ်ဆိုတာကို ဖုန်းကြိုဆက်ထားတာကိုပဲ"

"လာပါပြီတော်ရေ။ တော်အမောပြေဖို့အတွက် အအေးသောက်ရအောင် ထွက်ဝယ်နေတာပါ"

အောင်ပုက သိသည်။ အဒေါ်ဖြစ်သူ ဖဲရိုက် ပြန်လာခြင်းကို။ သို့သော် အဒေါ်၏မျက်နှာရိပ်မျက်နှာ ကဲကို ကြည့်ရသေးသည်။ ထို့ကြောင့် အသာငြိမ် လိုက်ရသည်။

"မိန်းမရာ အပင်ပန်းခံလို့။ လာ ဒီမှာဘာတွေပါ လာတယ်ဆိုတာ မသိချင်ဘူးလား"

ဦးနောင်နောင်သည် ဒေါ်ဆုလက်ကိုဆွဲကာ အခန်းထဲသို့ဝင်သွားသည်။ အောင်ပုသည် အဒေါ်နှင့် ဦးလေးကိုကြည့်ကာ ဟော်ရွှင်နေမိသည်။ စိတ်ထဲတွင် လည်း မိဘနှစ်ပါးကို အောက်မေ့ကာ သတိရမိသွား သည်။ မွေးကတည်းက မိဘနှစ်ပါးစလုံး၏မျက်နှာ သည် အဖြူလား၊ အမည်းလား မသိခဲ့ရသော အောင်ပု သည် သူဘဝကို သူကိုယ်တိုင် နှစ်သိမ့်အားပေးနေ ခဲ့ရသည်မှာ နေ့ရက်တိုင်းပင်ဖြစ်သည်။ သို့သော် အဒေါ်ဖြစ်သူ၏ အော်သံ၊ ငေါက်သံများသည်လည်း အောင်ပုအတွက်တော့ ဆည်းလည်းသံပင်ဖြစ်နေ ပါတော့သည်။

"ဟဲ့အောင်ပု ဘာတွေစဉ်းစားပြီး ငေးမှိုင်နေတာ လဲ။ သွား လုပ်စရာရှိတာတွေ သွားလုပ်တော့လေ။ ပစ္စည်းတွေ အဲဒီမှာထားခဲ့လိုက်"

"ဗျာ ဟုတ် ဟုတ်ကဲ့ပါအဒေါ်"

ဒေါ်ဆု၏ဆည်းလည်းသံကြောင့် အောင်ပု၏ အတွေးကမ္ဘာကလေးပျက်ခဲ့ရပြန်သည်။ သို့သော် အောင်ပုပျော်သည်။ မမြင်ခဲ့ရသောမိဘများကို မျှော်လင့်တမ်းတနေမည့်အစား အဒေါ်ဖြစ်သူ၏ အရိပ်အာဝါသအောက်တွင် နေထိုင်ရသည်မှာ သူအတွက် လုံခြုံခဲ့ပေသည်မဟုတ်လား။

(၄)

တစ်ပတ်အကြာ ဦးနောင်နောင်သည် သူ၏အလုပ်ကို ပြန်သွားရတော့မည်။ ဦးနောင်နောင် ရှိနေခဲ့သော ရက်များတွင် အောင်ပုတစ်ယောက် အတော်ကို သက်သာနေခဲ့မိသည်။ အဘယ့်ကြောင့်ဆိုသော် ယောက်ျားရှိနေစဉ် အခိုက်အတန့်တွင် အဒေါ်သည် အိမ်အလုပ်ကို အတော်တာဝန်ကျေပွန်လွန်းလှသော ကြောင့်ဖြစ်သည်။ ဦးနောင်နောင်သည် အတော့်ကို စိတ်သဘောထားဖြူစင်ပြီး စိတ်ထားကောင်း သလောက် အဒေါ်အရင်းဖြစ်သူသည် အောင်ပု အပေါ်ကို သားတစ်ယောက်ကဲ့သို့ သဘောထားပြီး မချစ်နိုင်ခဲ့ပေ။ ထို့ကြောင့် ဦးနောင်နောင်ပြန်လာလျှင် အောင်ပု သိပ်ကိုပျော်ရသည်။ အောင်ပုအတွက်ဆိုပြီး မုန့်ဖိုးများလည်း ဦးနောင်နောင်က ပေးလေ့ရှိသည်။

"အောင်ပုရေ လာပါအုံးကွ"

"ဗျာ ဟုတ်ကဲ့။ လာပါပြီဦးလေး"

"ဒီမှာ မင်းအတွက်မုန့်ဖိုး ယူထားလိုက်။ ပြီးတော့ မင်းအဒေါ်ကိုလဲ ဂရုစိုက်လိုက်အုံးနော်။ ဒီတစ်ခေါက် ဦးလေးအလုပ်သွားတာ တစ်လ၊ နှစ်လလောက်တော့ ကြာမယ်ကွ ဟုတ်ပြီလား"

"ဟယ် မုန့်ဖိုးကများလှချည်လား ပေးစမ်းပေးစမ်း"

လက်မြန်ခြေမြန်ဖြင့် ဒေါ်ဆုသည် ဦးနောင်နောင် ဆီမှ အောင်ပုအတွက်ပေးသော မုန့်ဖိုးကို လက်ဦးစွာ ယူလိုက်သည်။

"အမယ်လေး အမယ်လေး သေတော့မှာပဲ။ တစ်သောင်းတန်ငါးရွက်ကြီးတောင်လား။ ကလေး လက်ထဲ အဲဒီလောက်ထည့်လိုက်တော့ ဒီကလေးပျက်စီး သွားမှာပေါ့ ယောက်ျားရယ်။ ဒီပိုက်ဆံတွေကို ကျွန်မ ထိန်းသိမ်းထားလိုက်မယ်။ သူလိုအပ်မှပဲ ထုတ်ပေး လိုက်ပါမယ်"

"အေးပါကွာ ပြီးတာပါပဲ။ ငါက မင်းတူလေး သူငယ်ချင်းတွေကြားမှာ မျက်နှာငယ်နေရမှာစိုးလို့ပါ။ တို့မှာလဲ သားသမီးရှိတာမှမဟုတ်တာကွာ။ အောင်ပု က တို့တစ်တွေရဲ့ သားလေးပဲပေါ့"

"ဟုတ်ပါပြီ။ စကားတတ်တိုင်းပြောမနေနဲ့။ ဟိုမှာ ကားလာနေပြီ သွားတော့"

ပြောပြောဆိုဆိုနှင့် ဒေါ်ဆုသည် ဦးနောင်နောင်ကို ကားပေါ်သို့ အလျင်စလို တင်ပေးလိုက်သည်။ အကြောင်းရင်းက သူဖဲမရိုက်ရသည်မှာ တစ်ပတ် ခန့်ရှိသောကြောင့်ဖြစ်သည်။ ဒေါ်ဆု၏ အခြေအနေကို မသိသော ဦးနောင်နောင်ကို အောင်ပုတစ်ယောက် သနားနေမိသည်။

(၅)

ဦးနောင်နောင် ကားထွက်သွားသည်မှာ မကြာသေး ဒေါ်ဆုသည် အခန်းထဲဝင်ကာ အဝတ်အစား ကောင်းများဝတ်၍ အပြင်ထွက်ရန် ပြင်ဆင်နေသည်။

"ဟဲ့ အောင်ပု ကျောင်းမသွားခင် ထမင်းနဲ့ဟင်း ချက်လိုက်အုံးနော်။ ငါအတော်ပင်ပန်းနေပြီ။ ပြီးတော့ အပြင်လဲသွားစရာရှိသေးတယ်။ ကျောင်းသွားတော့ မယ်ဆိုလဲ တံခါးတွေကို သေသေချာချာပိတ် ကြား လား။ အခုတစ်လော သူခိုးတွေသောင်းကျန်းနေတယ် ကြားတယ် ကြားလား"

"ဟုတ်ကဲ့ပါ အဒေါ်"

"အေး အဲဒါဆိုငါသွားမယ်နော်"

"သားကို မုန့်ဖိုးပေးခဲ့အုံးလေ အဒေါ်"

"ဒီနေ့မယူသေးနဲ့အုံး။ မနက်ဖြန်မှယူ"

မနက်ဖြန်ပေါင်းများစွာ အောင်ပုကို ပြောပြော နေသောစကားသံကို အောင်ပုအလွတ်ရနေပြီ။အဒေါ့် လက်ထဲရောက်သွားသော ပိုက်ဆံသည် ဘယ်သော အခါမှ ပြန်မရမှန်းသိသော်လည်း အောင်ပုတစ်ယောက် သည် ရလို့ရငြားဆိုသော မျှော်လင့်ချက်ဖြင့် တောင်း လိုက်သေးသည်။ "မနက်ဖြန်"ဟူသောအသံကို ကြားလိုက်ရသောကြောင့် သူထင်ထားသည့်အတိုင်း ဖြစ်လာ၍ ပြုံးမိလိုက်သည်။ ရင်ထဲက ဝမ်းနည်းခြင်းကို အဒေါ်သည် အမေပါပဲဟူသောအသိနှင့် သူကျေနပ် မိပြန်သည်။

"ဟုတ်ကဲ့ပါ အဒေါ်"

(၆)

"ဟဲ့အောင်ပု အောင်ပုရေ"

နှစ်ခြိုက်စွာအိပ်ပျော်နေသော အောင်ပု၏နားထဲ တွင် သူနာမည်ခေါ်သံများက ပဲ့တင်ထပ်နေသည်။ အိပ်မက်လား၊ တကယ်လားဟု အောင်ပု မသဲကွဲသေး။ ရုတ်တရက် ခန္ဓာကိုယ်ပေါ်သို့ မိုးများရွာချလိုက်သလို အေးသွားသောကြောင့် အောင်ပုလန့်နိုးသွားသည်။ တကယ်တော့ အပြင်မှာ မိုးရွာနေခြင်းမဟုတ်။ ဒေါ်ဆု တစ်ယောက် ရေပုံးဖြင့် ပက်လိုက်ခြင်းဖြစ်သည်။ ဘီလူးတစ်ကောင်ကဲ့သို့ ကြောက်စရာကောင်းသော မျက်နှာထားနှင့် ဒေါသထွက်နေသော အဒေါ်ဖြစ်သူကို အောင်ပုမြင်လိုက်ရတော့ ထိတ်လန့်သွားသည်။

"ဗျာ အဒေါ်"

"ဗျာမနေနဲ့ ငါ့အခန်းထဲမင်းဝင်သေးလား"

"မဝင်ရပါဘူးဒေါ်ဒေါ်"

"မင်းမဝင်ဘဲနဲ့ ငါအံ့ဆွဲထဲထည့်ထားတဲ့ ပိုက်ဆံ ဘယ်ပျောက်သွားရတာလဲ။ ခြေထောက်ပေါက်သွား တာလား။ ဒီအိမ်ထဲမှာ မင်းနဲ့ငါ နှစ်ယောက်ပဲရှိတာလေ။ မင်းမယူရင် ဘယ်သူကယူမှာလဲပြော"

"သားတကယ်မယူရပါဘူး ဒေါ်ဒေါ်ရယ်။ မယူပါဘူး"

"ကဲဟယ် ကဲ အဲဒါမယူဘူးပြောအုံး"

"ဖြောင်း ဖြောင်း ဖြောင်း"

ဒေါ်ဆုသည် ဒေါသများမထိန်းနိုင်လောက်အောင် ထွက်၍ အောင်ပုကို တံမြက်စည်းရိုးဖြင့် တဖြောင်း ဖြောင်းမြည်အောင် ရိုက်လိုက်ပါတော့သည်။ တံမြက် စည်းရိုး နှစ်ချောင်းကုန်သွားသည်။ အောင်ပု၏အဖြေ ကား သူမယူရပါဘူးပင်ဖြစ်သည်။ ဒေါ်ဆုသည် ရိုက်လိုက်ရသည်မှာ မောသွားသောကြောင့် အောင်ပု ကို အခန်းထဲထည့်ကာ သော့ပိတ်ထားလိုက်သည်။

"ဟီး ဟီး ဟီး"

အခန်းထဲတွင် ငယ်သံပါအောင်ငိုနေသော အောင်ပုကို ဒေါ်ဆုတစ်ယောက် မသနားနိုင်ခဲ့ပေ။ သူ၏အတွေး မနေ့က မုန့်ဖိုးတောင်းသည်ကို မပေး လိုက်သောကြောင့် ယခုကဲ့သို့ လုပ်လိုက်ခြင်းဖြစ် သည်ဟု ယုံကြည်နေမိသည်။ ထို့ကြောင့် တစ်ညလုံး

စာမျက်နှာ ၂၅ သို့ ➤

ပန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၇၄၂၄ ဧက စိုက်ပျိုးပြီးစီး

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ကသာ ဂေါ်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၇၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၈၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၆နှင်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၇၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဗန်းမောက်မြို့နယ်မှာ မိုးစပါးဧက ၃၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ အခု မိုးစပါးဧက ၃၇၀၀၀ ကျော် စိုက်ပြီးပါပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဗန်းမောက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ၆နှင်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၃၈၈၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဗန်းမောက်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက် နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ ပေါင်းနုတ်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဗန်းမောက်မြို့နယ်တွင် နွေစပါး ၄၁၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ကြရာ ၃၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

စာအုပ်စာပေ လူ့မိတ်ဆွေ

- စာပေသည် လူ့တန်ဖိုး
  မြှင့်ကာတိုး ဆောင်ကြဉ်းပေ၊
  အမှားအမှန် ခွဲခြားပြ
  မိဘ ပမာလေ၊
  စာအုပ်က ကိုယ့်မိတ်ဆွေ
  အရိပ်လိုနေ အတူရှိ၊
  တွေ့ကြုံလာ အခက်အခဲ
  ရင်ဆိုင်ရဲ၏။။

- အလိမ္မာ စာမှာရှိသမို့
  ရှာဖွေကြည့် စာမျက်နှာ၊
  ရသစုံ မဂ္ဂဇင်းနဲ့
  သတင်းဖတ်စာ၊
  ဝတ္ထုဆောင်းပါး ဂျာနယ်မှာ
  သိချင်တာ အကုန်ရ၊
  စာအုပ် အဖော်မွန်နဲ့
  ကုန်လွန်ကာ ရှေ့ဆက်တိုးတော့
  တန်ဖိုးအနှင်္ဂ။။

- ဘဝကို အလှတိုးဖို့
  ကြိုးစားလို့ စာဖတ်ရင်၊
  ဦးနှောက်မှာ ဓားလိုထက်
  သွက်လက်ဉာဏ်ရှင်၊
  ဆောင်ရွက်သမျှ အောင်မြင်
  လူရာဝင် လက်ငင်းအကျိုး၊
  စာပေသည် မိတ်ဆွေစစ်မို့
  ချစ်ခင်မြတ်နိုး။ ။

ချစ်သက်(မြန်မာစာ)

➤ စာမျက်နှာ ၂၄ မှအဆက်

အခန်းပိတ်ကာ ထမင်းပါအတော်ထားလိုက်သည်။

(၇)

နံနက် ၅ နာရီ မိနစ် ၃၀ ခန့်ရှိသေးသည်။ ဒေါ်ဆုသည် အောင်ပု၏ အခန်းကို ဖွင့်လိုက်သည်။ အခန်းထဲတွင် ခုတင်မရှိ၊ စောင်မရှိ အခန်းနံရံထောင့်တွင် ကွေးကွေးကလေးအိပ်ပျော်နေသော အောင်ပုကို ခြေထောက်ဖြင့်ကန်၍ နှိုးလိုက်သည်။

"ထစမ်းအောင်ပု ငါပြောနေတာမကြားဘူးလား။ အခုချက်ချင်းထစမ်း"

အောင်ပုအိပ်နေရာမှ ငုတ်တုတ်ထထိုင်လိုက်သည်။ မနေ့က အဒေါ်ဖြစ်သူ စိတ်ဆိုးမာန်ဆိုး ရိုက်လိုက်သောကြောင့် အောင်ပု တစ်ယောက် အကြောက်မပြေသေးပေ။

"မင်းအမှန်တိုင်းမပြောသေးဘူးလား။ ယူရင်ယူတယ်ပေါ့။ အမှန်တိုင်းပြောရင် အပြစ်ကနည်းနည်းသက်သာမယ်။ မဟုတ်လို့ကတော့ မင်းကို ဒီအိမ်ပေါ်က ဆင်းခိုင်းမယ်။ ထမင်းမကျွေးနိုင်တော့သလို ကျောင်းလဲမထားပေးနိုင်တော့ဘူး။ မင်းက ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်ချင်နေတာပေါ့လေ ဟုတ်လား"

"သားအမှန်တိုင်းပြောနေတာပါ။ အဒေါ့်ပိုက်ဆံတွေကို ထားတဲ့နေရာ လဲမသိသလို ယူလဲမယူခဲ့မိပါဘူးဒေါ်ဒေါ်ရယ်။ ဟီး ဟီး"

"ဘာ. . . ဒီကလေးကတော့ စိတ်ရှိလက်ရှိရှိက်လိုက်ရတော့ သေတော့မှာပါ။ အခုထိ ဘူးခံငြင်းနေတုန်းပေါ့ ဟုတ်လား"

"တွီး တွီး တွီး"

အောင်ပုကို ရိုက်ရန်ချိန်ရွယ်လိုက်ချိန် စားပွဲခုံပေါ်မှ ဖုန်းမြည်သံ ထွက်ပေါ်လာခဲ့သည်။

"နေအုံး နေအုံး ဖုန်းလာလို့ မင်းကံကောင်းသွားတယ်မှတ်။ အရေးထဲ စောစောစီးစီး ဘယ်ကဖုန်းတွေ မှားဝင်လာတာပါလိမ့်။ အဲဒီမှာထိုင်နေအုံး နေရာရွှေ့မသွားနဲ့။ ငါပြန်လာခဲ့မယ် ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

သနားစရာကောင်းသော အောင်ပုသည် နံရံထောင့်နားတွင် တစ်လက်မမှမရွှေ့ တုတ်တုတ်မျှမလှုပ် ငြိမ်သက်စွာထိုင်နေခဲ့ရသည်။

(၈)

"ဟယ်လိုမိန်းမ နေကောင်းလား။ ကိုယ်မနေ့က ည ၁၀ နာရီ မိနစ် ၃၀ လောက်မှ အလုပ်ရုံကိုပြန်ရောက်တာ။ အချိန်တွေနောက်ကျနေတာနဲ့ မိန်းမဆီဖုန်းတောင်မဆက်လိုက်ရဘူး။ ဒီနေ့ ဥပုသ်နေ့ဆိုတော့ ချက်ထားတဲ့ဆွမ်းချိုင့်ကို ဘုန်းကြီးကျောင်းသွားပြီး လူကိုယ်တိုင်ကပ်လိုက်နော်။ ကိုယ့်အလုပ်အကိုင်တွေအဆင်ပြေအောင်လဲ ဆုတောင်းပေးခဲ့အုံး။ ညော် ဒါနဲ့စကားမစပ် မိန်းမခုတင်ဘေးအံဆွဲထဲက ပိုက်ဆံကို အစ်ကို ယူလာတာနော်။ မပြောလိုက်ရလို့ အခုသတိရတုန်း တစ်ခါတည်း ပြောလိုက်တာနော်။

"ရှင်. . . "

ယောက်ျားဖြစ်သူ၏စကားသံကြောင့် ဒေါ်ဆုတစ်ယောက် အမှားကြီးမှားခဲ့လေပြီဟု နောင်တရနေမိတော့သည်။ အချိန်အတိုင်းအတာ တစ်ခုထိမစောင့်ဘဲ အရာရာကို ချင့်ချိန်တွေးတောနိုင်မှ အားနည်းခဲ့သောကြောင့် တူဖြစ်သူအပေါ် အမှားများ အထပ်ထပ်ပြုခဲ့မိလေသည်။ ထိုအချိန်တွင် အတွင်းထဲက ဒေါသများသည် တိမ်စိုင်များကဲ့သို့ လွင့်စဉ်သွားခဲ့သည်။ ပါးပြင်ပေါ်မှ မျက်ရည်စက်များသည်လည်း ထိန်းမရသိမ်းမရအောင် တပေါက်ပေါက်စီးကျနေပါတော့သည်။

"မိန်းမ ဟယ်လို ဟယ်လို အစ်ကိုပြောတာကြားရဲ့လားမိန်းမ"

"ရှင် ဟုတ် ဟုတ်ကဲ့ ကြားပါတယ်အစ်ကို"

ယောက်ျားဖြစ်သူ ဖုန်းချသွားတော့ အောင်ပုအတွက် စိတ်မကောင်းဖြစ်သော ဒေါ်ဆုသည် ကိုယ့်ကိုယ်ကိုယ်ယူကျုံးမရဖြစ်နေခဲ့ပါတော့သည်။ ဘာမှမသိနားမလည်သော ကလေးတစ်ယောက်အပေါ်ကို သူလုပ်ရပ်ကြောင့် ဝမ်းနည်းနေမိခဲ့သည်။

(၉)

"အောင်ပု လာထ မျက်နှာသွားသစ်ချေ။ ပြီးရင်မီးဖိုထဲမှာ ငါ ထမင်းကြော်ထားတယ် စားလိုက်အုံး။ စားပြီးရင် ငါနဲ့အတူလိုက်ခဲ့၊ ဥပုသ်စျေးသွားမယ်။ ဒီနေ့က ဥပုသ်နေ့ဆိုတော့ မြို့မစျေးက ဖွင့်မှာမဟုတ်ဘူး။ အဲဒီတော့ ဥပုသ်စျေးသွားမယ်"

"ဟုတ် ဟုတ်ကဲ့ပါဒေါ်ဒေါ်"

အောင်ပုတစ်ယောက် ဘာကိုမှနားမလည်နိုင်တော့ပေ။ အထူးသဖြင့် ဒေါ်ဆု၏အမူအရာပင်ဖြစ်သည်။ အပြောင်းအလဲမြန်သော ဒေါ်ဆုသည် အောင်ပုအတွက် အဆန်းမဟုတ်ခဲ့သော်လည်း ယခုသည် အဆန်းဖြစ်နေခဲ့သည်။ သေချာတာတစ်ခုကတော့ ဒေါ်ဆုသည် ဥပုသ်နေ့ကို ဘယ်သောအခါမှ မသိခဲ့ပေ။ ဥပုသ်နေ့တွင် ယူထားသောဆွမ်းချိုင့်ကိုလည်း အောင်ပုသာ အမြဲချက်ပြုတ်ခဲ့ရပါသည်။ ယနေ့နံနက်ခင်းသည် ယခင်နှင့်မတူ သာယာလွန်းနေသည်။ အရှေ့အရပ် ကောင်းကင်မှ ဝိုင်းစက်နေသောနေမင်းသည် တဖြိမ့်ဖြိမ့်ပြူထွက်လာနေသည်။

နံနက်ခင်း၏ လေပြည်လေညင်းများကလည်း ဒေါ်ဆုနှင့် အောင်ပုတို့ကို ကျီစယ်လေသလား။ အဒေါ်ဖြစ်သူနှင့် တူတော်မောင်တို့လည်း အပြုံးကိုယ်စီဖြင့် အေးချမ်းနေကြသည်။ တစ်ဦးနှင့်တစ်ဦး စကားမပြောခဲ့ကြသော်လည်း လေပြည်လေညင်းများကပဲ သတင်းစကားပါးနေသည်ဟု နှစ်ဦးသားယုံကြည်ရင်း ဥပုသ်စျေးရှိရာသို့ ခြေဦးတည့်ကာ လျှောက်လှမ်းနေကြပါတော့သည်။

ပုသိမ်မြို့နယ် စမ်းတွင်းကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ပုသိမ် ဧက်တင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၉၈ပြွန်းကုန်းကျေးရွာအုပ်စု စမ်းတွင်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့်တာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ စမ်းတွင်းကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ပုသိမ်မြို့နယ် စမ်းတွင်းကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၈၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် လေးသန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သံသာ

စင်ပေါ်ကစာအုပ်များ (၁၂)

မန်းတင့်မော်

လူစိတ်ဆန်းကြယ်သည်ကို လူတိုင်းသိရှိလက်ခံလေ့ရှိကြသည်။ လူအမျိုးမျိုး စိတ်အတွေးထွေ ဟူ၍လည်း ဆိုကြပြန်သည်။ စိတ်အလျှဉ်ကလည်း ရေတသွင်သွင်စီးသည်ထက် မြန်ဆန်သည်။ ဟိုရောက်သည်ရောက်စိတ်အတွေးများတွင် အတိတ်ကိုရောက်တိုင်း စာကဗျာများနှင့် အထူးပျော်မွေ့ခဲ့ရချိန်များကို သတိရတမ်းတဖြစ်သည်။ အရွယ်အရ တရားဓမ္မ ဆိုင်ရာများကို ထဲထဲဝင်ဝင်သိရှိရန် ကြိုးစားရမည်ဖြစ်သော်လည်း အချိန်အနည်းငယ်သာပေး၍ ဖတ်ကြည့်၊ မှတ်ကြည့်သည်။ ပုထုဇဉ်ပီပီ ကောင်းသောမြတ်သော အရာများထက် မကောင်းမှုဌပင် မွေ့လျော်ဆဲဖြစ်ကြောင်း သတိထားမိသည်။ သို့သော် စာများ၊ ကဗျာများကို တစ်သက်တာမှတ်ခဲ့၊ ဖတ်ခဲ့၊ နှစ်သက်ခဲ့သဖြင့် လက်မလွှတ်နိုင်ပေ။

စင်ပေါ် ကစာအုပ်များအကြောင်းကို တင်ပြခဲ့ရာတွင် အက်ဆေးစာအုပ်များက အများစုဖြစ်နေကြောင်းကို သတိပြုမိသည်။ သုတ၊ ရသ နှစ်မျိုးစလုံးရရှိသည့် အတွက်လည်း အကျိုးများသည်ဟု ခံယူမိသည်။ အက်ဆေးကို စာပေသမားများစွာက ရေးသားခဲ့ကြသည်။ ဝတ္ထုတိုသမားများလည်း ရေးသည်။ ဝတ္ထုရှည်ကြီးများ အစဉ်တစိုက်ရေးသူများကလည်း အက်ဆေးရေးခဲ့ကြဖူးသည်။ ဘာသာပြန်ဆရာများ၏ဘာသာပြန်အက်ဆေးများကိုလည်း ဖတ်ရှုခဲ့ရဖူးသည်။ အက်ဆေးကို သီးသန့်ရေးသားသူများလည်းရှိသည်။ ကဗျာဆရာများကလည်း အက်ဆေးများတွင် လက်စွမ်းပြလေ့ရှိသည်။ ၎င်းတို့ထဲမှ ကဗျာဆရာ ရွှေဒေါ်မောင်လေးရည်၏ အက်ဆေးစာအုပ်တစ်အုပ်ထဲမှ အက်ဆေးများကို ယခုတစ်ပတ်တွင် ဖော်ပြလိုသည်။

ရွှေဒေါ်မောင်လေးရည်ကို ကဗျာဆရာအဖြစ် မှတ်သားထားမိသည်။ ၁၉၇၀ ကာလများဆီက ဌေတာရီမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်းတို့တွင် ဆရာ၏ ကဗျာများကို အဆက်မပြတ်ဆိုသလို ဖတ်ရှုခဲ့ရပါ၏။ နောင်အခါ ဒဂုံမဂ္ဂဇင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်းစသော မဂ္ဂဇင်းများစွာတွင် တွေ့ရှိလာရသည်။ မြန်မာကဗျာဖွဲ့နည်းမျိုးစုံကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးဖွဲ့နိုင်သည်ကိုလည်း သတိပြုမိသည်။ ကဗျာကျမ်းကျေသူတစ်ဦးဟုလည်း ထင်မြင်မိသည်။ ကာရန်မိမိ၊ အသံချိုချိုနှင့် လှပသောကဗျာများစွာကို ရေးဖွဲ့ခဲ့သည့်နည်းတူ ကဗျာစာအုပ်များလည်း ထုတ်ဝေခဲ့ပါသေးသည်။

ကဗျာမှတစ်ဆင့် ဝတ္ထုတိုကလေးများကို ရေးဖွဲ့လာပြန်ရာ နှစ်သက်ဖွယ်ဖြစ်သည်။ ဝတ္ထုတိုများများစားစားမတွေ့ရပါ။ ဆက်လက်၍ အက်ဆေးများကို ရေးသားလာပြန်ရာ အက်ဆေးဖော်ပြသော မဂ္ဂဇင်းများစွာတွင် တွေ့ရှိဖတ်ရှုလာရသည်။ ဆရာရေးသားခဲ့သော အက်ဆေးများကို စိတ်ကူးချိုချို အနုပညာဟု ခေါင်းစီးတပ်ထားသော စိတ်ကူးချိုချိုစာပေမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ရွှေဒေါ်မောင်လေးရည်၏ "ပန်းနုရောင်အိပ်မက် အလွမ်းအက်ဆေး" အမည်ဖြင့် ပထမအကြိမ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် အက်ဆေး ၂၃ ပုဒ်ကို ဖော်ပြထားသည်။ ကဗျာဆရာရေးသော အက်ဆေးများပီပီ စကားပြေ အက်ဆေးများကို ကဗျာများ ရက်ဖောက်လျက် ရေးသားထားရာ ကဗျာအလှနှင့် စကားပြေရသကို နှစ်မျိုးစလုံး ရှုမြင်ခံစားနိုင်ကြသည့် အက်ဆေးများဟု ဆိုချင်သည်။

ရွှေဒေါ်မောင်လေးရည်၏ အက်ဆေးများမှ "ခရမ်းချဉ်သီးထောင်းကလေးနဲ့" အမည်ရှိ အက်ဆေးတစ်ပုဒ်ကို ဖော်ပြချင်သည်။ အက်ဆေး၏နိဒါန်းကို "လူသားတိုင်း လူသားတိုင်း အလိုဆန္ဒတစ်ခုခု၊ အစွဲအလမ်းတစ်ခုခု၊ အလေ့အထုံတစ်ခုခု၏ စေရာနောက်သို့လိုက်ပါနေရသူများသာ ဖြစ်ကြသည်"ဟု ဆိုသော်ရနိုင်မည်ထင်ပါသည်ဟု စတင်ထားသည်။ ဆက်လက်၍ -

"အချို့က စာပေဖတ်ရှုခြင်းအလေ့အထုံတွင် မွေ့လျော်၍ လည်းကောင်း၊
အချို့က တေးသီချင်း၊ ဂီတနယ်ပယ်၌ အာရုံဝင်စား၍ လည်းကောင်း၊
အချို့က ရုပ်ရှင်၊ ဇာတ်သဘင် ကြည့်ရှုခံစားခြင်း၌လည်းကောင်း၊
အချို့က ခရီးယာယီသွားလာရခြင်း ခေါင်းစဉ်အောက်တွင်လည်းကောင်း၊
အချို့ကတော့ မိမိမွေးဖွားကြီးပြင်းခဲ့ရာ ဇာတိဒေသ၏ အင္ဂေ့အသက်အလေ့အထုံ၌လည်းကောင်း၊ ဒေသ၏ အစားအစာ ရသတစ်မျိုးမျိုးတွင် စွဲလမ်းနှစ်သက်စွာ တပ်မက်ခြင်းဖြင့်လည်းကောင်း အစွဲကလေးများဖြင့် တစ်မျိုးတစ်ဘာသာစီ ရှိတတ်ကြသည်။
အချို့ကတော့. . .
အချို့ကတော့. . . "ဟု စကားလုံးလှလှလေးများကို ကြိယာများမထပ်အောင် ရေးဖွဲ့သည်။ စာဖတ်သူကို ဆွဲခေါ်ရာတွင်လည်း ဖော်ပြပါအချက်အလက်များထဲမှ တစ်ခုမဟုတ်တစ်ခုနှင့် သက်ဆိုင်နေမည်သူများသာဖြစ်၍ ဆက်လက်ဖတ်ရှုရန် တွန်းအားသဖွယ်ဖြစ်စေသည်။

ရွှေဒေါ်မောင်လေးရည်သည် သူကိုရင်ဝတ်စဉ်က ပဲကြီးဟင်းချိုကို အလွန်ကြိုက်သော ကိုရင်ကြီးအကြောင်းကို ပြောပြပြန်ရာ ဆွမ်းခံရာတွင် ပဲကြီးဟင်းချို အမြဲပါစေချင်သည်။ ပဲကြီးဟင်းချိုမပါဘဲ ပဲကြီးနှပ်ပါလာလျှင် ရေနွေးကျိုး၍ ဟင်းချိုအဖြစ် ဖန်တီးဘုဉ်းပေးကြောင်းရေးထားရာ အစွဲအလမ်းသဘောကို ထင်ရှားစေသည်။ ဆက်လက်၍ ဆရာ အလုပ်လုပ်ရာဌာနရှိ အကြီးအကဲတစ်ဦးမှာ ကမ္ဘောဇနွယ်ဖွားတစ်ဦးဖြစ်ပုံ၊ ဒေသထွက် အစားအစာများကို တကူးတက မှာယူစားသောက်တတ်ပုံတို့ကို ရေးဖွဲ့ပြန်သည်။ ယုတ်စွအဆုံး သူ၏သမီးငယ်လေး အနာပေါက်ရာတွင်ပင် သူ၏ဇာတိနယ်မှ တစ်ပင်တိုင် မြနန်း(အနီ)ဥကို မှာယူ၍ ပျစ်ပျစ်သွေးပြီး လိမ်းပေးရမှ ကျေနပ်သူအဖြစ် ဒေသစွဲကြီးပုံကို ရှင်းလင်းစွာ ဖော်ပြသည်။

လူတိုင်းပင် မိမိမွေးဖွားကြီးပြင်းရာဒေသကို စွဲလမ်းတတ်ကြသည်။ ရပ်ရွာဓလေ့ကို မမေ့။ ရပ်သံရွာသံကို နားထဲစွဲသည်။ ရပ်ရွာအစားအစာကို ခုံမင်သည်။ ရပ်ရွာ၏ ပွဲလမ်းသဘင်ကို နှစ်သက်တတ်သေးသည်။ ထိုအထဲတွင် ရွှေဒေါ်မောင်လေးရည်က ဒေသအစားအစာကို နှစ်သက်စွဲလမ်းသူဖြစ်ကြောင်း

> ❖ လူတိုင်းပင် မိမိမွေးဖွားကြီးပြင်းရာဒေသကို စွဲလမ်းတတ်ကြသည်။ ရပ်ရွာဓလေ့ကိုမမေ့။ ရပ်သံရွာသံကို နားထဲစွဲသည်။ ရပ်ရွာအစားအစာကို ခုံမင်သည်။ ရပ်ရွာ၏ ပွဲလမ်းသဘင်ကို နှစ်သက်တတ်သေးသည်။ ထိုအထဲတွင် ရွှေဒေါ်မောင်လေးရည်က ဒေသအစားအစာကို နှစ်သက်စွဲလမ်းသူဖြစ်ကြောင်း ဝန်ခံထားသည်။ ကျေးလက်စရိုက်နှင့်ပတ်သက်၍ လက်စားလိုက်စနစ်ရှိကြောင်း၊ သက်ငယ်မိုးလျှင်၊ စပါးစိုက်လျှင်၊ ကွမ်းခြံစိုက်လျှင်၊ ငရုတ်စိုက်လျှင် သူလုပ်ငန်း၊ ကိုယ့်လုပ်ငန်းအလှည့်ကျ ကူညီလုပ်ကိုင်ကြသည့်စနစ်ဖြစ်ကြောင်း လေ့လာမှတ်သားရသည်။ ❖

ဝန်ခံထားသည်။ ကျေးလက်စရိုက်နှင့်ပတ်သက်၍ လက်စားလိုက်စနစ်ရှိကြောင်း၊ သက်ငယ်မိုးလျှင်၊ စပါးစိုက်လျှင်၊ ကွမ်းခြံစိုက်လျှင်၊ ငရုတ်စိုက်လျှင် သူလုပ်ငန်း၊ ကိုယ့်လုပ်ငန်းအလှည့်ကျကူညီလုပ်ကိုင်ကြသည့် စနစ်ဖြစ်ကြောင်း လေ့လာမှတ်သားရသည်။

စုပေါင်းလုပ်ဆောင်၍ စုပေါင်းထမင်းစားကြပုံကို-

"ရာသီလိုက်ဖက်၊ စီမံချက်
ထမင်းလက်ဆုံ စားရအောင်။
မျှစ်နဲ့ချဉ်ပေါင် ပုစွန်ခတ်
ချဉ်ရည်စပ်စပ် ကောင်းတယ်မောင်။
ချဉ်ရည်ဟင်းမှာ နံနံအုပ်
ပလုတ်ပလောင်း လွေးရအောင်။
ငါးပိခွက်မှာ ငရုတ်စိမ်းထည့်
တည်းသီးနဲ့ တို့ရအောင်။
ဆူးပုပ်ရွက်ကလေး ရေနွေးဖျော
မက်မက်မောမော ကောင်းတယ်မောင်။
ငါးစင်ရိုင်းကို အိုးကပ်ချက်
ဆွေမျိုးတစ်သက် မေ့လောက်အောင်"ဟု ကဗျာလေးကို ထည့်သွင်းထားသည်။ ကဗျာတွင် အညာဓလေ့ကို တွေ့ရမည်။ မြန်မာတို့၏ ချစ်မြတ်နိုးဖွယ်ယဉ်ကျေးမှုကို ထင်ဟပ်စေသည်။ မြန်မာ့ရိုးရာ အခြေခံအစားအစာများကို မြည်းစမ်းနိုင်မည်။ မြန်မာတို့က စားကောင်းသောက်ဖွယ်စားရလျှင် ဆွေမျိုးမေ့အောင် ကောင်းသည်ဟု တင်စားလေ့ရှိကြရာ လူမျိုးဆိုင်ရာ အယူအဆအသုံးအနှုန်းကို မမေ့မလျော့ထည့်သွင်းထားသည်ဟု ဆိုနိုင်ပါလိမ့်မည်။ ထို့အတူ တိုင်းရင်းသားဆွေမျိုးများ၏ ယဉ်ကျေးမှုဓလေ့များကို ထင်ဟပ်စေသော စာ၊ ကဗျာများကလည်း ပူးတွဲလေ့လာရန် လိုအပ်သည်။

ဆရာရွှေဒေါ်မောင်လေးရည်က သူ့ဒေသအစားအစာ ခရမ်းချဉ်သီးထောင်းကလေးကို တမ်းတမ်းတတ ဆက်လက်ဖွဲ့ဆိုသည်။ မြန်မာတို့၏ နံနက်စာက ထမင်းပူပူနှင့် အကြော်စုံ၊ ပဲပြုတ်တို့ဖြစ်ကြသည်။ အက်ဆေးဆရာ၏ ဒေသတွင် နံနက်စာက မပါမဖြစ် ခရမ်းချဉ်သီးထောင်းဟုဆိုသည်။ ခရမ်းချဉ်သီးထောင်းနှင့်စပ်လျဉ်း၍ တစ်ဆက်တည်း သတိရဖွယ်များစွာရှိနေသည်။

ယခုစာရေးသူမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က မိတ္ထီလာကန်ရေကို ကိုးနှစ်ခန့် သောက်ခဲ့ရဖူးသည်။ ကန်ရေသောက်ခဲ့ရသော်လည်း မြက်ခြောက်စားရသည်မဟုတ်ပါ။ လမ်းငါးလမ်းဆုံရာ မိတ္ထီလာမြို့က အသီး၊ အရွက်၊ သား၊ ငါးပေါများသကဲ့သို့ လတ်လတ်ဆတ်ဆတ်လည်းရှိသည်။ မိတ္ထီလာဒေသတွင် ခရမ်းချဉ်သီးထောင်းမှာ အိမ်တိုင်းအိမ်တိုင်း နံနက်စာအဖြစ် ပါဝင်နေကြဖြစ်သည်။ မှတ်မိပါသေးသည်။ မိတ္ထီလာသူစစ်စစ် ပေါက်ချောင်းရပ်ကွက်နေ ဒေါ်ဒေါ်ကြည်၏ ခရမ်းချဉ်သီးထောင်းနည်းမှာ မှတ်သားဖွယ်ဖြစ်သည်။ ခရမ်းချဉ်သီးမှာ ဒေသထွက် ဗမာခရမ်းချဉ်သီးဖြစ်ရမည်။ မီးသွေး မီးဖိုတွင်သာ ဖုတ်ရမည်။ တောင်ပိုင်းရှမ်းပြည်ထွက် ပဲပုပ်ပြားကို မီးကင်ရမည်။ စိမ်းစားငါးပိအနည်းငယ်ကို မြေစလောင်းဖုံးနှင့် ကင်ရမည်။ မိစစ်ဖစစ်ငါးပိဆိုပါက ကျက်လျှင် စလောင်းမှ ကွာကျရမည်ဟုလည်း ဆိုပြန်ပါသေးသည်။ ငရုတ်သီးစိမ်းအသုံးပြုရာတွင် ပီနံသီး (တစ်နည်း) ကုလားအော်ငရုတ်ပုမှသာ ကောင်းသည်။ ထောင်းမည့်ဆုံက ကျောက်မြောင်းထွက် ဘေးလက်ကိုင်ပါ စဉ့်ငရုတ်ဆုံဖြစ်ရမည်။ ကျည်ပွေ့ဆိုလျှင် ကျွန်းသားကျည်ပွေ့ဟု သတ်မှတ်ပြန်ရာ ယနေ့ မိတ္ထီလာသူ၊ မိတ္ထီလာသားများပင် သည်နည်းတွေကို သိမှ သိပါလေစဟု တွေးမိပါသေးသည်။

အက်ဆေးဆရာက သူ၏ဖခင်ကြီး နာမကျန်းရာတွင် ခရမ်းချဉ်သီးထောင်းကိုသာ ဓာတ်စာအဖြစ် စားချင်ပုံ၊ ဖခင်ကြီးဆုံးပါးသွားသော်လည်း ဖခင်ကြီးနှင့် အတူ ဖခင်ကြီးကြိုက်နှစ်သက်ခဲ့သော ခရမ်းချဉ်သီးထောင်းကလေးကိုပါ သတိရလျက်ရှိပုံဖြင့်-

"သာမန်မျှသာဖြစ်ပြီး စာဖွဲ့ရလောက်အောင် အထင်ကရမဖြစ်လှသည့် ကျေးလက်ရဲ့အစာ ခရမ်းချဉ်သီးထောင်းကလေးကို အသက်ထက်ဆုံးတိုင် စွဲလမ်း နှစ်သက်ခဲ့ရှာသည့် ကျွန်တော့်ဖခင်၏ ဒေသအစားအစာ စွဲလမ်းတပ်မက်ပုံ အာလယလေးကိုဖြင့် ကျွန်တော်၏ သိစိတ်အလျှဉ်ဝယ် ထာဝစဉ်မမေ့ မပျောက်နိုင်လောက်အောင် အမြစ်တွယ်လျက် သတိရရှိနေပါတော့သည်"ဟု အဆုံးသတ်ထားသည်။

မြန်မာ့ဓလေ့ မြန်မာ့စိတ်ရင်းကို ထင်ဟပ်စေ၍ ကဗျာတစ်ပုဒ်သဖွယ် လှပသောအက်ဆေးဟု သုံးသပ်မိပါကြောင်း တင်ပြလိုက်ရပေသည်။

ကိုးကား

– ပန်းနုရောင် အိပ်မက်အလွမ်း အက်ဆေး (ရွှေဒေါ်မောင်လေးရည်) ၂၀၁၉ စိတ်ကူးချိုချို

ဒေးဒရဲမြို့နယ် သဲကုန်းစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

ဒေးဒရဲ စက်တင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေးဒရဲမြို့နယ် ဘိုးတုတ်ကျေးရွာအုပ်စု သဲကုန်းစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို စက်တင်ဘာ ၁၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒေးဒရဲမြို့နယ် ဘိုးတုတ်ကျေးရွာအုပ်စု သဲကုန်းစုကျေးရွာ၌ အရှည် ပေ ၂၀၄၀၊ အကျယ်ခြောက်ပေနှင့် အမြင့် လေးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဒေးဒရဲမြို့နယ် ဘိုးတုတ်ကျေးရွာအုပ်စု သဲကုန်းစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် သိန်း ၃၀ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိယ်တိုင် သြဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

မင်းမြင့်မိုရ်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူ့အချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဇေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူ့အချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံးစစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ယခုဘဏ္ဍာနှစ် သြဂုတ်လက ဓာတ်မြေသြဇာတန်ချိန် ၁၉၄၄၀၀ တင်သွင်းခဲ့

နေပြည်တော် ဧက်တင်ဘာ ၁၄

ယခုဘဏ္ဍာနှစ် သြဂုတ်လက အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၀၈ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၉၄၄၀၀ တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်နေသည့်အပြင် စိုက်ပျိုးသီးနှံများကို နွေ၊မိုး၊ဆောင်းတစ်နှစ်ပတ်လုံးစိုက်ပျိုးဆောင်ရွက်လျက်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သည့် ဓာတ်မြေသြဇာများကို လစဉ် ပြည်ပမှတင်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ တင်သွင်းရာတွင် ယခုဘဏ္ဍာနှစ် သြဂုတ်လကပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၈၅၇ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၅၄၇၀၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၂၃ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၃၉၇၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၀၈ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၉၄၄၀၀ တင်သွင်းခဲ့ရကြောင်း သိရသည်။

သြဂုတ်လအတွင်းက ဓာတ်မြေသြဇာများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းရာတွင် တရုတ်နိုင်ငံမှတန်ချိန် ၇၀၀၀၀၊ အိုမန်နိုင်ငံမှတန်ချိန် ၄၀၀၀၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၄၀၀၀၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၁၀၀၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၈၅၀၀၊ ဘရူနိုင်းနိုင်ငံမှ တန်ချိန် ၃၀၀၀၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၂၈၀၀၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၅၀၀၊ လာအိုနိုင်ငံမှ တန်ချိန် ၁၁၀၀၊ အီရန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ အင်္ဂလန်နိုင်ငံမှ တန်ချိန် ၅၀၀၊ ရုရှားနိုင်ငံမှ တန်ချိန် ၅၀၀၊ ဥရောပကစ္စတန်နိုင်ငံမှ တန်ချိန် ၄၀၀၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၃၀၀၊ နော်ဝေနိုင်ငံမှ တန်ချိန် ၃၀၀ နှင့် တရုတ်(တိုင်ပေ)မှ တန်ချိန် ၃၀၀ စုစုပေါင်း ဓာတ်မြေသြဇာတန်ချိန် ၁၅၄၇၀၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ သြဂုတ်လအတွင်း ဓာတ်မြေသြဇာများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းရာတွင်လည်း ထိုင်းနိုင်ငံမှ ဓာတ်မြေသြဇာတန်ချိန် ၁၇၀၀၊ တရုတ်နိုင်ငံမှတန်ချိန် ၃၈၀၀၀ စုစုပေါင်း ဓာတ်မြေသြဇာ တန်ချိန် ၃၉၇၀၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ SKL

ဟိုပန်မြို့နယ် ပန်ကောက်(ကချင်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဟောက်လုပ်နေမှု စစ်ဆေး

ဟိုပန် ဧက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ကောက်(ကချင်) ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဟောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုး၊ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပန်ကောက်(ကချင်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဟောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပန်ကောက်(ကချင်)ကျေးရွာ၌ အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဟောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုဌာနမှ ပုံငွေကျပ် ၆၈ ဒသမ ၇၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ယခုနှစ်ဇူလိုင်လ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ပန်ကောက်(ကချင်)ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေ ဧက ၅၀၀ ကျော်မှထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များကို စျေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့်သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက ထိပ်တိုက်တွေ့ဆုံမှုမှာအသာရထားတဲ့ ဖူလ်ဟမ်အသင်း၊ အင်တာမီလန်အသင်း၊ အေတီကိုအသင်းတို့နဲ့သာ လက်တွဲရမှာပါ

M L

အခုတစ်ပတ်စနေနေ့ညမှာတော့ နိုင်ငံတကာပြိုင်ပွဲကာလ ပြီးခဲ့တာကြောင့် ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ပုံမှန်အတိုင်း ဆက်လက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာပြိုင်ပွဲတွေ သွားရောက်ကစားခဲ့ရပြီး ခရီးပန်းမှုတွေရှိနေတဲ့ ကစားသမားတွေရှိနေတာကြောင့် ဒီတစ်ပတ်ပွဲစဉ်တွေကို သတိထားချဉ်းကပ်သွားရမှာပါ။ လက်ရှိမှာတော့ ဒဏ်ရာရပွဲပယ်နည်းပါးနေပြီး အရန်ကစားသမားအင်အား တောင့်တင်းတဲ့အသင်းတွေကိုသာ ဆက်လက်အားပေးရမှာဖြစ်သလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရခဲ့တဲ့ အသင်းနဲ့သာ လက်တွဲရမှာဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်း အရိုင်ရမှာပါ

ဒီတစ်ပတ် စနေနေ့ညမှာ ကစားမဲ့ ပရီးမီးယားလီဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ပရီးမီးယားလီဂ်သုံးပွဲဆက် နိုင်ပွဲမရသေးတဲ့ ဖူလ်ဟမ်အသင်းနဲ့ လူတန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလမှာ ဂျီမီနက်ဇ်၊ ဘက်ဆေး၊ ထရာအိုရေး၊ အီဝိုဘီတို့လို ကစားသမားတွေကို ခေါ်ယူအားဖြည့်ခဲ့တာကြောင့် ခြေစွမ်းပိုင်းမာကျောလာတာကို တွေ့ရမှာပါ။ ဒါပေမဲ့ နောက်ဆုံးသုံးပွဲမှာတော့ အာဆင်နယ်၊ စပါးကို သရေ၊ မန်စီးတီးအသင်းကိုတော့ ငါးဂိုး တစ်ဝိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ပွဲကျပ်တွေ ဆက်တိုက်ကစားခဲ့ရတာကို သတိပြုရမှာပါ။ ဒါကြောင့် ၄-၃-၃ ကစားကွက်အခင်းအကျင်းကို ပုံမှန်အသုံးပြုနေတဲ့ နည်းပြအတွက် အခုပွဲစဉ်မှာလဲ ဒီကစားကွက်တိုင်း ပွဲထွက်လာမယ်ဆိုရင် လူတန်ကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ပြီး ဂိုးပြတ်နိုင်ပွဲရဖို့သေချာပါတယ်။ အခုပွဲစဉ်မှာလဲ လူတန်အသင်းအနေနဲ့ ကမ္ဘာ့အဆင့်ခြေစွမ်းရှိနေတဲ့ ပါရဲရားနဲ့ ပေါ်ဟင်ဟာကို မထိန်းချုပ်နိုင်ရင်တော့ ဂိုးပြတ်ရှုံးပွဲကြုံသွားရမှာပါ။

လူတန်အသင်းဟာ အခုနှစ်မှပရီးမီးယားလီဂ်ကို တန်းတက်လာခဲ့တာကြောင့် ကစားသမားဝယ်ယူမှုမှာ ငွေကြေးသုံးစွဲနိုင်ခြင်းမရှိဘဲ အလွတ်ပြောင်းကြေးနဲ့ အငှားခေါ်ယူလို့ရမဲ့ ကစားသမားတွေကိုသာ ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ပရီးမီးယားလီဂ်သုံးပွဲအပြီးမှာ ဘရိုက်တန်၊ ချဲလ်ဆီး၊ ဝက်စ်ဟမ်းတို့ကို ရှုံးနိမ့်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးကိုးဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းရဲ့ လူစာရင်းဟာလဲ ပရီးမီးယားလီဂ်အသင်း ၂၀ မှာ အားအနည်းဆုံးဖြစ်နေတာကြောင့် ဖူလ်ဟမ်လိုတိုက်စစ်ကောင်းတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုမှာလဲ ဖူလ်ဟမ်အသင်းက ခုနစ်ဂိုးပြတ် နဲ့ နိုင်ပွဲရခဲ့တာကြောင့် အဘက်ဘက်က အားနည်းချက်ရှိနေတဲ့ လူတန်အသင်း အခုပွဲစဉ်မှာလဲ နိုင်ပွဲပျောက်ဆုံးမှာသေချာပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ ဖူလ်ဟမ်အသင်း အနိုင်ရမှာပါ။

ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အဲဗာတန်	၀	-	၁	ဖူလ်ဟမ်
ဖူလ်ဟမ်	၀	-	၃	ဘရန်ဖို့ဒ်
အာဆင်နယ်	၂	-	၂	ဖူလ်ဟမ်
ဖူလ်ဟမ်	၁	-	၁	စပါး
မန်စီးတီး	၅	-	၁	ဖူလ်ဟမ်

လူတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဘိုချမ်	၁	-	၃	လူတန်
ဘရိုက်တန်	၄	-	၁	လူတန်
ချဲလ်ဆီး	၃	-	၀	လူတန်
လူတန်	၃	-	၂	ဂျီလင်ဟမ်
လူတန်	၁	-	၂	ဝက်စ်ဟမ်း

အင်တာမီလန်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညရဲ့ စီးရီးအေပွဲစဉ်တွေမှာတော့ မီလန်မြို့ခံပြိုင်ဘက်နှစ်သင်း ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာအုံးမှာဖြစ်ပါတယ်။ အင်တာမီလန်နဲ့ အေစီမီလန် ထိပ်တိုက်တွေ့ဆုံမှု ၃၈ ကြိမ်မှာ အင်တာမီလန်က ၁၈ ပွဲနိုင်၊ အေစီမီလန်က ၁၂ ပွဲနိုင်နဲ့ ရှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ နောက်ပိုင်းနှစ်တွေမှာတော့ အင်တာမီလန်က အေစီမီလန်နဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းအောင် ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ အင်တာမီလန်အသင်းဟာ စီးရီးအေသုံးပွဲကစားအပြီးမှာ သုံးပွဲနိုင်ရမှတ်ကိုးမှတ်ရခဲ့သလို တိုက်စစ်ပိုင်း ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပြီး ခံစစ်ပိုင်းကတော့ ပေးဂိုးမရှိခဲ့ပါဘူး။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးဇယားအဆင့်(၁)မှာ ဦးဆောင်နေတာကိုတွေ့ရမှာပါ။ လက်ရှိ အင်တာမီလန်ကတော့ အပြောင်းအရွှေ့ကာလမှာ တိုက်စစ်မှူး ဒီဇစ်ကိုကို လက်လွတ်ခဲ့ပေမဲ့ မားကပ်သူရမ်၊ ဆန်းချက်ဂ်၊ အန်တာတိုဗစ်တို့ကို ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီး တိုက်စစ်ပိုင်းဖြည့်တင်းနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ တိုက်စစ်မှူး မာတီနက်ဇ်ကသွင်းဂိုး ငါးဂိုးထိသွင်းယူနိုင်ခဲ့ပြီး စီးရီးအေရဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ မာတီနက်ဇ်၊ မားကပ်သူရမ်တို့အတွဲကို အေစီမီလန်ခံစစ်ပိုင်း မထိန်းချုပ်နိုင်ရင်တော့ အင်တာမီလန်အသင်းပဲ နိုင်ပွဲဆက်အုံးမှာပါ။

အေစီမီလန်အသင်းကလဲ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ချန်ပီယံဆုကို စိန်ခေါ်ဖို့ ရှန်းကန်ခဲ့ရတာကြောင့် နွေရာသီအပြောင်းအရွှေ့မှာ ပူလီဆစ်၊ မူဆာ၊ ချူကွယ်ဇီ၊ အိုကာဖော်၊ လော့တပ်ချိုခ်၊ ဂျီဗစ်တို့လို တိုက်စစ်လိုက်ပါနိုင်တဲ့ ကစားသမားကောင်းတွေကို ခေါ်ယူအားဖြည့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အေစီမီလန်ဟာ ဘိုလော့နာ၊ တိုရီနို၊ ရှိုးမားတို့ကို နိုင်ပွဲရခဲ့ပြီး ရမှတ်ပြည့်နဲ့ အမှတ်ပေးဇယားအဆင့်(၂)ကို ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ နည်းပြပိုင်အိုလီရဲ့ အထောင်တိုက်စစ်မှာ ဂီရော့ဒ်က ခြေစွမ်းပြနေပြီး သွင်းဂိုးလေးဂိုး သွင်းယူထားခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဂီရော့ဒ်ဟာ နိုင်ငံတကာပြိုင်ပွဲကာလမှာ ခြေချင်းဝတ်ဒဏ်ရာရခဲ့တာကြောင့် အခုပွဲစဉ်ကို ပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဂီရော့ဒ်မပါနိုင်တဲ့ အထောင်တိုက်စစ်ကို အစားဝင်မဲ့တိုက်စစ်မှူးဟာ ဂီရော့ဒ်လိုအမြင့်ဆုံးဟောတွေကို ကစားနိုင်မှာမဟုတ်လို့ အင်တာမီလန်အသင်းအတွက် အားသာချက်တစ်ခုဖြစ်သွားမှာပါ။ အခုပွဲစဉ်မှာ အင်တာမီလန်အသင်းက ကွင်းလယ်ပိုင်းနဲ့ ခံစစ်ပိုင်းမှာ အေစီမီလန်အသင်းထက် သာနေသလို ဂီရော့ဒ်မပါနိုင်တဲ့ အေစီမီလန်တိုက်စစ်ပိုင်း ကျဆင်းသွားမှာသေချာနေတာကြောင့် နောက်ပိုင်းတွေ့ဆုံမှုမှာ အသာရနေတဲ့ အင်တာမီလန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဆဲလ်ဘတ်	၃	-	၄	အင်တာမီလန်
အင်တာမီလန်	၄	-	၂	အန်နာတီယာ
အင်တာမီလန်	၂	-	၀	မွန်ဇာ
ကက်ဂလီယာရီ	၀	-	၂	အင်တာမီလန်
အင်တာမီလန်	၄	-	၀	ဖီအိုရင်တီးနား

အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မွန်ဇာ	၁	-	၁	အေစီမီလန်
အေစီမီလန်	၄	-	၂	နိုဗာရာ
ဘိုလော့နာ	၀	-	၂	အေစီမီလန်
အေစီမီလန်	၄	-	၁	တိုရီနို
ရှိုးမား	၁	-	၂	အေစီမီလန်

အေတီကိုအသင်း နိုင်ပွဲဆက်မှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက ထိပ်တိုက်တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်မဲ့ ပွဲစဉ်ကတော့ ဗလင်စီယာနဲ့ အေတီကိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာအသင်းအနေနဲ့ အခုရာသီ လာလီဂါ ပွဲစဉ်လေးပွဲအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ်ခြောက်မှတ်နဲ့ အဆင့်(၆)ရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်း အနိုင်ရခဲ့တာကလဲ ခံစစ်ပိုင်းကျဆင်းနေတဲ့ ဆီဗီလာနဲ့ တန်းတက်အသင်း လက်ပါးမက်တို့ကို ဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးနှစ်ပွဲဆက်မှာတော့ အိုဆာဆူနာနဲ့ အလာဗက်တို့ကို ခံစစ်ပိုင်းအားနည်းချက်ကြောင့် ရှုံးနိမ့်ခဲ့ရတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းဟာ ဂိုးပေါက် ထိရောက်မှုနဲ့ ဘောလုံးပိုင်ဆိုင်မှုအသာရခဲ့ပေမဲ့ ပြိုင်ဘက်ရဲ့ ကန်သွင်းချက်သုံးဂိုးမှာ သုံးဂိုးစလုံးဂိုးပေးခဲ့ရတဲ့ ခံစစ်ပိုင်းကတော့ သတိထားစရာဖြစ်နေပါတယ်။ နည်းပြဘာရာဂျာကတော့ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်နေပေမဲ့ ခံစစ်အားနည်းချက်ကို ပြုပြင်နိုင်ခြင်းမရှိတာကြောင့် အေတီကိုအသင်းလို တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်မှာ မဟုတ်လို့ ရှုံးပွဲကြုံရဖို့များပါတယ်။

အေတီကိုအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ အသင်းက အဓိက ကစားသမားတွေထိန်းသိမ်းနိုင်ခဲ့ပြီး ခံစစ်ပိုင်းအတွက် ခြေစွမ်းပြ ကစားသမားတချို့ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ အေတီကိုဟာ လာလီဂါသုံးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရမှတ် ခုနစ်မှတ်ရရှိခဲ့တာကြောင့် အဆင့်(၄)မှာရောက်ရှိနေပေမဲ့ အဆင့်(၁)က ရီးရဲလ်အသင်းနဲ့ တစ်ပွဲလျှော့ ငါးမှတ်သာ ကွာဟနေတာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းနည်းပြဟာ အခုရာသီမှာ တိုက်စစ်အသားပေးကစားလာတာကြောင့် သုံးပွဲကစားအပြီး တိုက်စစ်ပိုင်းက ၁၀ ဂိုးထိရရှိခဲ့တာကြောင့် ပြိုင်ပွဲရဲ့ဂိုးသွင်းအများဆုံးအသင်းအဖြစ်လဲ ရပ်တည်နေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဒီပေး၊ ကိုကီ၊ လီနို၊ ဂျီမီနက်ဇ်တို့လို အဓိကကစားသမားတွေ မပါနိုင်ပေမဲ့ အရန်ကစားသမားအင်အားတောင့်တင်းတဲ့ သူတို့အသင်းအတွက် အခက်အခဲရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် လက်ရှိခြေစွမ်းအရ တိုက်စစ်ထက်မြက်နေတဲ့ အေတီကို အသင်းပဲ နိုင်ပွဲဆက်မှာပါ။

ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဗလင်စီယာ	၁	-	၂	အေဗီလာ
ဆီဗီလာ	၁	-	၂	ဗလင်စီယာ
ဗလင်စီယာ	၁	-	၀	လက်ပါးမက်
ဗလင်စီယာ	၁	-	၂	အိုဆာဆူနာ
အလာဗက်	၁	-	၀	ဗလင်စီယာ

အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အေတီကို	၁	-	၁	ဆီဗီလာ
အေတီကို	၃	-	၁	ဂရန်နာဒါ
ဘက်တစ်	၀	-	၀	အေတီကို
နူမန်စီယာ	၀	-	၂	အေတီကို
ဗယ်လ်ကာနို	၀	-	၇	အေတီကို

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒကွိုဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

၁၄-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

စဉ်	နဝကမ္ဘ အမည်	အလှူငွေ (ကျပ်)
၆၂၀။	ကွယ်လွန်သူ ဖခင်ကြီး ဗိုလ်ကြီးမောင်အေး(ငြိမ်း)နှင့် မိခင်ကြီး ဒေါ်ရင်မြတို့အားရည်စူး၍ သား၊ သမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ခင်ညိုညို၊ ဒေါ်သန်းသန်းအေး၊ ဝဏ္ဏကျော်ထင် ဦးအောင်ကျော်ထွန်း၊ ဦးအောင်ရဲသူတို့ကောင်းမှု	၅၀၀၀၀၀၀
၆၂၀၁။	ဦးအေးစိန်မိသားစုကောင်းမှု	၃၀၀၀၀၀၀
၆၂၀၂။	ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၇)၊ အထူးသူရ(၈၇)တပ်ခွဲဆင်းအရာရှိမိသားစုများကောင်းမှု	၃၀၀၀၀၀၀
၆၂၀၃။	မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကောင်းမှု	၁၀၀၀၀၀၀
၆၂၀၄။	အင်ဂျင်နီယာအသင်းချုပ်ကောင်းမှု	၁၀၀၀၀၀၀
၆၂၀၅။	ဦးသန်းအောင်နှင့်ဇနီး ဒေါ်အေးအေးလွင် မိသားစုကောင်းမှု	၁၀၀၀၀၀၀
၆၂၀၆။	အနန္တောအနန္တ၊ဒေါ်ပါးဦးထိပ်ထား၍ ဦးအောင်ဖေစိန်နှင့်ဇနီး ဒေါ်ဝင်းမော်မိသားစုကောင်းမှု	၅၀၀၀၀
၆၂၀၇။	ဗိုလ်မှူးဝင်းနိုင်အောင်နှင့်ဇနီး ဒေါ်ငွေးငွေးကြည်၊ (သမီး) မအိန္ဒြာမြင့်မိုရ်မိသားစုကောင်းမှု	၃၀၀၀၀
၆၂၀၈။	ဦးမောင်မောင်ကျော်အားရည်စူး၍ ဒေါ်တင်တင်ဝင်းနှင့် ကျန်ရစ်သူမိသားစုကောင်းမှု	၃၀၀၀၀
၆၂၀၉။	A to Z Engineering Solutions Co.,Ltd ကောင်းမှု	၃၀၀၀၀
၆၂၁၀။	ဦးတင်အောင်နှင့်မိသားစုကောင်းမှု	၃၀၀၀၀
၆၂၁၁။	ဦးသန်းဝင်းနှင့်ဇနီး ဒေါ်မြုပြုညွှန့် မိသားစုကောင်းမှု	၃၀၀၀၀
၆၂၁၂။	ဦးဟံစိန်နှင့်ဇနီး ဒေါ်နန်းထွေးမိသားစုကောင်းမှု	၂၀၀၀၀
၆၂၁၃။	ဒေါက်တာဒေါ်နှင်းသိရိဦးမိသားစုကောင်းမှု	၂၀၀၀၀
၆၂၁၄။	တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံနုံးမိသားစုကောင်းမှု	၂၀၀၀၀
၆၂၁၅။	ဒုတိယဗိုလ်မှူးကြီးရဲဦးနှင့်ဇနီး ဒေါ်စုမွန်ရွှေ မိသားစုကောင်းမှု	၁၅၀၀၀
၆၂၁၆။	ဦးအောင်သက်ပိုင်နှင့်ဇနီး ဒေါ်ကေခိုင်ဌေး မိသားစုကောင်းမှု	၁၀၀၀၀
၆၂၁၇။	ဦးစိန်မြင့်နှင့်ဇနီး ဒေါ်လှလှမိသားစုကောင်းမှု	၁၀၀၀၀
၆၂၁၈။	ဦးလှဌေးနှင့်ဇနီး ဒေါ်မိမိသင်း၊ သားများဖြစ်ကြသော မောင်စောရန်နောင်၊ မောင်သန်းထိုက်ဇော်၊ မောင်ကျော်ဆုသွေး မိသားစုကောင်းမှု	၁၀၀၀၀
၆၂၁၉။	မိခင်ကြီး ဒေါ်သန်းကြည်နှင့်မိသားစုကောင်းမှု	၁၀၀၀၀
၆၂၂၀။	ဒေါ်ခင်မိုးကြည်၊ ဦးသက်ထွန်းကြည်၊ ဒေါ်ရီရီထွေး တို့ကောင်းမှု	၁၀၀၀၀
၆၂၂၁။	ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်ခင်ထွေးမေ မိသားစုကောင်းမှု	၁၀၀၀၀
၆၂၂၂။	ဦးထွန်းရင်နှင့်မိသားစုကောင်းမှု	၁၀၀၀၀
၆၂၂၃။	ဦးကျော်သန့်စိန်နှင့်ဇနီး ဒေါ်သန်းသန်းဝေ၊ (သမီး) မဝင့်သိဂီကျော်မိသားစုကောင်းမှု	၁၀၀၀၀
၆၂၂၄။	ဖခင်ကြီး ဦးသန်းတင်နှင့် မိခင်ကြီး ဒေါ်အုန်းငွေ၊ မောင်လေးများ၊ ညီမ၊ တူသား မောင်ကောင်းမြတ်ဦးအားရည်စူး၍ ဒေါ်လှလှင်း၊ ဒေါ်မြင့်မြင့်အေးကောင်းမှု	၁၀၀၀၀
၆၂၂၅။	နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးမြင့်မောင်နှင့်ဇနီး ဒေါ်မြင့်မြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၁၀၀၀၀
၆၂၂၆။	ဦးမြင့်ဝင်းနှင့်မိသားစုကောင်းမှု	၁၀၀၀၀
၆၂၂၇။	တပ်ကြပ်ကြီးနေမျိုးနှင့်ဇနီး ဒေါ်သီသီဝင်း မိသားစုကောင်းမှု	၅၀၀၀
၆၂၂၈။	ဒေါ်အေးအေးစန်းမိသားစုကောင်းမှု	၅၀၀၀
၆၂၂၉။	ကွယ်လွန်သူ ဒေါ်မြင့်နီအားရည်စူး၍ ဦးခင်မောင်ဆင့်မိသားစုကောင်းမှု	၅၀၀၀
၆၂၃၀။	ဗိုလ်ကြီးအောင်ကိုလတ်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းမြင့် မိသားစုကောင်းမှု	၅၀၀၀
၆၂၃၁။	ဒုတိယအရာခံဗိုလ်သန်းညွန့်အားရည်စူး၍ ဇနီး ဒေါ်စိန်မြင့်မိသားစုကောင်းမှု	၅၀၀၀
၆၂၃၂။	နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးဘခင်နှင့်ဇနီး ဒေါ်အုန်းလှမိသားစုကောင်းမှု	၅၀၀၀
၆၂၃၃။	ဦးအောင်ဇော်ထွေးနှင့်ဇနီး ဒေါ်သူဇာထွန်း မိသားစုကောင်းမှု	၅၀၀၀
၆၂၃၄။	ဦးအုံးကြွယ်နှင့်ဇနီး ဒေါ်ခင်စန်းရီ (ချမ်းမြေကုန်စုံဆိုင်)မိသားစုကောင်းမှု	၅၀၀၀
၆၂၃၅။	ဦးအောင်မျိုးကျော်မိသားစုကောင်းမှု	၅၀၀၀
၆၂၃၆။	ကွယ်လွန်သူ ကျေးလူးရှင်ကြီးများအားရည်စူး၍ ဒေါ်သန်းသန်းအေးမိသားစုကောင်းမှု	၅၀၀၀
၆၂၃၇။	ဦးဝိုင်သက်ဦးနှင့်ဇနီး ဒေါ်နွယ်နွယ်ဝင်း မိသားစုကောင်းမှု	၅၀၀၀
၆၂၃၈။	ဦးရန်အေးနှင့်ဇနီး ဒေါ်ခင်ဝင်းသန်း၊ (သား) မောင်ဖြိုးပြည့်ကျော်ရန်အေး၊ မောင်ဇော်ဖြိုးထွဋ်ရန်အေး မိသားစုကောင်းမှု	၅၀၀၀
၆၂၃၉။	မိဘများအားအမှူးထား၍ ဒေါ်သိန်းသိန်းထွေး မိသားစုကောင်းမှု	၅၀၀၀
၆၂၄၀။	ဦးစန်းဝင်းနှင့်ဇနီး ဒေါ်သိန်းသိန်း၊ (သား)မောင်ဆန်းလင်းထွန်း၊ ဒေါက်တာဝင်းလဲ့ဖြိုးမိသားစုကောင်းမှု	၅၀၀၀
၆၂၄၁။	နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ချယ်ရီမိသားစုကောင်းမှု	၅၀၀၀
၆၂၄၂။	ဒေါ်ကြည်ကြည်ခိုင်မိသားစုကောင်းမှု	၅၀၀၀
၆၂၄၃။	ဒေါ်တင်ရီမိသားစုကောင်းမှု	၅၀၀၀
၆၂၄၄။	ဦးဝင်းရွှေနှင့်ဇနီး ဒေါ်တင်တင်စန်း မိသားစုကောင်းမှု	၅၀၀၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြိတင်လှာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝတက်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၅၁၇၆၁၇၊ မြတ်ဘက်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇာတ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ခွဲ) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၂၂၂၅၄၊ ၀၉-၂၅၅၈၂၅၂၁

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော်၊ စက်တင်ဘာ ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota BZ3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co.,Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Honda ENS1 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota BZ4X နှင့် Honda ENS1 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချ စားသုံးသင့်ပါသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့် ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ (မြန်မာ/အင်္ဂလိပ်)
(အမျိုးသား/ အမျိုးသမီး)။

(ခ) သတင်းအယ်ဒီတာ (မြန်မာ/အင်္ဂလိပ်)
(အမျိုးသား/အမျိုးသမီး)။

(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း
(အမျိုးသား/ အမျိုးသမီး)။

(ဃ) ထုတ်လုပ်ရေးမှူး
(အမျိုးသား/အမျိုးသမီး)။

(င) အစီအစဉ်မှူး (အမျိုးသား/အမျိုးသမီး)။

(စ) ဂီတ(ခေတ်ပေါ်) အဆို/အတီး
(အမျိုးသား/အမျိုးသမီး)။

(ဆ) ဂီတ(ဆိုင်းဝိုင်း) အဆို/အတီး
(အမျိုးသား/အမျိုးသမီး)။

(ဇ) ကဇာတ် (အဆို/အက)
(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါ ရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသားတိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည် (ယာယီဘွဲ့ထောက်ခံစာမရပါ)။

(င) အနည်းဆုံး ငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရမည် (စာချုပ် ချုပ်ဆိုဆောင်ရွက်ပါမည်)။

(စ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံး အနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများဖြစ်ရမည်။

(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။

(စျ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါ ရာထူးအသီးသီးအတွက် လိုအပ်သည့် အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည် (မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ)။

(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာ သီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက် အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ရယူနိုင်ပါသည်-

(က) အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီရုပ်မြင်သံကြား)မော်တီ၊ ရန်ကုန်မြို့။
(ဖုန်း ၀၃၁-၆၀၂၇၈)

(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီရုပ်မြင်သံကြား)တောင်ညို၊ နေပြည်တော်။
(ဖုန်း ၀၃၁-၇၄၂၇၄)

(ဂ) အမှတ်(၁)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရဲမွန်၊ ရန်ကုန်မြို့။
(ဖုန်း ၀၃၁-၃၀၄၀၁၊ ၀၉-၆၉၁၇၅၅၅၇)

(ဃ) အမှတ်(၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မန္တလေးမြို့။ (ဖုန်း ၀၃၂-၃၃၁၆၀၊ ၀၉-၆၉၄၀၄၂၇၀၄)

(င) အမှတ်(၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြစ်ကြီးနားမြို့။ (ဖုန်း ၀၃၂-၄၀၀၀၅) ၀၉-၆၈၄၆၇၃၃၃၂)

(စ) အမှတ်(၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း လားရှိုးမြို့။ (ဖုန်း ၀၃၂-၃၆၁၀၀၊ ၀၉-၆၉၁၂၄၉၉၁၂၃)

(ဆ) အမှတ်(၅) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ကြီးမြို့။ (ဖုန်း ၀၃၄-၃၂၁၁၆၊ ၀၉-၆၉၇၂၈၇၈၅)

(ဇ) အမှတ်(၆) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ခေါင်းဆုံ၊ မော်လမြိုင်မြို့။
(ဖုန်း ၀၉-၃၉၁၀၆၅၅၁၊ ၀၉-၆၇စ၉၂၆၁၀၀)

(စျ) အမှတ်(၇) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ပုသိမ်မြို့။ (ဖုန်း ၀၃၁-၂၁၁၂၀၊ ၀၉-၆၇စ၆၅၂၀၀၆)

(ည) အမှတ်(၈) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း အမ်းမြို့။ (ဖုန်း ၀၄၃-၂၂၀၃၀၊ ၀၉-၆စ၆၃၃၉၆၀စ၇)

(ဋ) အမှတ်(၉) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မုံရွာမြို့။ (ဖုန်း ၀၃၃-၇၂၄၄၄၉၊ ၀၉-၆၉၃၂၄၂၄၆စ၁)

(ဌ) အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ငူမြို့။ (ဖုန်း ၀၃၂-၃၃၁၂၂၅) ၀၉-၆၇စ၈၄၂၁၁)

(ဍ) အမှတ်(၁၁) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ကျိုင်းတုံမြို့။ (ဖုန်း ၀၃၄-၃၃၁-၃၃၁၀၊ ၀၉-၆၉၅၇၅စ၁၄၉)

(ဎ) အမှတ်(၁၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြိတ်မြို့။ (ဖုန်း ၀၅၉-၄၁စ၇၈၊ ၀၉-၄၀၁၅၅၄၄၂)

(ဏ) အမှတ်(၁၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရွှာတော်၊ နေပြည်တော်။
(ဖုန်း ၀၃၂-၃၀၃၅၃၁၊ ၀၉-၆၉၁၃စ၄၄၀၀)

(တ) အမှတ်(၁၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ခိုလမ်မြို့။ (ဖုန်း ၀၃၄-၃စ၆၆၆၊ ၀၉-၉၅၉၃၉၄၃၀၁)

၆။ လျှောက်လွှာများကို ၄-၉-၂၀၂၃ ရက်မှ ၆-၁၀-၂၀၂၃ ရက်အတွင်း အထက်ဖော်ပြပါတပ်များတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ ရပ်ကွက်/မြို့နယ် ရဲစခန်းတို့မှ ထောက်ခံစာမူရင်းမိဘများ၏ သဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၈။ ပရောမလုတ္တေ့အရည်အချင်းစစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(တောင်ညို) နေပြည်တော်တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၉။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား (မော်တီ) ရန်ကုန်(ဖုန်း ၀၃၁-၆၀၂၇၈) မြဝတီရုပ်မြင်သံကြား(တောင်ညို) နေပြည်တော်(ဖုန်း ၀၃၁-၇၄၂၇၄၊ ၀၉-၂၅၄၃၅၆၉ဝ) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြို့မရပ်ကွက်ကွင်း/ကွင်းအမှတ်နှင့်အမည်(-၆/မြို့မ)ဦးပိုင်/မြေကွက်အမှတ်(၅၈-ခ)ဧရိယာ(၀. ၀၃၇) ဧကအား လွန်ခဲ့သောနှစ်ပေါင်း (၃၀)နှစ်ခန့်ကတည်းက ကျွန်တော် ဦးပြည့်ဖြိုးအောင် (၉/စကတ(နိုင်)၀၆စ၃၅၃) ပါ (၂)ဦးမှ နေထိုင်ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါမြေဧရိယာ(၀. ၀၃၇)ဧကအား လူနေအိမ်မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေဌားဂရန်(အသစ်)လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသည်ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက မြေဌားဂရန် ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးပြည့်ဖြိုးအောင် — ၉/စကတ(နိုင်)၀၆စ၃၅၃
ဒေါ်ခင်ဆွေဆက် — ၉/စကတ(နိုင်)၀၆စ၁၄၂

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊အထက်ညောင်ရွှေကျောင်းမှ Grade-12 တွင် ပညာသင်ကြားနေသော မောင်လှမျိုးသန့် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစောလှအောင် ဖြစ်ပါကြောင်း။
ဦးစောလှအောင်(၉/တတဥ(နိုင်)၁၃၇စ၈၆)

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊အထက်ညောင်ရွှေကျောင်းမှ Grade-12 တွင် ပညာသင်ကြားနေသော မောင်ခန့်ညားအောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစန်းမင်းလှိုင် ဖြစ်ပါကြောင်း။ ဦးစန်းမင်းလှိုင် (၉/ကဆန(နိုင်)၁၀စ၃၅စ)

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-2 တွင် ပညာသင်ကြားနေသော (ဘ)ဦးမိုးသက်ဟန် ၏သား မောင်ဇေယျာဘုန်းထက် အား မောင်ရဲဘုန်းပြည့်အောင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ရဲဘုန်းပြည့်အောင်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊အထက်မင်းစုကျောင်းမှ Grade-7 တွင် ပညာသင်ကြားနေသော မောင်နေဝင်းအောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်အောင် ဖြစ်ပါကြောင်း။
ဦးအောင်အောင်(၉/မရတ(နိုင်)၁၂၉၇၁၅)

တစ်ဦးတည်းဖြစ်ပါကြောင်း

မတ္တရာမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ကံပိုင်)တွင် ဒုတိယအလယ်တန်းပြဘာဝန်ထမ်းဆောင်နေသော ဒေါ်ယဉ်ယဉ်မွန် ၏ဖခင်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်နှင့်အမှုထမ်းစာအုပ်ပါ ဦးမောင်ကို နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးကိုကို သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမောင်ကို(၁)ဦးကိုကို(၉/မတရ(နိုင်)၀၁၇၄၇၃)

မိဘအမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဇင်မျိုးအောင် ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအိုက်မောင်-ဒေါ်ခင်နှင်းစံ ဖြစ်ပါကြောင်း။
ဦးအိုက်မောင်(၁/မည(နိုင်)၀၄၃၉၀၇)
ဒေါ်ခင်နှင်းစံ(၁/မည(နိုင်)၀၈၀၅၆၁)

စာအုပ် စာပေ လူ့မိတ်ဆွေ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ရန်

ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"

ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

သဘာဝအာဟာရမှီ အရသာထူး
ဒီတရုတ်ကြည်နူး ...

ရွှေဖီဦး

FDA ထောက်ခံချက်အမှတ် - ၈၄ / ၁၄၀၉၁ / ၀၈၈

သဘာဝလက်ဖက်အချိုခြောက်စစ်စစ်ကို အသုံးပြုထားကြောင်း အာမခံပါသည်။

Black Tea

ရွှေဖီဦးBLACK TEA(နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) ရရှိထားသူများနှင့် မြေခွန်ပြေစာဖြင့် ကိုင်းမြေလုပ်ကိုင်နေသူများအား သိရှိနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ၏ အသိပေးကြေညာချက်

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development Ltd. တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှ လျှော့ချနိုင်ရေးတို့အတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ စီမံကိန်း၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ဧရိယာနယ်နိမိတ်သတ်မှတ်ချက်နှင့် စီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့် သက်ဆိုင်ခြင်းမရှိသော လုပ်ငန်းများဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ စီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေလုပ်ပိုင်ခွင့် (ပုံစံ-၇)ရရှိသူများနှင့် မြေခွန်ပြေစာဖြင့် ကိုင်းမြေလုပ်ကိုင်သူများ ထံမှ ၂၀၂၃ ခုနှစ်၊ ဇွန်လအထိ ကာလပေါက်ဈေးညှိနှိုင်းပြီး စီမံကိန်းက ဝယ်ယူပြီးစီးခဲ့သည်မှာ စီမံကိန်းဧရိယာ၏ (၇၀%)ခန့်ရှိပြီ ဖြစ်ပါသည်။

၄။ ယခုအခါတွင် စီမံကိန်းအချိန်မီပြီးစီးပြီး အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်စေရန်နှင့် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်အတွက် စီမံကိန်းသို့ရောင်းချရန် ကျန်ရှိနေသော စီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေလုပ်ပိုင်ခွင့် (ပုံစံ-၇)ရရှိထားသူများ၊ မြေခွန်ပြေစာဖြင့် ကိုင်းမြေလုပ်ကိုင်သူများအနေဖြင့် မိမိတို့ကိုင်းမြေလုပ်ကိုင်ခွင့်များအား စီမံကိန်းသို့ သတ်မှတ်ကာလပေါက်ဈေး ငွေကြေးဖြင့် ရောင်းချခြင်းဖြင့်သော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း မြို့မြေကွက်များနှင့် လဲလှယ်ခြင်းဖြင့်သော်လည်းကောင်း အသိပေးကြေညာသည့် (၁၅-၉-၂၀၂၃)ရက်နေ့မှ **ရက်ပေါင်း (၆၀)အတွင်း** ဆက်သွယ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားကြေညာအပ်ပါသည်။

၅။ ရက်ပေါင်း (၆၀)ကျော်လွန်ပြီးပါက ရောင်းချ/လဲလှယ်ရန် ကျန်ရှိသူများ၏ ကိုင်းမြေလုပ်ကိုင်ခွင့်အမျိုးအစားအလိုက် စီမံခန့်ခွဲမှုကိစ္စရပ်များကို **အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**၏ စီမံခန့်ခွဲမှုဖြင့်သာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး
အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ

ဆက်သွယ်ရန်
- အတွင်းရေးမှူး၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၄၃၁၄၆၃၃၇)
- အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၉၆၉၉၉၈၈၀၁၁)

ဝန်ထမ်းအလိုရှိသည်

ဂိုဒေါင်အကြီးတန်းစာရေး ကျား (၁)ဦး အလိုရှိသည်
၁။ အသက် ၃၀ မှ ၄၅ အတွင်း။
၂။ မန္တလေးစက်မှုဇုန် (၁)(၂)တွင်နေထိုင်သူ ဦးစားပေးမည်။
၃။ ကုန်ပစ္စည်းစာရင်းများ ပြုစုမှတ်သားတင်ပြနိုင်ရမည်။
၄။ အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းမည်။
ဆက်သွယ်ရန်/
Green Farm Development Co.,Ltd
85 လမ်း၊ 31×32 ကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
09-788088006 (ရုံးချိန်အတွင်း)

အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးတင်ထွေး (၁၃/ကမန(နိုင်)၁၁၁၆၅၅)၏ သား မောင်စိုင်းဝဏ္ဏမိုးအောင် ၏အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မောင်ဝဏ္ဏမိုးအောင် ဖြစ်ပါကြောင်း။
မောင်ဝဏ္ဏမိုးအောင်(၁၃/ကမန(နိုင်)၁၅၄၉၄၃)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ အေးဇရပ်၊ သပြေခြံရပ်ကွက်နေ ဦးသိန်းစိုး(ခ)ဦးဖိုးတုတ်-ဒေါ်ခင်မာဆွေ တို့၏သား **မောင်တင်မျိုးစော် (၉/ခမစ(နိုင်)၂၂၀၃၄၅)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်ုပ်တို့မိသားစုနှင့် လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးသိန်းစိုး(ခ)ဦးဖိုးတုတ်(၉/မနတ(နိုင်)၀၉၂၅၃၃)
ဒေါ်ခင်မာဆွေ(၉/မနတ(နိုင်)၀၉၂၅၃၆)

စာအုပ်စာပေ လွှမ်းမိတ်ဆွေ

ပျောက်ဆုံးကြောင်း

မြင်းခြံမြို့ အမှတ်(၂) ရပ်ကွက်နေ ကိုဇော်ဝင်းသန့် (ဘ) ဦးမင်းဇော် (၉/မခန(နိုင်)၁၉၆၀၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-720366) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၉၉၄၅၅၂၂

မွေးသက္ကရာဇ်အမှန်

မန္တလေး၊မဟာအောင်မြေမြို့နယ်၊ မြန်မာပညာအကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မသင်းသင်းနွယ် (ဘ) ဦးတုံပေါက်ရင် ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၄-၄-၂၀၁၀ ဖြစ်ပါကြောင်း။
၄-၄-၂၀၁၀

ကြိုတင်
ကာကွယ်
မီး
အန္တရာယ်

❖ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ်...

❖ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင်မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကိုတည်ဆောက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်ဧပြီ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၀ါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူ့လူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူ့အားလုံးအကျုံးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုသုတတိုးတက်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

မြားပစ်အားကစားသမားများ လက်ရည်ဆန်းစစ်ခြင်းမြားပစ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြားပစ်အားကစားနည်းအောင်မြင်မှုရရှိစေရန်၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)မှ လက်ရွေးစင်မြားပစ်အားကစားသမားများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)မှ လူငယ်မျိုးဆက်သစ်မြားပစ်အားကစားသမားများကို ပြိုင်ပွဲအတွေ့အကြုံများရရှိစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြားပစ်အားကစားသမားများလက်ရည်ဆန်းစစ်ခြင်းမြားပစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်နှင့် ယနေ့တို့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး (Recurve) တတိယလုပွဲနှင့် အမျိုးသား၊ အမျိုးသမီး(Compound) တတိယလုပွဲများ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

အကြမ်းဖက်မှုပယောက်ရေးအတွက် ဖြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ပထမအကြိမ် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ပြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်

စာမျက်နှာ - ၁၉

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ - ၂၁